www.burmeseclassic.com

ဟာသလုံးချင်းဝတ္ထုသစ်

# အချော့ကော် ချစ်မှာပဲ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com


စီစဉ်သူ

မောင်သွေးရင့်

| | |
|---|---|
| မျက်နှာဖုံးသရုပ်ဖော် | ကာတွန်းမောင်မောင်ညွှက် |
| ဒီဇိုင်း | အောင်မျိုး (Rays) |
| မျက်နှာဖုံးဖလင် | Eagle |
| အတွင်းဖလင် | ထက်အာကာကျော် |
| ကွန်ပျူတာ | DEEP BLUE |
| စာအုပ်ချုပ် | မချို |
| ထုတ်ဝေသည့်ကာလ | ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ |
| တန်ဖိုး | (၁၀၀၀) ကျပ် |

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၈၀၁၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၁၉၀၆၀၉ .. အရ ဦးဝင်းမင်းကို၊ တော်ဝင်ကျောက်စိမ်းပုံနှိပ်တိုက် (၀၇၀၉၅)၊ အမှတ် (၁၁၇)၊ လမ်း ၄၀ (အလယ်)၊ ကျောက်တံတားမြို့နယ်တွင် မျက်နှာဖုံးပုံနှိပ်၍ ဦးရဲမြင့်၊ ချမ်းသာပုံနှိပ်တိုက် (၀၆၁၀၃)၊ အမှတ် (၅၃)၊ (၅၅) လမ်း၊ ရန်ကုန်မြို့မှ အတွင်းစာသားရိုက်နှိပ်ပြီး ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ (၀၉၁၀)၊ အမှတ် (၁၀၁)၊ (၃၃) လမ်း၊ ရန်ကုန်မြို့မှ ပထမအကြိမ်၊ အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

ဖြန့်ချိရေး

ဆောင်းစာဆ

ကိုက် (၂၇)၊ အခန်း (၄-F)၊ ၅၅ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၀၉၅၂၉၊


BURMESE CLASSIC .com

ဝါသနာစာပေ စာစဉ် (၁၁)

# အာဇေချာ့ဇော်

# ချစ်မှာပဲ

(ဟာသလုံးချင်းဝတ္ထုသစ်)


ဝါသနာစာပေ

အခန်း (၂)၊ ဗိုလ်တထောင် အထက (၆)၊ ဂျီအိုးစီ
ဗိုလ်အောင်ကျော်လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၁-၃၇၀၃၇၇၊ ၃၇၀၃၇၈၊ ၇၇၀၃၇၉


www.burmeseclassic.com

www.burmeseclassic.com

*   *   *

ရယ်သောသူ အသက်ရှည်ပါသတဲ့။

ကျွန်တော်ကတော့...

"ရယ်သောသူ အပြုံးမည်" ဟူသော ခေါင်းစဉ်ဖြင့် လက်ကိုင်ထား၍ ဟာသဝတ္ထုများကို ရေးဖွဲ့ပါသည်။

အပြုံရှင်း အသက်ရှည်နိုင်ကြပါစေ။

အာချာဇော် ဟူသည် ရယ်မောလိုသူ၊ အချောကြိုက်သူများ အတွက်သာဖြစ်ပါ၏။

အာချာဇော်

*   *   *

BURMESE CLASSIC .com

《၁》

မင်းစိုး၏မျက်လုံးများက ဆုံမှတ်တစ်ခုမှာ ရပ်တန့်သွားသည်။

သူ့ဆုံမှတ်ကို သေချာကြည့်မိသည်။

သူ့လို မျက်လုံးတစ်စုံပဲ။

ဒါပေမဲ့. .

ထိုဆုံမှတ်မျက်လုံးက သူ့မျက်လုံးများနှင့် အများကြီးခြားနား၏။

သူက မျက်ပေါက်ကျဉ်းကျဉ်း၊ မျက်လုံးမှေးမှေးရယ်။

ပြူးပြဲကြည့်မှ လက်မဝက် မပြည့်ချင်။

မျက်လုံးက လိုအပ်ချက် အရည်အသွေး မပြည့်မီသော်လည်း လူကတော့ ပေမမီဒေါက်မမီဖြစ်နေရသည်တစ်ပုံ။

သူ့ကို လူဗလံလေးဟု သမုတ်ကြ၏။

လူသာ ဗလံသာ။ ထမင်းစားလျှင်တော့ သုံးလေးပန်းကန် အသာလေးကုန်သည်။

သူ ထမင်းစားတာကိုကြည့်၍ သူ့အမေက ပြောဖူးသည်။

"ငါ့သားစားတဲ့ထမင်းနဲ့ ဗိုက်နဲ့မမျှ။ ပိုလျှံထမင်းတွေ ဘယ်နေရာများ သွားထားလေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ယူတလည်း အတည်ပေါက် ပြန်ပြောလိမ့်မည်။

"သားပိုက်ရဲ့ အစာချက်စနစ်က ခုဝင်ခုချက် အောင်ကိုင်နုပ် အေတရဲ့။ ပင်လာတာနဲ့ ချက်ချင်းချက်ပစ်တာကိုတော့ စားသလောက် ဝင်တယ်။ အဂေ ပယုံရင် နောက်ထပ်တစ်ပန်းကန်ထည့်ပေးကြည့်လေ"

"ယုံပါတယ်တော်. . ယုံပါတယ်တော်"

ဟယုံလို့လည်း မဖြစ်တော့။ မယုံလျှင် နောက်ထပ် ထမင်းတစ်ပန်းကန်ထပ်ကုန်ဦးမည်။ ဟင်းပါ အဆစ်လိုက်နေရဦးမည်။

မင်းစိုးက အဲဒီလိုလူစား။

မင်းစိုးဆိုတာလား. . ။

တခါ သငယ်ချင်းများကလည်း သူ့ကို အညာသားဟုခေါ်ကြ၏။

တကယ်လည်း အညာသား။ အသားက ညိုသကိုး။

ရန်ကုန်-မန္တလေးရထားလမ်းပေါ်က ရမည်းသင်းမြို့နယ် ရမည်းသင်းမြို့နယ် ကျီစုကျေးရွာမှာ ချက်မြှုပ်သည်။

သူ့ချက်က ကျီစုရွာမှာမြှုပ်သော်လည်း သူက ရွာမှာမနေ။

ရန်ကုန်မြို့မှာပျော်သည်။ ကံအားလျော်စွာ ရန်ကုန်မြို့မှာ သူ့ဦးလေးရှိသည်။ သူ့ဦးလေးရှိရာ ရန်ကုန်မြို့မှာလာနေသည်။

ရန်ကုန်မှာကျောင်းတက်သည်။ ဆယ်တန်းစာမေးပွဲကိုတော့ ရမည်းသင်းမှာ ဖြေဆိုအောင်မြင်ခဲ့သည်။

ဆယ်တန်းဖြေပြီးကတည်းက ရန်ကုန်ရှိ ဦးလေးထံ လာနေ၏။

ယခု သန်လျင်အရှေ့ပိုင်းတက္ကသိုလ်မှာ ပထမနှစ်စတက်နေပြီ။

ရန်ကုန်မြို့တွင်းမှ သူကျောင်းသွားလျှင် လိုင်းကားနှင့်သွား၏။

ယောက်ျားလေးဆိုတော့လည်း ကြုံသလိုသွားသည်။

အခုပဲ ကျောင်းသွားဖို့ ဘတ်စ်ကားကို စောင့်နေရင်း ဆုံမှတ်လေးတစ်ခုကို သူ ဆုံမိခြင်းဖြစ်၏။





မျက်ဝန်းလဲ့ပြာပြာလေး။ သမင်မျက်လုံးလေးပါလား။

မှိုးမှိုးသမင်မဟုတ်။

ရှပ်သမင်. . ရွှေသမင်မျက်လုံးမျိုးပင် ဖြစ်ချိမ့်မည်။

မျက်တောင်လေးများက ကော့နေ၏။

မျက်လုံးလေးများက မပြူးတပြူး ထူးထူးလေးရယ်။

ထိုမျက်လုံးတစ်စုံနှင့် သူဆုံမိခြင်းဖြစ်သည်။

မျက်လုံးလေးက သူ့ကို စူးရှစွာကြည့်သည်။

ပြီး. . မျက်လွှာချသွားသည်။

မင်းစိုး မျက်လုံးများလား. .

ဟင့်အင်း. .

မျက်လွှာချဖို့ မျက်လုံးအကြည့်လွှဲဖို့ မေ့နေ၏။ မျက်ပေါက်ကျဉ်းကျဉ်းကို အတင်းဖြဲထားသည်။ စူးရှသော မျက်လုံးလေးများနှင့် ကြည့်နေဖြစ်သည်မှာ ခေါ်တောဆိုသူမြင်လျှင်. .

"ဟိုက်. . ငါရှုံးပဟ"

ဟု မှတ်ချက်ပြုသွားရပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ်. .

မင်းစိုး အသက်ရှူဖို့ မေ့နေသည်။

အကြည့်ကို လျှော့မချ။ ဖြစ်နိုင်လျှင် ပါဂါတောင် တိုးလိုက်ချင်သည်။ တစ်ထောင့်ငါးရာအားမှ လေးထောင့်ငါးရာအားထိ တိုးပစ်လိုက်ချင်သည်။

မိန်းကလေး. .

သူ့ ရှက်သွေးဖြာလေပြီ. . ။

နောက်တစ်ချက် မျက်လွှာပင့်လို့ကြည့်မိတော့ ခုနမျက်လုံးကြီးနှစ်လုံးက ပိုပြူးနေသည်ကို မြင်ရပြီဆိုတော့ မရှက်ဘဲမနေနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သူမရှက်. . ၊ အကြည့်ခံရသူ ရှက်ပြီလေး

တော်သေး၏။

ကားတစ်စီးထိုးဆိုက်လာသည်။ Hino BM ကားဝါလေး။ သူမတို့ ကျောင်းကြိုပို့ ဖယ်ရီကား။

သူမခြေလှမ်းများက ကားပေါ် လှမ်းလိုက်သည်။

ဟင်. . သူမ၏နောက်က အရိပ်တစ်ခု ပါလာသည်ပဲ။

ကားပေါ် ရောက်တော့ အသာတိမ်းငဲ့ကြည့်မိသည်။

'သူ' ပါလား။

ပြဿနာ။

သည်ကားသည် သူနှင့်လားလားမှမဆိုင်။

ဒါ ယမင်းတို့၏ ဖယ်ရီကားပဲ။

ယမင်းက သူ့နေရာဖြစ်သော နောက်ဘက်နားက ထိုင်ခုံမှာ သွားထိုင်သည်။

မင်းစိုးက အလယ်နားက လွတ်နေသောခုံမှာ ဝင်ထိုင်သည်။

ကားပေါ်မှာ လူမပြည့်သေး။ ခုံလွတ်တွေ ရှိသေးသည်။

မင်းစိုးတက်လိုက်လာသည့်အတွက် ကားပေါ်ဖါနှင့်သူများက ထူးသော်လည်း မဆန်းသဖြင့် ဘာမှမပြော။

သည်လိုပဲ ကိုယ်နှင့်နီးစပ်ရာ၊ နွယ်ရာ သူငယ်ချင်းများက ကားပေါ် တက်လိုက်လာတတ်ကြသည်ပဲလေ။

မင်းစိုးက ကားလယ်မှာထိုင်ရင်း ကားနောက်က ယမင်းကို လှည့်ကြည့်သည်။

ယမင်းကတော့ မျက်လုံးပြူးနေပြီ။

သမင်မျက်လုံးပြူး ဖြစ်ချေပြီတစ်မုံ။

မင်းစိုးကတော့ ထုံးစံအတိုင်း လေးထောင့်ငါးရာ ပါဝါအား





အပြည့်။

ကားက မှတ်တိုင်တစ်ခုမှာ ထိုးရပ်၏။

ကောင်မလေးတစ်ယောက် တက်လာသည်။

မင်းစိုး ထိုင်နေရာရှေ့မှာ လာရပ်သည်။

မင်းစိုးကို ကြည့်သည်။

မင်းစိုးက မော့ကြည့်သည်။ ကောင်မလေးက ကြည့်နေတာမြင်တော့ မင်းစိုးပြုံးပြသည်။

ကောင်မလေးက ပခုံးတွန့်ပြ၏။

မင်းစိုးလည်း ပခုံးတွန့်ပြသည်။

ကောင်မလေးက မေးဆတ်ပြ၏။

ဗုဒ္ဓေါ. . ။

သူ့ကို ဖယ်ခိုင်း၊ ထခိုင်းနေခြင်းပါလား။

မင်းစိုး သွားဖြဲပြရင်း ထပေးလိုက်သည်။ သူထိုင်ထားသည့်ခုံကိုလည်း လွယ်အိတ်ဖြင့် ခါပေးလိုက်သေးသည်။

ကောင်မလေးက သူ့ကို မျက်စောင်းထိုးပြီး ဝင်ထိုင်၏။

မင်းစိုးက ကောင်မလေးကို တာ့တာလုပ်ပြပြီး နောက်ခုံလွတ်မှာ သွားထိုင်ပြန်၏။

သမင်မျက်ပြူးလေးကတော့ ဘာသိဘာသာ။ မှင်အပြည့်၊ ဂိုက်အပြည့်ဖြင့် စာအုပ်တစ်အုပ်ကို ထုတ်ဖတ်နေသည်။

ယမင်း စာအုပ်ထုတ်ဖတ်သော်လည်း စာအုပ်ထဲမှာ အာရုံမရှိ။ ဂိုက်ပေးချင်၍သာ စာအုပ်ထုတ်ဖတ်ချင်ယောင် ဆောင်နေခြင်းဖြစ်၏။

စိတ်ကတော့ သူ့ဆီမှာ. . ။

ကိုခေါ်တောရဲ့အစ်ကို မင်းစိုးဆီ ရောက်နေ၏။

ယမင်း သူ့ကို ယခင်က မမြင်ဖူးခဲ့။ ယမင်း သည်နေရာကနေ



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရိုစောင့်စီးနေခဲ့တာကြာပြီ။

သူ့ကို ယမင်း သည်ကနေ့မှ စမြင်ရခြင်းဖြစ်၏။ သူ့ပုံစံအရတော့ ကျောင်းတက်နေသူတစ်ဦးဖြစ်သည်မှာ သေချာလှသည်။

ကြည့်ပါဦး. . ။

လည်ကတုံးရှပ်အင်္ကျီအဖြူလက်ရှည်ကို လက်ကြယ်သီးများတပ်ထားသည်။ လည်ပင်းက ရွှေကြယ်သီးကိုလည်း တပ်ထားသေးသည်။

အစိမ်းရောင်မှာ အဖြူရောင်ပုလဲပေါက်လုံချည်နှင့်ဆိုတော့ ဘာပဲဖြစ်ဖြစ် လူရိုးနိုင်သည်။

လွယ်အိတ်ကလည်း သူနှင့်ကြီးနေတော့ ခပ်ကြီးကြီးထုံးထားသေးသည်။

လွယ်အိတ်ထဲမှာကလည်း စာအုပ်များသာမက ဗိုင်ထူထူကြီးကလည်း ပါသေးတော့ အထင်မကြီးဘဲကိုမနေနိုင်၊

ကားက တစ်နေရာမှာ ရပ်ပြန်သည်။

ကောင်မလေးနှစ်ယောက် တက်လာပြန်၏။ တစ်ယောက်က တစ်ခုံမှာ သွားထိုင်သည်။

တစ်ယောက်က မင်းစိုးရှေ့မှာ လာရပ်သည်။

မင်းစိုး မော့ကြည့်သည်။

ကောင်မလေး မျက်လုံးက စကားပြောလေပြီ။ ဖယ်ပေါ့။

မင်းစိုး ချက်ချင်းခေါင်းညိတ်ပြသည်။ တပေးလိုက်သည်။

မင်းစိုး နောက်ရောက်သွားပြီ။

ယမင်းအနီး ရောက်သွားပြီ။ ယမင်းကတော့ မှင်အပြည့်။ စာအုပ်ကြီးလှန်လို့။

ယမင်းဘေးမှာ တစ်နေရာလွတ်နေသေးသည်။ ထိုနေရာကို မင်းစိုးမျက်စောင်းထိုးနေပြီ။





နေရာပိုင်ရှင် တက်လာဦးမည်ဆိုတာတော့ သိ၏။ ခဏထိုင်ရလည်း နည်းလားဟုတွေးရင်း ယမင်းကိုကြည့်သည်။ ယမင်းကမော့ကြည့်တော့ မေးလေးဆတ်ပြလိုက်သည်။

ဟိုဘက်တိုးပေါ့။

ယမင်းက တစ်ချက်မဲ့လိုက်ပြီး စာအုပ်ကိုပိတ်၍ ဟိုဘက်ရွှေ့ပေးလိုက်သည်။

မင်းစိုး ဝင်ထိုင်ရင်း ယမင်းလက်က စာအုပ်ကို သတိထားမိလိုက်သည်။

မင်းစိုး မျက်လုံးပြူးသွား၏။ ယမင်းလက်ထဲမှ စာအုပ်က ဇောက်တိုးကြီး။

မင်းစိုးက ပခုံးတွန့်၍ မဲ့ပြရင်း ယမင်းအား စာအုပ်ကို မျက်စပစ်ပြလိုက်မိ၏။

ယမင်းက စာအုပ်ကို ငုံ့ကြည့်သည်။ မှင်မပျက် ပြန်ပြော၏။

"သိသားပဲ။ စာဇောက်ထိုးဖတ် လေ့ကျင့်နေတာ"

မင်းစိုး ပခုံးတွန့်လိုက်မိ၏။ ယမင်းကတော့ မထူးတော့ပြီမို့ စာအုပ်ဇောက်ထိုးကြီးအတိုင်း လှန်လှောကြည့်နေ၏။

ကိုင်း. . ဘာပြောမလဲ။

ဘာမှ ပြောမဖြစ်။ မင်းစိုး ပခုံးတွန့်ရင်း၊ မဲ့ရင်းသာ ငြိမ်လိုက်ခဲ့ရတော့၏။

သိပ်မကြာ. . ။

ကားက သာကေတ ၄၉ ကားဂိတ်မှာရပ်ပြန်သည်။ သည်တစ်ခါတက်လာသူကလည်း ကောင်မလေးတစ်ယောက်။

သူကတော့ ထူးခြားသည်။

သူ့အလှက တစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးပေါက်လေးက မင်းစိုးနှင့်မောင်နှမဆို ယုံကြမည်။

ပိန်ကပ်ကပ်၊ ခါးကိုင်းကိုင်းလေးမှာ သွားနည်းနည်းခေါနေ၏။

အသားကလည်း မင်းစိုးနှင့် ဘာတူမှာတုံး။ တစ်ရွာတည်းထွက်ဆို ယုံကြရမည်သာ။

သည်တစ်ခါတော့ မင်းစိုးပါးသွားပြီ။ ဦးစွာထလိုက်၏။

သူမက မင်းစိုးကို တစ်ချက်ကြည့်ပြီး ပြုံးပြသည်။

ပြုံးဟာကနောက် သွားတွေကအရင်ရှေ့ထွက်လာတော့ မင်းစိုး စိတ်ညစ်သွား၏။ သူမက မင်းစိုးကို ကြင်နာစွာစကားတစ်ခွန်းပြော၏။

"အစ်ကို ထိုင်လေ"

မင်းစိုးကလည်း မကြင်နာစွာ တုံ့ပြန်သည်။

"ထိုင်ဘူး"

သူမက မရ။ သဘောကောင်းသည်၊ မင်းစိုးကို ကြင်နာမျက်ဝန်းများဖြင့်ကြည့်ရင်း ထိုင်ခိုင်းသည်။

"အစ်ကိုထိုင်"

"ထိုင်ဘူး"

"ထိုင်ပါ အစ်ကိုရဲ့"

"ထိုင်ဘူးဆို"

"အစ်ကို ညောင်းမှာပေါ့"

"ညောင်းဘူး"

"ထိုင်ပါဆို"

"ထိုင်ပါဘူးဆို"

နောက်ဘက်က "ထိုင်ပါ" "ထိုင်ဘူး" အသံများကြောင့် ကားပေါ်က မျက်လုံးများ စုပြုံကြည့်ကြသည်။

ခိုးခိုးခစ်ခစ်အသံများကြားမှ တီးတိုးသံကလေးများပါ ပျံ့လွင့်လာ၏။

"အကြင်နာရပ်ဝန်းလေးပေးနေတာတောင် ရှေ့ကိုယ်တော်က ငြင်းနေသေးတယ်"

"အေးလေဟာ. . ။ တော်ရုံမေတ္တာနဲ့ ဒီလိုနေရာပေးထိုင်ပါ့မလားဆိုတာ တွေးသင့်တယ်။ အားနာသင့်တယ်"

အမျိုးမျိုးပြောသံများကြောင့် မင်းစိုးဇက်လေးပုထားမိတော့၏။

ရှေ့ပိန်တာမကတော့ မင်းစိုးမထိုင်သဖြင့် မျက်လုံးထောင့်ကပ်ကြည့်ရင်း သူ့ဟာသူဝင်ထိုင်တော့သည်။

ယမင်းကတော့ နှုတ်ခမ်းလေးကိုဖိကိုက်ရင်း ပြုံးဘရိတ်စုံကိုနင်းထားသည်။ သို့သော်မင့် ဘရိတ်က သိပ်မမိချင်။ ဘရိတ်ပေါက်ချင်ချင်ဖြစ်နေ၏။

အပြုံးစတွေပေါ်နေ၏။ အသံမထွက်ရုံတစ်မယ်ကျန်တော့၏။

မင်းစိုးကတော့ ကားနောက်ဘက်မှာ မိုးတိုးမတ်တတ် ရပ်လိုက်လာရ၏။

မင်းစိုးမျက်လုံးမှိတ်ထားမိသည်။ အပေါ်တန်းကို လက်တစ်ဖက်ကကိုင်ရင်း တစ်ဖက်က လွတ်အိတ်ကိုပွေ့ပိုက်ထားလိုက်သည်။

သန်လျင်တံတားပေါ်ရောက်တော့ ပြဿနာတစ်ရပ်ကြုံရ၏။ ရှေ့က ကားတစ်စီးပျက်နေသဖြင့် ကားတွေတစ်သီကြီး ရပ်စောင့်နေကြရသည်။

မင်းစိုးလည်း ခေါင်းကိုတဗျင်းဗျင်းကုတ်ရင်း ညည်းလိုက်မိ၏။

"ဒုက္ခပါပဲ။ လိုက်လာမိတာ မှားပြီ"

"မမှားပါဘူး။ မှန်ပါတယ်။ နောက်နေ့တွေလည်း လိုက်ခဲ့လေ"

"အယ်. . "

မင်းစိုး အယ်ခနဲ အော်မိ၏။




www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါဦး. . ။

ဒေါ်ရွှေပိန်က သူ့ကိုကြင်နာစွာကြည့်ရင်း ပြောနေပြန်ပြီကော။

မင်းစိုးက သူမကိုမျက်စောင်းထိုး၍ ပြန်ပြောမိသည်။

"နေစမ်းပါဗျာ။ စိတ်ညစ်ရတဲ့အထဲ"

"မိဟ်မညစ်နဲ့။ စိတ်ညစ်ရင် လိပ်ဖြစ်တတ်တယ်"

ကားအလယ်လောက်က ဘယ်သူပြောလိုက်သည်မသိ။ တခစ်ခစ်အသံတွေလည်း ညံသွားသည်။

မင်းစိုးကတော့ တကယ်ကို လိပ်ဖြစ်နေခဲ့ပြီ။ ကားပေါ်မှာ သူတစ်ယောက်တည်း ယောကျ်ားလေးပါသည်။ အကုန်လုံး မိန်းကလေးများချည်း။

မင်းစိုးကား တကယ့်စူပါတို့ချည်းပါသောကားကိုမှ စီးခဲ့မိပြီ။

တက်စီးတုန်းကတော့ ဘာရယ်မဟုတ်။ ငမ်းကြောမိပြီး တက်ခဲ့မိခြင်းပျသာ။ စိတ်ထဲက ဘာကားမှန်းတောင် သတိမထားလိုက်မိ။

သူတက် ကိုယ်တက် တက်ခဲ့မိခြင်းပင်။ ယခုမှပင် သဘောပေါက်တော့၏။

သူကား ရွှေသမင်များအလယ်မှာ ပက်လက်လန်နေသည့် လိပ်လေးတစ်ကောင်သို့ပါကလား။

, တော်သေးသည်။

ကားက သိပ်အကြာကြီးမစောင့်လိုက်ရ။ ငါးမိနစ်ခန့်သာ ကြာလိမ့်မည်။ ထိုငါးမိနစ်ကား မင်းစိုးအတွက်မူ ငါးကမ္ဘာသို့ထင်မိသတည်း။

ကြည့်ပါဦး. . ။

ငါးမိနစ်လေးအတွင်းမှာ ပေါက်ပေါက်ဖောက်သလို ပြောလိုက်ကြသည်မှာ သူ့ကို မထိခလုတ်ထိခလုတ်။

"ဇင်မာတို့များ ဘဲကင်သိပ်ကြိုက်တာ။ အကောင်လိုက်ကို တင်





လာတယ်"

"မွန်လေးကလည်း. . ။ ဘဲကိုသေချာကြည့်ဦး။ ပီကင်းဘဲမှမဟုတ်ဘဲ။ တောဘဲကြီးဟာ"

"ဟဲ့. . တောဘဲက ပိုချိုတာဟဲ့"

"နင်စားဖူးလို့လား"

"ကြားဖူးတာ"

"စားဖူးတယ်ရှိအောင် ကြုံတုန်းစားကြည့်ပါလား"

"ဟဲ့. . ကင်မှ မကင်ရသေးတာ"

"အစိမ်းစားမယ်ဟာ"

"မလုပ်ပါနဲ့ဟယ်။ ကြားမကောင်း၊ ကျော်မကောင်း"

"ကြော်မကောင်းပေမဲ့ ကင်ရင် ကောင်းမှာပါဟဲ့"

ပြောလိုက်ကြသည်များ ရေပက်မဝင်။ မင်းစိုး ခေါင်းမဖော်ဝံ့တော့။

နေရာတိုင်းတွင် ရွတ်တတ်နောက်တတ်သော မင်းစိုးတစ်ယောက် သည်ပွဲမှာတော့ ညစ်နေပြီ။

အများနှင့်တစ်ယောက်မဟုတ်လား။

သည်အထဲမှာ ယမင်းကလည်း တဟဲဟဲဖြစ်နေတော့ မင်းစိုးမနေတတ်။

ဒေါ်ရွှေပိန်ကလည်း တစ်မျောင့်။

ကျောင်းရောက်တော့ မင်းစိုး အပြေးဆင်းသည်။ ဒါတောင် ဒေါ်ရွှေပိန်က လှမ်းပြောဖြစ်အောင် ပြောသေးသည်ကော။

"နောက်နေ့တွေလည်း လိုက်စီးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှဖြစ်ရလေ မင်းစိုးရာ။ ကိုယ်တက်စီးခဲ့တဲ့ကား ဘာကား ဆိုတာ မင်းမသိဘူးလား"

"သိပါဘူးကွာ။ သူတက်လို့ ငါလည်း ယောင်ပြီး လိုက်တက်မိ လိုက်တာကွ။ ဟီး. ."

"မင်းငတိမလေးက ဘာမေဂျာလဲ၊ ဘယ်နှစ်လဲဆိုတာရော မင်းသိရဲ့လား"

"ဟင့်အင်း"

"ဒါက ပြဿနာမရှိပါဘူး။ ခြေရာကောက်ဖို့ လွယ်ပါတယ်။ သူ့ခြေရာကို မြင်ထားပြီးပြီပဲ"

"ဟင့်အင်း. . ခြေရာမြင်ဖို့နေနေသာသာ ဘာဖိနပ်စီးထားမှန်း တောင် မသိပါဘူးကွာ"

မင်းစိုးက ညောင်နာနာဖြင့်ပြောတော့ သူငယ်ချင်းတစ်သိုက် ဝါးခနဲရယ်ကြသည်။ မင်းသူက မင်းစိုးအား သနားစရာသတ္တဝါလေး နှယ် ကြည့်ရင်း ရှင်းပြ၏။

"ဟကောင်ရ. . ခြေရာမြင်တယ်ဆိုတာ သူ့ခြေထောက်ရာကြီး ကို မြင်တာကို ပြောတာမဟုတ်ဘူးဟ။ သူ ဘယ်ကနေကားစောင့်စီးပြီး





ကျောင်းလာတယ်ဆိုတာ ခြေရာခံဖို့အချက်ပဲလေ။ ဒါကိုပြောတာ"

မင်းသူက စုံထောက်ကြီးဦးစံရှားလို မေးပွတ်၍ ပြောနေခြင်း ဖြစ်၏။ သူက ဒုတိယနှစ်ဥပဒေသမားကိုး။

"ဘာမှခြေရာခံမနေနဲ့။ မင်းတို့ပြောကတည်းက ငါရိပ်မိတယ်။ မခေါ်ပိန်နဲ့ တွဲတယ်ဆိုရင် ယမင်းပဲဖြစ်လိမ့်မယ်။ တို့နဲ့ အတန်းတူပဲ။ ဒုတိယနှစ်၊ သမိုင်းကွ"

ဇော်မိုးက ဝင်ပြောခြင်းဖြစ်၏။ သူတို့ပြောသမျှ ငြိမ်နားထောင် နေသော ဇော်မိုး၏ပြောကြားချက်က အတော်လေးနီးစပ်နေသဖြင့် မင်းစိုးအားပာက်သွားသည်။

ဇော်မိုးအား ပြေးမဖက်ရုံတစ်မယ်ဆွဲကိုင်လှုပ်ယမ်းရင်း အငမ်း မရထပ်မေး၏။

"ဟေ့ကောင်ဇော်မိုး။ ပြန်ပြောစမ်း"

"ဘာပြောရမှာလဲ"

"ခုနပြောတာ"

"ဘာလဲကွ။ ခုနပြောတာ"

"ယမင်းပဲဆိုတာလေ"

"ယမင်းပဲဆိုတာ ကုလားပဲလိုမျိုး ဖြစ်မှာပေါ့ကွာ"

ဟု ဝင်နှောက်သူကား မင်းသူဖြစ်၏။ မင်းစိုးက မင်းသူကို ဂရုမစိုက်။ ဇော်မိုးကိုသာ အတင်းမေးသည်။

"ဟေ့ကောင်. . ပြောကွာ။ ယမင်းပဲဆိုတာ ဘယ်သူလဲ"

"ဟာ. . ဒီကောင်။ ပြဿနာပဲ။ ယမင်းပဲဆိုတာ ယမင်းပေါ့ကွ။ ဘယ်သူဖြစ်ရမှာလဲ"

"အေး. . အဲဒီယမင်းဆိုတာ ဘယ်သူလဲမေးတာ"

"ဟာ. . ပြဿနာ။ ယမင်းဆိုမှတော့ ယမင်းပေါ့ဟ"



www.burmeseclassic.com

“အေးလေ. .။ ဒဲဒီယမင်းဆိုတာ ငါပြောတဲ့သူလေးလားလို့ သိချင်တာ”

“ဖြစ်နိုင်တယ်”

“ဒါဆို မင်း သူ့ကိုသိတယ်ပေါ့”

“သိဘူး”

“ဟင်. . ခုနကတော့ ယမင်းဆို”

“အေးလေ. . ယမင်းလေ. . ဘာဖြစ်လဲ”

“မင်း. . သူ့ကို သိတယ်မဟုတ်လား”

“သိပါဘူးဆို”

“သိလို့ပြောတာ”

“အေးလေ. .။ ငါသိတာက နာမည်ကိုပဲသိတာ။ လူချင်းမှမသိဘဲဟာကို”

“ရှင်းအောင်ပြောကွာ”

“ရှင်းရှင်းလေးပါကွာ။ ယမင်းဆိုတာ ယမင်း။ သူတို့ခေါ်တာကို ကြားနေရလို့ ငါလည်းသိတာ။ သူတို့အုပ်စုထဲက ခေါ်ပိန်က ငါနဲ့သိတယ်။ ရှင်းပြီလား”

“ရှင်းပြီ။ ဒါဆို ငါ့ကို ယမင်းနဲ့မိတ်ဆက်ပေး”

“ဟ. . သိမှ မသိတာ”

“မင်း နာမည်သိတာပဲ”

“နာမည်သိရုံနဲ့ ဖြစ်မလားကွာ”

“ဖြစ်တာပေါ့။ သူ့ကိုတွေ့ရင် မင်းက ဒီမှာယမင်းလို့ ခပ်တည်တည်ခေါ်လိုက်”

“ခေါ်တော့. .”

“ဘာတုံးလို့ ထူးလိမ့်မယ်”





“ထူးတော့. .”

“သူ့ကိုသိလားလို့ ငါ့ဘက် မေးငေါ့မေး”

“မေးတော့. .”

“သိဘူးလို့ ဖြေလိမ့်မယ်”

“သိဘူးဆိုတော့. .”

“သိတာက မိတ်ဆွေ။ ဘူးတာက ခေါ်တော။ ဒီတော့ ယမင်းနဲ့ သူနဲ့ မိတ်ဆွေဖြစ်နေပြီ။ ခေါ်လိုက်တော့ဆိုပြီး လက်ဆွဲနှုတ်ဆက်ခိုင်း ရုံပဲ။ မပိုင်လား”

“ပါးတော့ ယားလှပါဘိကွာ”

ဟု မင်းသူက ဝင်ပြော၏။ ဇော်မိုးက သူ့မေးပွတ်၍ စဉ်းစား ရင်း ပြော၏။

“အင်း. . ဆိုးတော့မဆိုးဘူး။ သိဘူးပြောမိတာနဲ့ မိတ်ဆွေကို ဖြစ်ရော။ ခေါ်ကိုခေါ် ရဦးတော့မှာ။ ဖြည့်ပြောစရာတစ်ခွန်းပဲကျန်တယ်”

“ဘာလဲဟ”

“ခေါ်လိုက်. . ခေါ်လိုက်. .။ အဲဒါ တောသားပဲဟဲ့လို့ ပြောဖို့ ကျန်တာ”

“ဘာဖြစ်လဲ။ တောသားကို တောသားပြောတာ မဆန်းပါဘူး ကွာ။ မင်းသာ ဖြစ်အောင်မိတ်ဆက်ပေး။ ငါ သူ့မျက်နှာလေးကို မျက်စိ ထဲကကို မထွက်တော့ဘူးကွာ”

မင်းစိုးက အသည်းခိုက်နေသလို၊ ချမ်းတုန်နေသလို အသံဖြင့် ပြော၏။

မင်းစိုးကိုကြည့်၍ သူငယ်ချင်းများသနားသွားကြသည်။ အတတ်နိုင်ဆုံး ကူညီရန်လည်း ဆုံးဖြတ်လိုက်ကြ၏။

“ကိုင်း. . မင်းစိုး။ မင်းဘာမှညစ်မနေနဲ့။ မင်းရဲ့ အချစ်ရှာပုံ



www.burmeseclassic.com

www.burmeseclassic.com



တော်ကို တို့ ဝိုင်းဖွင့်ပေးမယ်။ မင်းက ဖရက်ရှာလေးဆိုတော့ လုပ်ပေးရမှာပေါ့"

ဟု မင်းသူကပြောင်း၏။ ဒါကို အနားကဖြတ်သွားသော စားပွဲထိုးလေးက ဘာကြားသည်မသိ။

"ဟိုအစ်ကိုကြီး. . ခရက်ရှာဆိုလားလို့။ သိပ်မအေးဘူး။ ယူမှာလား"

ဟု မေးတော့၏။ မင်းသူလည်း စိတ်ပေါက်ပေါက်ရှိလှသဖြင့်. .

"အေး. . အဲဒီ မအေးတဲ့ခရက်ရှာကိုပဲ ယူခဲ့တော့။ ဒီက ဖရက်ရှာကို တိုက်ရမယ်"

"တစ်လုံးတည်းလား"

"အေး. ."

"မအေးဘူး အစ်ကိုရဲ့"

"တစ်လုံးတည်းပြောတာကွ"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

စားပွဲထိုးလေး ပေစောင်းစောင်းဖြင့် ထွက်သွား၏။

မကြာမီ ခရက်ရှာတစ်လုံးလာချပေးသွား၏။ ပါးစပ်က ပွစိပွစိလည်း လုပ်သွားသေး၏။

"လူကြည့်တော့ ချွေစောင်းစောင်းနဲ့။ စကားပြောတာများ မာရေကျောရေနဲ့။ စပယ်ရာလုပ်ခိုင်းဖို့ကောင်းတယ်"

စားပွဲထိုးလေး ပြောမယ်ဆိုလည်း ပြောထိုက်ပါပေသည်။

မင်းသူရဲ့ရုပ်ကိုလည်း ကြည့်ပါဦး။

ဆံပင်ကောက်ကောက်. .

နှာခေါင်းရှည်ရှည်. .

မျက်လုံးစောင်းစောင်း. .





အားရုပ်မြင့်မြင့်. .

ပိန်ပိန်ပါးပါး. . ကလန်ကလားဖြစ်သည်။

ပြောလိုက်လျှင် မိုးလားကဲလား။ စုံထောက်ကြီးဦးစံရှားဟန်ကလုံးဝမလျှော့။ ယူထားတာကလည်း ဥပဒေဆိုတော့ သူကိုယ်တိုင်ဘာမှမဖြစ်ခင် လူတွေကို အမှုသည်အဖြစ် မြင်နေတတ်လေပြီ။ တစ်ခါတစ်ရံ တရားခံဟုပင် မြင်လိုက်သေး၏။

ပြောတာကိုက ကြည့်. . ။

"မင်းကိစ္စကို ပြီးပြတ်အောင် ငါလိုက်ပေးမယ်"

ကြည့်ပါဦး။

သူလည်း ဘယ်သူမှအမှုမအပ်ဘဲနှင့် အမှုလိုက်မည့်စတိုင်နှင့် ပြောနေလေပြီ။ သူ့ပဲ အမှုအပ်ထားသလိုလို။

သူတို့ထဲမှာ ဇော်မိုးကလည်း တစ်မျိုး။

ဘာလုပ်လုပ် ရှေ့နောက်မစဉ်းစား။ တစ်ဇွတ်ထိုးလုပ်ပစ်၏။

ဒါကြောင့်ပင် သူ့အား သူငယ်ချင်းများက တစ်ဇွတ်ထိုးဇော်မိုးဟု ခေါ်ကြခြင်းပင်။

ဇော်မိုးတို့ ဘယ်လောက်ထိ တစ်ဇွတ်ထိုးလုပ်သနည်းဆို. .

ဇော်မိုးက ယခု မြန်မာစာဒုတိယနှစ်။

ဇော်မိုးပထမနှစ်တုန်းကဖြစ်သည်။ မြန်မာစာနောက်ဆုံးနှစ်ကပိုးအိခင်ကို သူကြိုက်ခဲ့ဖူး၏။

မြန်မာစာသမားပီပီ ရည်းစားစာကိုသီကုံးရေးဖွဲ့သည်မှာ ကဗျာဆန်လှ၏။ စာကို ကျနစွာရေးပြီးမှ အိခင်ကိုပေး၏။

ဟိုက မယူ။ ပြန်ပြောတာလည်း ရိုးရိုးစင်းစင်းလေး။

"ငါ့မှာ ချစ်သူရှိတယ်။ နင်ငရဲကြီးလိမ့်မယ်"

ဒါကို ကျေးဇူးရှင်က ဘာပြန်ပြောသည်ဟု ထင်ပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



"စာပေးတာနဲ့တော့ ငရဲမကြီးသောက်ပါဘူးဟာ။ ဒါဆို တို့ယောက်ျားလေးတွေအားလုံး ငရဲကြီးကုန်ကြမှာပေါ့။ နင် ငါ့ကိုပြန်မကြိုက်ချင်နေ။ စာယူသွားရင် ကျေနပ်ပြီ"

သူ့စကားက တစ်မျိုးကြီး။ ပြန်ကြိုက်ကာမှကြိုက်တာက အရေးပါပုံမရဘဲ စာယူဖို့က အဓိကဖြစ်နေပုံရ၏။

သည်တော့ ပိုးအိခင်စဉ်းစားရပြီ။ စာနှင့်ပတ်သက်ပြီး ဘာများအကြောင်းရှိလေသနည်း။ သူတို့ အလောင်းအစားတွေများ လုပ်ထားကြလေသလား။

အမှန်ဝန်ခံရလျှင်တော့ ပိုးအိခင် သူ့ကိုတော့ ကြိုက်ဖို့ဝေးလှသည်။ ပြန်မကြိုက်နိုင်တာ သေချာလှသည်။ ပိုးအိခင်မှာ တကယ်လည်း ချစ်သူရှိ၏။

သို့သော် . .

စာကိုတော့ ဖတ်ကြည့်ချင်၏။ သူက စာရေးကောင်းမည့်ပုံပေါ်သည်။ အမြဲတမ်း စာအုပ်တစ်အုပ်ဖတ်ဖတ်နေတာ ပိုးအိခင်မြင်သည်။

ပိုးအိခင်မကြိုက်တာက သူ့စကားကြီးပင်။

ဘာတဲ့ . .။

"နင် ငါ့ကိုပြန်မကြိုက်ချင်နေ။ စာယူသွားရင်ကျေနပ်ပြီ" တဲ့။

အဲဒါကိုက မဟုတ်တာ။ ပြန်ကြိုက်ဖို့မလိုမှတော့ ဘာလို့များ စာပေးနေရသတုံး။

ရည်းစားစာပေးတယ်ဆိုတာ ရှေးရိုးထုံးတမ်းစဉ်လာအရ ချစ်ကြောင်းတင်ပြကြရခြင်းဖြစ်၍ ပြန်ချစ်မချစ် ဆုံးဖြတ်ချက်ပေးရခြင်းပင်ဖြစ်၏။

ပြန်ချစ်ရန်မလိုလျှင် အဘယ်ကြောင့်ရည်းစားစာပေးရသနည်း။

ဘာပဲဖြစ်ဖြစ် . .





သူ့စာကို ပိုးအိခင်ဖတ်ချင်၏။

ပြန်ချစ်ရန်မလိုသည့် ထူးဆန်းသောရည်းစားစာကို သူဘယ်လိုများရေးထားမည်နည်း။

ဘာပဲဖြစ်ဖြစ် . .

နောက်တစ်ခါစာပေးလျှင်တော့ ယူလိုက်တော့မည်ဟု ပိုးအိခင်စဉ်းစားထား၏။

နောင်ခါလာ နောင်ချေးပဲပေါ့။

စာပေးလျှင်ယူတော့မည် ဆုံးဖြတ်ပြီးကာမှ ကိုယ်တော်ချောက စာမပေးပြန်။

တွေ့ပြန်တော့လည်း ပြုံးပြသည့်အခါ ပြုံးပြ၏။ ဘာသိဘာသာနေသည့်အခါ နေ၏။

ရင်ဆိုင်တွေ့ပြီး မမြင်သလို ကျော်သွားသည်လည်းရှိ၏။ သူက ပါဝါမျက်မှန်ထူကြီးနဲ့ဆိုတော့ မမြင်ရှာပေလို့ဟုသာ တွက်ဆရပြန်၏။

သည်လိုနှင့် ပိုးအိခင်ကျောင်းသာပြီးသွားရသည်။ ဇော်မိုးစာကို ဖတ်မသွားရ။

သို့သော် . .

ပိုးအိခင် ဇော်မိုးစာကို မမျှော်လင့်ဘဲ မမျှော်လင့်သောအချိန်မှာ ဖတ်လိုက်ရ၏။

ထိုအချိန်ကား ပိုးအိခင်မင်္ဂလာဆောင်သောနေ့ကဖြစ်၏။

သူငယ်ချင်းတွေက မပေးပါနှင့်တော့ဆိုသည့်ကြားထဲက စာကို ဆက်ဆက်လက်ဖွဲ့လိုက်သတဲ့။

"သူ့အတွက်ရေးထားတဲ့စာကို သူပဲဖတ်စေချင်တယ်။ ငါ့ရဲ့စာက သန့်စင်တယ်။ ဒီစာကြောင့် သူ ဘာမှပြဿနာမဖြစ်နိုင်ဘူး"

ဟုလည်း ပြောသေး၏။ ပြဿနာဖြစ်မဖြစ်တော့မသိ။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ပြီးသည့်နောက်ပိုင်း လမ်းမှာတွေ့တော့ ပိုးအိခင်က သူ့ကို လက်ဝါးပြသတဲ့။

လက်ဝါးပြလောက်အောင် ဇော်မိုးမင်္ဂလာလက်ဖွဲ့နှင့် ထည့်ပို့လိုက်သည့်စာကို ဖတ်ကြည့်ပါဦး။

*ပိုးအိခင်*

*နင့်ကို ငါချစ်တယ်။ ငါ့ကို နင်ပြန်မချစ်နဲ့။ နင့်အချစ်ကို ငါမလိုချင်။ ငါ့အချစ်ကိုပဲ နင့်ပေးချင်တာ။ ချစ်ခြင်းမေတ္တာဆိုတာ ရယူလိုခြင်း၊ ပိုင်ဆိုင်လိုခြင်းမဟုတ်ဘူး။ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်း၊ ပေးဆပ်ခြင်း (ဝါ) ကြွေးဆပ်ခြင်းပဲ။*

*ဟိုးအတိတ်ဘဝတစ်ခုမှာ နင်ငါ့ကိုတအားချစ်ခဲ့ဖူးလိမ့်မယ်၊ ဒါကြောင့် ဒီဘဝမှာ နင့်ကိုငါချစ်မိရတာ ချစ်ကြွေးဆပ်ရခြင်းပေါ့ဟာ။*

*ဒါကြောင့်မို့ နင် ငါ့ကိုပြန်မချစ်နဲ့။ ငါကတော့ နင့်ကို ချစ်ကြွေးကျေအောင် ချစ်နေရမှာပဲ။ နင်ကလေးဘယ်နှယောက်ရရ ငါချစ်နေမယ်။*

*ချစ်နေမယ်. . ။ ချစ်နေမှာပဲ. . ။*

*တာ့တာ. .*

*ကြွေးဆပ်သမားလေး*

*ဇော်မိုး*

ကိုင်း. . ဇော်မိုးတို့လုပ်ချလိုက်ပုံများ အဲဒါသာကြည့်ပါတော့။

ပိုးအိခင်က စာဖတ်ပြီးတော့ လက်ဝါးတပြင်ပြင်. . ။

သတို့သားကလည်း ဘယ်လိုကြိမ်းသည် မှတ်ပါသနည်း။

"တောက်. . ဇော်မိုး" တဲ့။

ဘာပဲဖြစ်ဖြစ်. .

သည်ပွဲမှာတော့ မင်းစိုးတို့ ဇော်မိုးကိုသာ အားကိုးရဦးညပ်ပါ၊

❀ ❀ ❀





<၂>

မင်းစိုး၏မျက်လုံးများ အငြိမ်မနေ။

ဆုံမှတ်တစ်ခုကို သူလိုက်ရှာနေသည်။ ဆုံမှတ်က မလာသေး။

သူရပ်နေသည်တား လမ်း ၅၀ မှတ်တိုင်။ ရန်ကုန်ရွှေမြို့တော်၊ မဟာဗန္ဓုလလမ်းမကြီးပေါ်က လမ်း ၅၀ ကားမှတ်တိုင်။

သည်နေရာမှစောင့်စီးလျှင် သန်လျင်အရှေ့ပိုင်းတက္ကသိုလ်သို့ သွားသော ဘတ်စ်ကားများလာသည်။

မင်းစိုး သူစီးရမည့်ကားများလာသော်လည်း တက်မလိုက်သေး။ ပေကပ်ရပ်နေ၏။ ဆုံမှတ်တစ်ခုကို စောင့်စားရှာဖွေနေခြင်းပါ။

ဟော. . သူလာပြီ။

လှုပ်လီလှုပ်လဲ့ လျှောက်လှမ်းလာနေသော သူ့ခြေလှမ်းလေးများက ခြေတစ်လှမ်းကျရွေဆယ့်ငါးသန်းလောက်တန်လိမ့်မည်ဟု မင်းစိုး တွက်မိ၏။

မှတ်တိုင်ရောက်ဖို့က ခြေလှမ်းငါးဆယ်လောက်လိုဦးမှာဆိုတော့ ဘယ်နှကုဋေများဖြစ်မလဲဟု မင်းစိုးတွေးမိသည်။

လွယ်အိတ်ထဲက ဂဏန်းပေါင်းစက်ထုတ်၍ အမြန်တွက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

ဂဏန်းပေါင်းစက်ထဲမှ ကိန်းဂဏန်းများကိုကြည့်၍ မင်းစိုးပခုံးတွန့်လိုက်သည်။ တိုးတိုးလေးလည်း ရေရွတ်လိုက်၏။

"ဈေးများတယ်ဟ"

ဒါကို မုန့်ဗန်းရွက်ထားသည့် ဈေးသည်တစ်ဦးကကြားသဖြင့် မင်းစိုးကို မျက်စောင်းထိုးသည်၊ မကြားတကြား ပြန်ပြောသွားသည်။

"သူလည်း ဝယ်စားတာမဟုတ်ဘဲ ဈေးများသလေးဘာလေးနဲ့ဟွန်း. ."

ဈေးသယ်မလေးထွက်သွားတော့ သူဝင်လာ၏။ မလှမ်းမကမ်းမှာရပ်သည်။ မင်းစိုးက တစ်ချက်လှမ်းကြည့်၏။ ပြီး. . မှင်ပြန့်ဖြည့်၍ တည်တည်ကြီးလုပ်နေသည်။

ကားစောင့်နေခြင်းပင်။

သည်တစ်ကြိမ်တွင်လည်း မင်းစိုးက သူမအား ယခင်ထက် မလျော့သောပါဝါများဖြင့် ကြည့်၏။

ဘယ်လောက်ကြာကြာ ကြည့်နေမိသည်မသိ၊ သူမက တစ်ချက်ပြန်အကြည့်မှာ မျက်လုံးချင်းဆုံဖြစ်ပြန်သည်။

ဆုံမပေါ့။

မင်းစိုးစကြည့်ကတည်းက တစ်ချက်မှ မျက်လုံးမခွာဘဲကိုး။ မျက်တောင်များပင် ခတ်ရဲ့လားမသိ။

ဟော. . ကားလာပြီ။

သူစီးမည့် Hino BM ကား လာခြင်းဖြစ်၏။ ကားရပ်တော့ သူမက သူ့ကိုတစ်ချက်ကြည့်ပြီး ကားပေါ်တက်သည်။

ကားပေါ်တက်ရင်း တစ်ချက်လှည့်ကြည့်လိုက်သေး၏။

မင်းစိုးလည်း ယောင်ယမ်း၍ ကားနားခြေလှမ်းမိသေးသည်။





သို့သော် မင်းဦးခြေလှမ်းများ တန့်သွားသည်။ ကားပေါ်မှ မျက်လုံးနှစ်စုံခန့်က သူ့ကိုကြည့်နေကြသည်ပဲ၊

သည်ကားပေါ် သူမတက်ရဲတော့။ တက်မိလျှင် လူစင်စစ်က ဘဲကင်ဖြစ်လိမ့်ဦးမည်၊ ဘဲကင်တောင် ဘောဘဲကင်ဆိုလားပဲ။

ကားက ငူးခနဲထွက်သွားတော့ ကောင်မလေးတစ်ယောက်က သူ့ကို တဲ့တာလှမ်းလုပ်သွား၏။ လှမ်းလည်း အော်သွားသေး၏။

"မလိုက်တော့ဘူးလား ကိုဘဲကင်". . တဲ့။

ကားပေါ်မှာ ခိုးခိုးခစ်ခစ်အသံများ ညံသွား၏။ ထိုရယ်သံများထဲတွင် သူ့အသံများလည်း ပါပေလိမ့်မည်ဟု မင်းစိုးတွေးလိုက်မိ၏။

"ရယ်ထားဦးပေါ့ ချစ်သူရယ်"

သွားပြီ၊ ဘယ်သူ့ဆီက ခွင့်ပြုချက်ရ၍လဲတော့ မသိ။ ချစ်သူတွေဘာတွေ ခေါ်လို့။

သို့သော် ပြဿနာမရှိ။

လူမကြားသူမကြား တိုးတိုးလေးခေါ်သည်ပဲမဟုတ်လား။

ချစ်သူ့ရဲ့ကား ထွက်သွားပြီးတော့ သိပ်မကြာ။ လိုင်းကားတစ်စီး ထိုးရပ်လာသည်။

"လာ. . လာ. . တာင်ရောက်မယ်"

ဟု စပယ်ယာက အော်၏။ မင်းစိုးက တက်ရန်ဟန်ပြင်ရင်း မသေချာမှာစိုး၍ စပယ်ယာကို လှမ်းမေးလိုက်သည်။

"အရှေ့ပိုင်းတက္ကသိုလ် မရောက်ဘူးလား"

စပယ်ယာက သူ့ကို မျက်ခုံးပင့်ကြည့်၏။ နောက်သည်ဟုလည်း ထင်၏။

"ညီလေး. . မနောက်နဲ့လေ"

"နောက်ရအောင် ယောက်ဖမှမဟုတ်တာ။ အကျေင်းမေး



www.burmeseclassic.com

www.burmeseclassic.com



နေတာ"

"အယ်. ."

စပယ်ယာ အယ်သွား၏။ ယောက်ဖဆိုတာ ဘယ်သူကပေးရမည်မှန်း ရှင်းရှင်းလင်းလင်းမသိရသော်လည်း ပြန်မမေးရဲ။

"ခင်ဗျားက အကြီးပဲ။ ခင်ဗျားပေးပေါ့" ဆို မခက်လား။

စပယ်ယာက မင်းစိုးကိုလှမ်းကြည့်၏။ ကားပေါ်မတက်သေးသဖြင့် တကယ်မသိသည်မှာ သေချာနေမှန်း ရိပ်မိလိုက်၏။ သူက ကောင်းကောင်းမေးတာ ကိုယ်ကကောင်းကောင်းမဖြေမိတာ ကိုယ့်အမှားပဲဟုပင် စပယ်ယာသုံးသပ်လိုက်၏။ ထို့ကြောင့် လေပြေထိုး၏။

"ညီလေး. . ရပ်ကြည့်မနေနဲ့။ အမြတ်မရှိဘူး။ ဟာဝနဲ့ အရှေ့ပိုင်းတက္ကသိုလ် အတူတူပဲဟာကို။ ဟက်. . ထိုင်စီးရမှာ"

သည်တော့မှ မင်းစိုးတက်၏။ ရိုးရိုးမတက်။ ပွစိပွစိလုပ်ပြီးမှ တက်၏။

"အစက အဲဒီလိုပြေပြေလည်လည်ပြောပါလား"

စပယ်ယာ ဘာမှပြန်မပြောပါ။ မင်းစိုးကို မအူမလည်လေးမှန်း ရိပ်မိသွား၍ဖြစ်၏။

မင်းစိုးကတော့ ခုံလွတ်တစ်လုံးမှာ ဝင်ထိုင်သည်။ မနက်ပိုင်းဆိုတော့ သန်လျင်ပြန်မည့်ကားက လူချောင်တတ်သည်။ မှတ်တိုင်မှာ လူစောင့်တင်တတ်၏။

ကားက မထွက်သေးတာကို မင်းစိုးစိတ်မရှည်။ ခုလောက်ရှိ ချစ်သူပါသွားသောကား ဘယ်လောက်များရောက်နေပြီလဲ သူတွေးနေမိသည်။

ထိုအချိန်မှာ သူ့ကားကလည်း ထွက်စပြုပါပြီ။

သူကတော့ ချစ်သူကား ဘယ်နားရောက်ပြီလဲ တွေးတုန်း။





မိဦးမလား တွေးတုန်း။

"တံတားနား ရောက်တော့မယ်"

မင်းစိုးထံမှ အသံတိုးတိုးလေးထွက်သွား၏။ သူ့ဘေးမှ အန်တီကြီးက သူ့ကိုလှည့်ကြည့်သည်။ စပ်စုပုံရသော အန်တီကြီးက "ကလေး. . ဘယ်တံတားကိုပြောတာလဲ" ဟု မေး၏။

မင်းစိုးက "သန်လျင်တံတား" ဟု ပြန်ပြောလိုက်၏။ အန်တီကြီး ခေါင်းခါသည်။

"မဖြစ်နိုင်ဘူး။ ခုမှ ကားစထွက်တာ။ ဘယ်လိုလုပ် သန်လျင်တံတားနား ရောက်ရမှာလဲ"

"ရောက်လောက်ပါပြီ"

"ကလေး. . မငြင်းနဲ့လေ။ အခုမှ ဒေါပုံရောက်သေးတာ"

သည်တော့မှ မင်းစိုးသဘောပေါက်သွား၏။ သူက ချစ်သူပါသွားသည့်ကား ရောက်လောက်မည့်နေရာကို မှန်းဆနေမိခြင်း။ အန်တီကြီးက သူတို့စီးသည့်ကား လက်ရှိရောက်ရာနေရာကို ပြောနေခြင်း။ မင်းစိုးလျှော့ချလိုက်ရ၏။

"ဟုတ်ပါ့. . ဒေါပုံပဲရောက်သေးတာ"

ဒီတော့ အန်တီကြီးက သူ့ကိုမျက်စောင်းထိုး၍ ပြောလိုက်၏။

"သူပဲ အမျိုးမျိုး". . တဲ့။

မင်းစိုး ဘာမှမပြောတော့။ ဇက်လေးပုထားလိုက်ရတော့သည်။

ပြောသမျှ ဘာမှအပေါက်အလမ်းမတည့်သဖြင့် တိတ်တိတ်နေလိုက်မည်ဟုလည်း ဆုံးဖြတ်လိုက်၏။

သို့သော်. .

မပြောမပြီး၊ မတီးမမည် ဆိုစကားအရ စပယ်ယာကို တစ်[illegible] ဟန်ပေးထားတာ မအမ်းသေးသဖြင့် သတိရတုန်း အမ်းခိုင်းလိုက်ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရာတန်က တစ်ယောက်တည်းနော်။ ပြန်အမ်းဦး"

စပယ်ယာက သူ့ကိုလှမ်းကြည့်ပြီး အချိုသာဆုံး ပြုံးပြသည်။

"အကြွေမရှိသေးလို့နော်။ အကြွေရတော့အမ်းမယ်။ ညီလေးက ဂိတ်ဆုံးလိုက်မှာမဟုတ်လား"

"မဟုတ်ဘူး။ တာဝထိပဲ"

"အယ်. ."

စပယ်ယာ အယ်သွားပြန်၏။ အချိုသာဆုံးပြုံး၍လည်း ပြောလိုက်၏။

"ညီလေးက သိပ်နောက်တာပဲ"

သူ ဒီလောက်အတည်ပေါက်ပြောနေတာကို နောက်သည်ဟုပြောနေ၍ မင်းစိုးတင်းသွား၏။

"ကျွန်တော် ဘယ်မှာနောက်လို့လဲ။ တာဝမို့ တာဝပြောတာ။ အမ်းစရာရှိ အမ်းထား။ ဂိတ်ဆုံးမလိုက်ဘူး။ ဝေလည်ကြောင်ပတ်နဲ့ အမေ့ခံဖို့မကြံနဲ့"

"အန်. ."

စပယ်ယာ အန်ပြန်၏။ ဒီတစ်ခါတော့ စပယ်ယာ အတော်စိတ်ရှည်နေ၏။ အကြွေရှိသမျှ ရှာဖွေပြီး ခုနစ်ဆယ်ကျပ်အမ်းလိုက်၏။ တိုးတိုးလေးတော့ ညည်းလိုက်သေး၏။

"ဘာကောင်လေးမှန်းလည်း မသိဘူး။ ဂိတ်ဆုံးနဲ့ တာဝ အတူတူဟာကို။ ဒီနေ့ ပြဿဒါးထင်ပါရဲ့"

ကားကဆက်မောင်းလာ၏။ မင်းစိုးလည်း တွေးရင်းလိုက်လာ၏။

ချစ်သူကားက ခုလောက်ရှိ ကျောင်းရှေ့ရောက်လောက်ပြီ။

မီတာတော့ မမီမှန်းသိ၏။

သို့သော် ရောက်လျှင် လိုက်ရှာချင်သေးသည်။





"ချစ်သူရယ်. . မင်းဘယ်မှာလဲကွယ်"

မင်းစိုးရင်ထဲမှာ ချစ်သံတွေ ညံနေ၏။ သူ ဘာကိုမှမသိ၊ ကျောင်းရောက်ချင်လှပြီ။

သူစီးလာသည့်ကားကိုပင် နှေးသည်ဟုထင်နေသေးတော့၏။

သူ စပယ်ယာကို လှမ်းကြည့်သည်။ စပယ်ယာက မျက်နှာလွှဲသွားသည်။ စပယ်ယာ သူ့ကိုကြောက်နေပုံရ၏။ ဘယ်က ဂြိုဟ်သားလေးများပါလိမ့်ဟုလည်း ထင်နေပုံရ၏။

ကားက ကျောက်တန်းလမ်းခွဲကိုကျော်၍ တာဝဘက်သို့ ချိုးကွေ့လာသည်။ ရှေ့မှာ တာဝရောက်တော့မည်။ ဂိတ်ဆုံးဆိုသည်ကား ကျောင်း ရှေ့မှာတည်း။

မင်းစိုးက ဂိတ်ဆုံးမလိုက်ဟု ပြောထားသဖြင့် စပယ်ယာက သတိကြီးစွာထား၍ ကျောင်းရှေ့မရောက်ခင် တစ်မှတ်တိုင်အလိုမှာ ရပ်ပေးလိုက်၏။

"ညီလေး. . ဆင်းလေ. . တာဝ"

"ကျောင်းရှေ့ရောက်မှ ဆင်းမှာ"

"ကျောင်းရှေ့က ဂိတ်ဆုံးလေ"

"ဂိတ်ဆုံး ဘာဖြစ်လဲ။ ကားခထပ်တောင်းချင်လို့လား"

"အန်. ."

"မအန်နဲ့။ ဂိတ်ရောက်မှ အန်။ မြန်မြန်မောင်းပါဗျ။ ဂိတ်ဆုံးကျမှ ဆင်းမှာကို"

"အမျိုးမျိုး"ဟု စပယ်ယာ တိုးတိုးပြော၏။ ကျယ်ကျယ်လည်း မပြောရဲ။ သည်နေ့ ပြဿဒါးမလွတ်မှန်း သိနေပြီပဲ။ ဘယ်လိုဂြိုဟ်သားလေးကို တင်လာမိမှန်းမသိ။

၇



www.burmeseclassic.com

www.burmeseclassic.com



မင်းစိုးတစ်ယောက် ရေးကြီးသုတ်ပျာဖြစ်နေ၏။

မျက်လုံးများက အငြိမ်မနေ။

ကျောင်းရှေ့က စားသောက်ဆိုင်များမှာ ပြေးလွှားရှာဖွေသည်။

မတွေ့. . ။

ကျောင်းရှေ့လမ်းတစ်လျှောက် ပြေးကြည့်သည်။

မမြင်. . ။

ချစ်သူနှင့်တူသည့် ကောင်မလေးများမြင်တိုင်း လိုက်ကြည့်ရသည်မှာ အမောတကော။

ကောင်မလေးတွေက သူ့ကိုကြည့်၍ ပြုံးစိစိလုပ်သွားကြသည်။

သူကလည်းသူ. . ။

လည်ကတုံးရှပ်ရှည်ကလည်း လက်ကြယ်သီး၊ လည်ပင်းကြယ်သီးတွေ တပ်ထားသည်။

လုံချည်ကလည်း ယောလုံချည်။

လွယ်အိတ်ကြီးကလည်း ကြီးလှပါဘိ၊ ကြီးမားသောလွယ်အိတ်ကြီးကို စုချည်ထားရသည်မှာ အထုံးက လက်သီးဆုပ်လောက်ရှိမည်။

အဝေးကလှမ်းကြည့်လျှင် သူ့ခေါင်းဘေးမှာ ခေါင်းသေးသေး





လေးတစ်လုံး အပိုပါနေသလိုလို။

လွယ်အိတ်ကြီးက ဖောင်းကားနေ၏။

ဖိုင်တွေကလည်း ကျပ်လို့။

သာမန်ကျောင်းသားတစ်ယောက်မဟုတ်တာတော့ သေချာနေ၏။

သူ့ကိုကြည့်၍ ကောင်မလေးတွေ တီးတိုးဝေဖန်နေကြ၏။

"ယောတိယောရာ ယောဆရာကြီး ဆိုတာများလား"

"ယောပြန်ဘရှိန်းဆိုတာ ဖြစ်ဖို့များတယ်"

"ပယောဂဆရာများလားကွာ"

"ပယောဂဆရာက ဒီလောက်ငယ်ငယ်လေး ရှိပါ့မလားဟဲ့"

ဘယ်သူတွေ ဘယ်လိုဝေဖန်ဝေဖန် မင်းစိုးကတော့ မမှု။ ချစ်သူကို ရေရွတ်တမ်းတ ရှာဖွေနေဆဲ။

"ဟေ့ကောင်. . မင်းစိုး၊ ဘယ်လိုဖြစ်နေတာလဲ"

"ဆပ်ပြာသည်လင်ပျောက်တာ ကျနေတာပဲ"

မင်းစိုးပြူးတူးပျာတာဖြစ်နေတာကိုမြင်သော မင်းသူနှင့်ဇော်မိုးတို့က မေး၏။

မင်းစိုးချက်ချင်းမဖြေနိုင်၊ ဟောဟဲဟောဟဲနှင့် လျှာထွက်နေပြီ။

"ဟို. . ဟို. . ချစ်သူ"

"ဘာချစ်သူလဲ"

"ဟို. . ဟို. . ငါ့ချစ်သူ"

"မင်းမှာ ချစ်သူရှိတယ်"

"အင်း"

"ဘယ်သူလဲ"

"ယမင်း"



www.burmeseclassic.com

www.burmeseclassic.com



မင်းစိုး သံယောင်ကြားနှင့် ရမ်းသမ်းအုပ်ချလိုက်၏။ ဇော်မိုး ပြောထားသည့် ယမင်းဆိုတာ သူ့ချစ်သူပဲဟုလည်း ယုံကြည်ထား၏။

မင်းသူက သေချာအောင် ထပ်မေး၏။

"မင်း အခု ဘာရှာနေကာလဲ"

"ယမင်း ရှာနေတာ"

"ဘာ. . ထမင်းဆာနေတယ်"

ဇော်မိုးက ထဖောက်၏။

"တောက်. . ယမင်းရှာတာပါဆို"

"အံမယ်. . သူက စိတ်တိုရတယ်ရှိသေး။ ဒီက အကောင်းပြောမလို့။ ယမင်းနဲ့တွေ့နိုင်ဖို့ကိစ္စ ပြောမလို့ဟာ။ မပြောတော့ဘူးကွာ"

"ဟ. . ဟ. . ပြောပါဟ"

"မပြောဘူးကွာ" .

"ပြောပါ ဇော်မိုးရာ။ တောင်းပန်ပါရဲ့"

"လက်ဖက်ရည်တိုက်မှ ပြောမယ်"

"တိုက်ပါ့မယ် ကျေးဇူးရှင်တို့ရယ်"

သုံးယောက်သား လက်ဖက်ရည်ဆိုင်သို့ လှမ်းခဲ့ကြ၏။ စားပွဲထိုးလေးက သူတို့သုံးယောက်ကို မှတ်မိပုံရသည်။ ထိုင်လိုက်သည်နှင့် မင်းစိုးကိုမေး၏။

"အစ်ကို ခရက်ရှာလား"

"ဟင့်အင်း. . ဖရက်ရှာ။ ဪ. . အင်း. . ဟုတ်ဘူး။ ကော်ဖီမစ်ပလိန်း"

စားပွဲထိုးလေး ခေါင်းကုတ်၏။ မျက်မှောင်ကြုတ်၏။ ကျန်နှစ်ယောက်ကိုကြည့်၏။

မင်းသူက လက်ဖက်ရည်မှာမှာကို မေးပွတ်စဉ်းစားရင်း. .





"ကြီးကျယ်တယ်ပဲ ထင်ထင်ကွာ။ တီးရှယ်ပဲပေး"

စားပွဲထိုးလေး ခေါင်းတစ်ချက်ထပ်ကုတ်၏။

ဇော်မိုးကို ဆက်ကြည့်၏။ ဘာမှာမလဲပေါ့။ ဇော်မိုးကလည်း မင်းသူကို အားကျမခံ မှာလိုက်ပုံက. .

"သေချာအောင် ကွေကာလုပ်ကွာ။ တကယ်ပြောရရင်တော့ ရှယ်ပဲပေါ့ကွာ"

စားပွဲထိုး ခေါင်းကိုတဗျင်းဗျင်းကုတ်ရင်း ထွက်သွား၏။

"ဆရာရေ. . ဝမ်းတီးရှယ်၊ ဝမ်းမစ်ပလိန်း၊ ရှယ်ကွေကာဝမ်း။ အရမ်းကောင်းအောင်လုပ်၊ အဟုတ်သောက်ကြမှာ"

စားပွဲထိုးလေးက သူတို့ထက်ပိုထူးပြီး ကာရန်နဘေတွေနှင့် မှာလိုက်သဖြင့် သုံးယောက်စလုံး မျက်စောင်းဝိုင်းထိုးလိုက်ကြ၏။

စားပွဲထိုးကလေးကတော့ တရုတ်ကားထဲမှ ပညာရှိဘုန်းကြီးကျယ် လေးဟန်ပန်ဖြင့် ရင်ကော့ပြလိုက်သေး၏။

"မင်း ယမင်းကို သိပ်တွေ့ချင်နေပြီလား"

"အင်း"

"ဒါဆို ဒီလိုလုပ်"

"ဘယ်လိုလုပ်ရမှာလဲ။ ပြော. . "

"သူ ဟိုနားကဆိုင်မှာ အမြဲအသုပ်စားတယ်။ နေ့လယ်ထမင်းစားချိန်လောက်ကျ မင်းစောင့်ရုံပဲ"

"ဟုတ်ရဲ့လားကွာ။ မင်းတို့ အသုပ်စားချင်လို့ ငါ့ကိုညာတီးကြမလို့လား"

"စေတနာကို စော်ကားတယ်။ မယုံရင် မင်းတစ်ယောက်တည်းစောင့်။ တို့မလိုက်ဘူး"

ဇော်မိုးက ချေးကိုင်လိုက်၏။ သည်လိုကျတော့လည်း မင်းစိုး



www.burmeseclassic.com

www.burmeseclassic.com



အလျှော့ပေးရပြီ။

"မလုပ်ပါနဲ့ကွာ။ လိုက်ခဲ့ပါ။ ငါတစ်ယောက်တည်း ဘယ်ဖြစ်ပါ့မလဲ။ မင်းတို့ကို ငါပြုစုပါရစေ"

"ဆရာသမားတွေကို ဒီလိုသိတတ်မှပေါ့။ လူကလေး ကြီးပွားဦးမယ်"

ဟု ဇော်မိုးကပြော၏။ မင်းသူကလည်း အားကျမခံ ပြော၏။

"ဘာမှမပူနဲ့။ ကျောင်းတထွက်လို့ အမှုတွေဘာတွေဖြစ်တိုင်း ငါ့သိပြေးခဲ့။ မင်းအမှုကို အကောင်းဆုံးဖြစ်အောင် ငါလာဘ်စားမယ်။ အဲ. . ဟုတ်ပေါင်။ လုပ်ပေးမယ်။ ဥပဒေနဲ့အညီ ဆောင်ရွက်ပေးမယ်"

သုံးယောက်သား ပြောဆိုစားသောက်ကြင်း လူစုခွဲလိုက်ကြ၏။ သက်ဆိုင်ရာအတန်းသို့ တက်ကြရဦးမည်။

နေ့ခင်းမှာတော့ အသုပ်ဆိုင်မှာ အဟုတ်ထိုင်ရင်း ပြန်ဆုံဖို့ချိန်းလိုက်ကြ၏။

ယမင်းနှင့်တွေ့ရလိမ့်မည်ဆိုတော့ မင်းစိုးရင်ခုန်နေသလိုလို။

တကယ်ပဲ တွေ့ရမည်လား. . ။

တွေ့လျှင် ဘာဆက်လုပ်သင့်သနည်း. . ။

တွေးရင်း အချိန်ကုန်ခဲ့ရ၏။

ဩော်. . မောလှပါဘိ။ ပေါဟဲ. . တောဟဲ. . "



'မေ့မရ သုံးခွ'

ဆိုင်နာမည်လေးကိုက မမေ့ရက်စရာပါ။

"သူ မလာလာလာ. . လာလာလာ. . ကိုယ်ကစောင့်ရမှာ"

"သူ မလာလာလာ. . လာလာလာ. . ကိုယ်တို့စောင့်ကြမှာ"

မင်းစိုး၊ မင်းသူ၊ ဇော်မိုးတို့ ယမင်းလာတတ်သည်ဆိုသော မေ့မရသုံးခွ စားသောက်ဆိုင်လေးမှာ စောင့်နေကြ၏။

အသုပ်မှာစား၊ အအေးမှာသောက်ကြပြီး သီချင်းလေးတအေးအေးနှင့် ရှိနေကြ၏။

မင်းစိုးကတော့ မအေးနိုင်ရှာ။

ချစ်သူလာမည့်လမ်းကို မျှော်မှန်းရင်း လည်ပင်းရှည်နေပြီ။

မင်းစိုး၏အကြည့်များက တစ်စုံတစ်ရာသောဆုံမှတ်နှင့် ထိခိုက်သွားသဖြင့် မင်းစိုးအသံထွက်သွားသည်။

"ဟိုတ်. . လာပဟ"

"ဘယ်မှာလဲ"

"ဘယ်မှာလဲ"

မင်းသူနှင့်ဇော်မိုးတို့ပြိုင်ကူမေး၏။ အဝင်လမ်းကိုမျှော်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



လာနေသူကား ယမင်းမဟုတ်။

ပိန်ခေါခေါ ကောင်မလေး။

မင်းစိုးကို နေရာပေးသည့် ကလေးမ။

သူလာတာမြင်သောကြောင့် မင်းစိုးလှုပ်လှုပ်ရှားရှားဖြစ်သွားခြင်းဖြစ်သည်။ ဇက်ကလေးပုသွား၏။ မျက်လွှာချထား၏။

ဩော်. . သံယောဇဉ်အလွန်ရှိရှာသည်ပဲ။

ဒေါ်ရွှေပိန်က သူတို့ကိုမမြင်။

ဆိုင်ထဲဝင်လာပြီး စားပွဲလွတ်မှာထိုင်သည်။ အသုပ်တစ်ပွဲမှာ၏။ ထမင်းဘူးလေး ဖွင့်သည်။

အသုပ်မရောက်ခင် သူ့မျက်လုံးများက မင်းစိုးတို့အုပ်စုဆီရောက်လာ၏။ မင်းစိုးကတော့ မျက်လွှာချ၍ ကွယ်ထားသည်။

ဇော်မိုးကတော့ သူနှင့်သိနေသဖြင့် ပြုံးပြသည်။

ဟိုကလည်း ပြန်ပြုံးပြ၏။ အပြုံးက ဤမျှနှင့်မဆုံး။ သူမက မင်းစိုးကိုဆက်ကြည့်သည်။

မှတ်မိသွားပုံလည်းရ၏။

ရော်. . ခက်ပြီ။

မင်းစိုးကိုပါ ဆက်ပြုံးပြနေပြီကော။

မင်းစိုးက ယောင်ပြီး မဲ့ပြလိုက်မိ၏။ ပြီးမှ သတိရဘာ အမြန်ဆုံး ပြန်ပြုံးပြလိုက်ရသည်။

သူက မင်းစိုးကို စားပါဦးလားဟု သဘောပါစွာ မေးလေးထိုးပြသည်။

မင်းစိုးက မေးရော၊ ခေါင်းရော ခါပြလိုက်၏။

သူက စားတာ ရိုးရိုးမစား။

မင်းစိုးကို ကြည့်စားနေ၏။





မင်းသိုးကလည်း လက်ကလေးနှစ်ဖက် ပေါင်ကြားထဲညှပ်ရင်း ဟိုမော့သည်မော့နှင့်။

မင်းသူနှင့် ဇော်မိုးကတော့ ပြုံးစိစိ။

သိပ်ကြာမည်မထင်။

ဆိုင်တွင်းသို့ ခြေတစ်လှမ်း ကုဋေဆယ့်ငါးသန်းတန်သော ခြေလှမ်းလေးများ လှမ်းလာသည်။

သူလာပြီကော။

မင်းစိုး ယောင်ပြီး မတ်တတ်ရပ်လိုက်မိ၏။

"မော့ကောင်. . ဘာလုပ်မလို့လဲ"

"သွားကြိုမလို့"

"မင်းနဲ့သိလို့လား"

"ဆောရီး. . မေ့လို့"

မင်းစိုးပြန်ထိုင်၏။

ထိုင်ပင်ထိုင်ငြားသော်လည်း အကြည့်ပါဝါကို ဓာတ်အားအပြည့်သွင်း၍ သူ့လေးထံလွှတ်ထားလိုက်၏။

အချစ်ဓာတ်လိုက် ခံလေရော့။

အချစ်ဓာတ်က တကယ်ပင် လိုက်တတ်သည်ထင့်။

သူလေးက မင်းစိုးတို့ လှမ်းကြည့်သည်။

အကြည့်ဆုံမှတ်ချင်း ထိခတ်မိကြတော့ ဖျတ်ခနဲ ဖြစ်သွားသလိုလို မင်းစိုး ခံစားလိုက်ရသည်။

မင်းစိုး ရင်တွေခုန်၍ နှလုံးတွေတုန်နေ၏။

ယခုနေသာ မင်းစိုးကို သွေးဇပေါင်ချိန်ကြည့်မည်ဆို ဆရာဝန်မျက်လုံးပြူးလောက်၏။

အပေါ်သွေးတစ်ထောင့်ငါးရာ၊ အောက်သွေးနှစ်ထောင်ထက်



www.burmeseclassic.com

www.burmeseclassic.com



တော့ လျော့မည်မထင်။

ဇော်မိုးက မင်းစိုးအား လက်ကုတ်၍ ကပ်ပြော၏။

"ဟေ့ကောင်. . သတိထားဦး။ မင်းပြောတာ သူလား"

"အေး. . ဝုတ်တယ်"

မင်းစိုး စကားပင်မပီချင်တော့။ မျက်လုံးကြီးပြူးပြီး ငန်းမန်းဖမ်းသလိုဖြစ်နေ၏။ မင်းသူက သတိပေး၏။

"ဟေ့ကောင်. . သတိထားဦး။ အမှုတစ်ခုဖြစ်လာရင် ခေါင်းအေးအေးနဲ့ သုံးသပ်ရတယ်"

ဘာမှမဆိုင်။ မင်းစိုးကိစ္စမှာ သူ့အမှုကိစ္စနှင့် ဘာမှမဆိုင်၊ မဆိုင်တာကို ဂလိုင်ဝင်ခေါက်နေသဖြင့် မင်းစိုးတင်းသွား၏။ မင်းသူကို မကျေမနပ်ပြော၏။

"ငါ သူ့ကိုချစ်တာ ပြစ်မှုလား။ ပြော. ."

"အေး. . ပုဒ်မ ၃၇၆"

"အန်. ."

"မအန်နဲ့။ ခံသွားရမယ်၊ အလုပ်တစ်ခုလုပ်ချင်ရင် ငါတို့လို ဥပဒေအရာရှိတွေနဲ့ တိုင်ပင်ပြီးမှလုပ်"

မင်းစိုးအား မင်းသူက ပါးစပ်ထဲတွေ့ရာပုဒ်မ ကောက်တပ်ပြီး ဥပဒေနှင့်ခြောက်နေ၏။

ဒီလိုကျတော့ မင်းစိုးနည်းနည်းဖြူသွား၏။ မင်းသူအား တလေးတစားကြည့်၍ ပြော၏။

"ကျွန်တော်မျိုး သူ့ကိုချစ်မိပါတယ်။ အဲဒါ ဘာလုပ်သင့်ပါသလဲ။ ပြော. ."

"တကယ်ချစ်မချစ် အပြန်အလှန်သုံးသပ်ရမယ်"

"သုံးတင်မကဘူး ခြောက်ပါသပ်ပြီးပါပြီ၊ တကယ်ချစ်နေမိ





တာပါ။ အဲဒါ ဘာလုပ်ရမလဲ။ ပြော. ."

"ဟေ့ကောင်. . တိုးတိုးပြော။ ရုံးတော်မှာ အော်လားဟစ်လား မလုပ်ရဘူး"

"ဒါ စားသောက်ဆိုင်ပဲဟာ"

သူတို့တတွေ ပူညံပူညံ လှုပ်လှုပ်ရှရှဖြစ်နေလို့ ခေါပိန်က လှမ်းကြည့်၏။ ယမင်းကလည်း ခိုးကြည့်၏။

ခေါပိန်က ဇော်မိုးကို ဘာဖြစ်တာလဲလို့ မျက်ရိပ်ပြမေးသည်။ ဇော်မိုးက ပခုံးတွန့်ပြ၏။ မင်းစိုးကို မျက်စပစ်ပြပြီး ခေါင်းကိုလက်ညှိုးနဲ့ ထောက်ပြသည်။

မင်းစိုးကမြင်တော့ ခေါင်းကိုဆက်ကုတ်နေလိုက်သည်။

မင်းသူကတော့ ခပ်တည်တည်ပဲ။ မင်းစိုးကိုကြည့်ပြီး ဆက်ပြောလိုက်သည်။

"မင်းဟာမင်း သုံးပဲသပ်သပ်၊ ခြောက်ပဲသပ်သပ်။ မင်းအမှုကို ငါလေ့လာဦးမယ်။ ပြီးမှ ကောက်ချက်ပေးမယ်"

"ဟာကွာ. .။ ငါ့ဟာငါချစ်တာ အမှုနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ။ ချစ်မှုဟာ စားပြုမှုထက်ကြီးလေးတယ်"

မင်းစိုး နည်းနည်းတွေသွား၏။ သူ့အချစ်က ကြီးမားလွန်းမှန်း သူသိ၏။ ဒါကြောင့် စားပြုမှုထက်ကြီးတယ်ဆိုဘာကို ဟုတ်ချင်ဟုတ်မှာ ဟုတွေးရင်း တွေသွားခြင်းဖြစ်၏။

ဇော်မိုးက အခြေအနေကို ရှင်းလင်းစေရန် ဝင်သတိပေး၏။

"နေစမ်းပါဦးကွာ၊ မင်းတို့ဟာ ဘာမှအတည်ပြုချက်မရသေးဘူး။ အမှုက ဖြစ်နှင့်နေပြီ"

"ငါက ဘာမှုမှ မဖြစ်ဘူးကွ။ အဲဒါကို မင်းသူက အမှုလိုက်[illegible] နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသူကလည်း . . နေဦးလေကွာ။ မင်းကလည်း မလှုပ်နဲ့၊ အမှုလုပ်ဖို့ပဲ စဉ်းစားနေ။ ဒီကောင့်ကိစ္စက ဘာမှန်းတောင်မသိရသေးဘူး။ အတည်ပြုချက်ယူရဦးမှာ"

သည်တစ်ခါတော့ ဇော်မိုးက ဆရာကြီးလုပ်နေ၏။ မင်းသူလည်း ငြိမ်သွားပြီ။ ဇော်မိုးက မင်းစိုးကိုကြည့်ပြီး မေး၏။

"ဟေ့ကောင် . . သေချာဖြေ။ မင်း ကားဂိတ်မှာတွေ့တဲ့ အရိပ်ကလေးဆိုတာ သူလား"

ဇော်မိုးက မုန့်စားနေသောယမင်းထံ မေးငေါ့ပြ၍ မေးခြင်းဖြစ်၏။ မင်းစိုးကလည်း ပြတ်ပြတ်ဖြေသည်။

"ဟုတ်တယ် . . သူပဲ"

"ဒါဆိုတော့ သေချာပြီ။ အဲဒါ ယမင်း"

"ဟုတ်တယ် . . ယမင်း . . ယမင်း"

"ရှင်"

သွားပြီ . . ။ မင်းစိုး အသံကျယ်သွား၏။ ယမင်းကလည်း သူ့ခေါ်သည်မှတ်၍ ထူးမိ၏။

အကြည့် . . ဆုံမှတ်။

ဟုတ်၏။

အကြည့်ဆုံမှတ်ကား မကြည်လင်ပေဘူး။

ပြဿနာရိပ်များ ယှက်သန်းနေ၏။ အခြေအနေကို ရိပ်စားမိသော မင်းသူက ဥပဒေသမားပီပီ လက်တစ်လုံးခြားလုပ်ဖို့ ရွှေ့ကစင်ကာ၏။

"ခြော် . . ထမင်း . . ထမင်းမှာတာ။ စားလုံးမဆက်မိလို့။ ဟုတ်တယ်နော်။ မင်း . . ထမင်းစားမလို့လား"

"အင်း . . ဟုတ်တယ်။ ထမင်း . . ထမင်း . . ထမင်းတစ်ပွဲလုပ်





ပါ။ ဆာလွန်းလို့ အသံတွေတောင်မပီတော့ဘူး"

မင်းစိုးက မောလျှော့လုပ်လိုက်၏။ ယမင်းက မျက်စောင်းထိုးပြီး အသုပ်ဆက်စားနေ၏။

ယခင်ဆို ယမင်းက အုပ်စုလိုက်လာတတ်၏။ ယနေ့မှ တစ်ယောက်တည်းလာပြီး ခေါ်ပိန်နှင့်ဝင်ထိုင်ခြင်းဖြစ်၏။

ခေါ်ပိန်က နဂိုက မင်းစိုးလှူဖြစ်ချင်ချင်ဆိုတော့ ယမင်းဘက်က စစ်တူမလိုက်။

ယမင်းကလည်း သူ့မှာစစ်အင်အားနည်းနေ၍လားတော့မသိ။ ဘာမှမပြော။

စားသောက်ပြီး ထသွား၏။ ယမင်းထသွားတော့ ခေါ်ပိန်ကျန်ခဲ့သေး၏။ ခေါ်ပိန်က တော်တော်နှင့်ထမည့်ပုံမပေါ်။ မင်းစိုးကို ရှိုးနေသည်ပဲ။

မင်းစိုးကတော့ ယမင်းသွားရာကိုကြည့်၍ ခတ်လိုက်သလိုဖြစ်နေ၏။

"ဟေ့ကောင် . . ဇော်မိုး။ သွားပြီ . . ။ ဘာလုပ်ကြမလဲ"

"တို့ . . ဘာလုပ်သင့်သလဲ"

ဇော်မိုးက မင်းသူဘက်လှည့် အကြံတောင်း၏။ မင်းသူက မေးပွတ်ပြီးပြော၏။

"အင်း . . အမှုသွားအမှုလာကတော့ မင်းတို့ဘက်က အခြေအနေမကောင်းသေးဘူး။ ဆက်လက်သုံးသပ်သင့်တယ်"

"မင်းသုံးသပ်နေတာနဲ့ပဲ ဟိုက ယောက်ျားရသွားလိမ့်မယ်"

မင်းစိုးက မချင့်မရဲပြော၏။ ဇော်မိုးကလည်း ဖွတ်တိုးချင်နေ၏။

"လာကွာ . . ထလိုက်သွားပြီး မေးမယ်ကွာ"

"ဘာမေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုအစီအစဉ်အတိုင်းလေကွာ၊ မင်းကိုသိလား မေးမှာပေါ့။ သိဘူးဆို ဆက်ပြောရုံပဲ"

"နေကြဦးမင်းပါဦးကွာ။ ပါးတွေတော့ ကွဲကုန်ကြတော့မှာပဲ။ လက်ဖက်ကောင်းကောင်းချင်ရင် ဈေးကောင်းကောင်းပေးဝယ်ရတာပေါ့ကွ"

မင်းသူက ကျိုးကြောင်းပြ တားမြစ်ထားသဖြင့် နှစ်ယောက်လုံး ငြိမ်သွား၏။

ငြိမ်သက်စွာ အကြံအိုက်နေကြသော သူတို့သုံးယောက်ကိုကြည့်၍ ခေါ်ပိန်က ပြုံးပြသွားသေး၏။

သူတို့သုံးယောက်လုံးကတော့ မွဲကျနိုရစ်ခဲ့ကြသည်ပဲလေ။



《၃》

ယနေ့ ယမင်း ကားဂိတ်သို့စောစောရောက်နေ၏။

ယမင်း လက်မှနာရီလေးကို မြှောက်ကြည့်လိုက်တော့ နံနက် (၇)နာရီပင် မထိုးသေး။

ယမင်းဖယ်ရီက (၇း၁၅)နာရီခန့်မှ ရောက်မှာဆိုတော့ နည်းနည်းစောင့်ရဦးမည်။

ယမင်းစောင့်နေသောနေရာသည် လမ်း(၅၀)ကားမှတ်တိုင်နှင့် မနီးမဝေးမှာဖြစ်၏။

ယမင်း မှတ်တိုင်ကို ဝေ့ကြည့်မိသည်။ ဝာစ်စုံဟစ်ရာကို ရှာဖွေနေမိသည်။

ယမင်း ဘယ်သူ့ကို ရှာဖွေနေပါလိမ့်။

ခက်တော့ခက်နေပြီ။

လူ့စိတ်ဆိုတာ အခက်သား။

ဟိုကကြည့်တော့ ကိုယ်က မျက်နှာလွှဲသည်။ ဟိုကလာတော့ ကိုယ်က ရှောင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဟော. .

အခု မိုကမလာတော့ ကိုယ်က ရှာနေပြီ။

ဟိုကကြည့်တော့ ကိုယ်က ချက်နှာလွှဲဦးမှာ၊

အဲဒါကို မာယာဘဲလား။

ဟင့်အင်း. .

ယမင်း မာယာမကြွယ်ပါ။

တကယ်တော့. .

ရှက်တာပဲဖြစ်လိမ့်မည်။

ယမင်းဆိုတဲ့ ကညာပျိုကို ယောက်ျားပျိုလေးတစ်ယောက်က ကြည့်ရင်တော့ ရှက်မှာပေါ့နော့၊

ယမင်းပြုံးမိ၏။

"ယမင်း. . ယမင်း"ဟု နားနှင့်ဆတ်ဆတ် ကြားလိုက်ရပါလျက်နှင့် "ထမင်း. . ထမင်း" လုပ်ပစ်ကြသည်။

တတ်လည်းတတ်နိုင်ကြပါပေ့၊

သူ ယမင်းကိုခေါ်ခြင်းတော့ မဖြစ်တန်ရာ၊ နာမည်ကိုရေရွတ်ရင်း နှုတ်လွန်သွားခြင်းသာဖြစ်လိမ့်မည်၊

တကယ့် ရယ်စရာဘဲကင်း။

ယမင်းလည်း သူ့နာမည်ကိုမသိ။ ဇင်မာတို့ မွန်လေးတို့ ခေါ်သည့်အတိုင်း ဘဲကင်လို့သာ မှတ်ထားမိတော့သည်။

"ဟင်း. . ဟင်း. . ဘဲကင်တဲ့"

ယမင်းပါးစပ်က တီးတိုးရေရွတ်မိတာရှိသေး မင်းစိုးလာနေတာ မြင်သဖြင့် ယမင်းလျှာလေးတစ်လစ်ဖြစ်သွားသည်။

မင်းစိုးက ၄၉ လမ်းဘက်က ထွက်လာခြင်းဖြစ်သည်။ သူက ၄၉ လမ်း ဦးလေးတိုက်ခန်းမှာ နေသည်ပဲလေ၊





ယမင်း မင်းစိုးကို လှမ်းကြည့်မိ၏။

မင်းစိုးကလည်းအကြည့်နှင့် အကြည့်ချင်းဆုံကြသည်။

ယမင်း ရင်ခုန်သွား၏၊

မင်းစိုးကတော့ တုန်လှုပ်သွားသည်။

ယမင်းကို ရဲရဲမကြည့်ရဲတော့။

လောကကြီးကလည်း တစ်မျိုး။

မင်းစိုးက ယမင်းကို ရဲရဲမကြည့်တော့ ယမင်းက မင်းစိုးကို ရဲရဲကြည့်သည်။

ကြာကြာတော့ မကြည့်ဖြစ်။ ကားက ထိုးရပ်လာသဖြင့် ယမင်း ကားပေါ် တက်ရသည်။

ယမင်းလည်းပြန်လှည့်ကြည့်လိုက်သေးသည်။ မင်းစိုး ကားမှတ်တိုင်မှာ ငူငူကြီးကျန်ရစ်၏၊

ကြက်ကြီးလည်လိမ်ထားသလိုပါပဲ။

ဘဲကင်ကနေ ကြက်ကင်ဖြစ်တော့မည်ထင်၏။

တော်သေးသည်။

နောက်တတ်သော ဇင်မာတို့က နည်းနည်းလှမ်းနေသဖြင့် မနောက်ဖြစ်လိုက်ကြ။

ယမင်းတို့ကား ကွေ့ကောသွားပြီ။

မင်းစိုးလိုက်မ[illegible] သန့်လျှင်ကားတစ်စီး လာထိုးရပ်၏။

"ညီလေး. . ဘာငိုင်နေတာလဲ။ တက်ဝမဟုတ်လား. . [illegible]"

ကားစပယ်ယာက မင်းစိုးကိုမှတ်မိ၏။ အမြဲ ဒီအချိန်[illegible] ဆိုတော့လည်း သိပြီပေါ့"

"တာဝလား။ ငါတော့ဆုံးလား"



www.burmeseclassic.com

www.burmeseclassic.com



"မနောက်ပါနဲ့ဗျာ"

မင်းစိုးက ညောင်နာနာဖြင့်ပြောရင်း ကားခထုတ်ပေးလိုက်၏။

"ညီလေး. . ပြန်အမ်းဖို့အကြွေမရှိသေးဘူး၊ အကြွေရတော့ အမ်းပေးမယ်။ ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်ဗျာ"

"ညီလေး နေမကောင်းဘူးလား"

မင်းစိုးကိုကြည့်၍ စပယ်ယာတမေး၏။ မင်းစိုးကြည့်ရသည်မှာ ယခင်ကလို တက်တက်ကြွကြွမရှိသည်ကို သတိထားမိ၍လည်းဖြစ်၏။

"ကောင်းပါတယ်။ ချစ်ဖျားမိထားလို့"

"ဘာ. . ချစ်ဖျား။ ဟား. . ဟား. . အဲဒီအဖျားက ဆေးရှားတယ်ကွ။ ဂရုစိုက်. ."

စပယ်ယာ သဘောကျစွာရယ်၏၊ စပယ်ယာ၏ရယ်သံနှင့်အတူ ကားလေးက တရိပ်ရိပ်ပြေးနေ၏။

မင်းစိုးကတော့ တစိမ့်စိမ့်တွေးရင်း ငိုင်ဆိုင်စွာလိုက်လာ၏၊

သန်လျင်တံတားပေါ်ရောက်တော့ မင်းစိုးအလန့်တကြားအော်၏။

"စပယ်ယာအစ်ကိုကြီး"

"ဘာလဲ. . ချစ်ဖျား. . အဲလေ. . ညီလေး"

"နှစ်ဆယ်ပြန်အမ်းဦး"

"ငါ့နှယ်ကွာ. . ဘာများပါလိမ့်လို့၊ ဟား. . ဟား. . ချစ်ဖျားသမားက နှစ်ဆယ်တော့မမေ့ပါလား"

ဟု စပယ်ယာက သဘောကျစွာပြောလေတော့ မင်းစိုးက ဘာပြန်ပြောသည်ထင်ပါသနည်း။

"ချစ်ဖျားဖျားတိုင်းသာ နှစ်ဆယ်မေ့ရရင် ပိုက်ဆံလောက်မှာ





မဟုတ်တော့ဘူး။ ကျွန်တော့်အဖျားက ပြတ်မှာမှ မဟုတ်တာ"

"ရော့. . ရော့. . နှစ်ဆယ်။ နှစ်ဆယ်ပြန်မအမ်းမိလို့ အဖျားပိုတက်နေဦးမယ်။ ဟား. . ဟား. ."

စပယ်ယာက သဘောကျစွာရယ်၏။

ထိုအခါ ဒရိုင်ဘာကလည်း သဘောကျစွာ လိုက်ရယ်၏။

"ဟီး. . ဟီး. ."

ကားပေါ်မှာက ခရီးသည်များများမရှိ။ မင်းစိုးနှင့် စပယ်ယာကလည်း အလွမ်းသင့်နေကြပြီမို့ နောက်နေကြခြင်းဖြစ်၏။

"မနောက်ပါနဲ့ဗျာ"

မင်းစိုးက ညောင်နာနာဖြင့်ပြောတော့ သနားသွားကြဟန်ရှိ၏။

မရယ်ကြတော့။ ကားပေါ်ကဆင်းတော့တောင် ကြင်နာစွာသတိပေးသေးသည်။

"ညီလေး. . ဖြည်းဖြည်းဆင်းလေ။ လေးဘီးလုံး ရပ်ထားပေးတယ်နော်"

မင်းစိုး ဘာမှပြန်မပြောတော့ပါ။ ကားပေါ်မှ ဖြည်းညင်းစွာဆင်းပြီး လေးတွန့်စွာလျှောက်လှမ်းနေမိ၏။

မင်းစိုးရင်ထဲမှာတော့ စကားတွေအများကြီး ပြောနေမိ၏။

အချစ်ဆိုတာ ဒီလိုပဲလား တလေးရယ်။

ရွှင်လန်းစေခဲ့၊ တက်ကြွစေခဲ့တာလည်း မင်းပါပဲ။

တွေဝေထိုင်းမှိုင်းစေတတ်တာလည်း မင်းပါပဲ။

ဒါဆို. .

မင်းဟာ တဝေမလေးများလား။

ဟင့်အင်း. .

မင်းကို ငါ ကဝေမလေးနဲ့ မနှိုင်းရက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းဟာ ရွှေသမင်မလေးပဲ၊

ရွှေသမင်လို လှတဲ့သူလေးပဲ၊ သမင်မလေးလို ဖျက်နက်ဝန်းလေးနဲ့။

သွယ်လျတဲ့ မင်းရဲ့ခန္ဓာကိုယ်အချိုးအဆစ်ဟာ လက်ရာမြောက်တဲ့ ပန်းပုဆရာတစ်ဦး ထုဆစ်ထားသလိုပါပဲ၊

မင်းနဲ့ပတ်သက်လို့ ငါလေ ကဗျာလေးတစ်ပုဒ်စပ်ကြည့်မိတယ်။

'လမင်းငယ်သို့ တမ်းတခြင်း'

နှင်းတွေဝေကျနေတဲ့
မှုန်ပျပျ နံနက်ခင်းလှလှလေးတွေမှာ
ငါ. .
မင်းကိုသိပ်လွမ်းတာပဲ ကလေးရယ်. . ၊
တက္ကသိုလ်ရဲ့
အဝင်မုခ်ဝ. .
စွယ်တော်ပင်တန်းတွေကြားက
ကြည်ပြာရောင်လမ်းကလေးအပေါ်
နှစ်ယောက်သားဖော့်ရှင်. .
တူယှဉ်စွာလက်တွဲ. .
ကြည်နူးခဲ့ဖူးချင်ပါရဲ့. . ၊
ကွယ်. . ဒါပေမဲ့
ငါ့ရဲ့စိတ်ကူး. . ရူးတယ်လို့ ဆိုရမလား
ဘယ်တော့များ ငါ့အိပ်မက်
ဆက်မက်ခွင့်ရမှာလဲ
ငါအမြဲတွေးနေမိတယ် ကလေးရယ်. . ၊



ဖြစ်ချင်တဲ့စိတ်ကူးနဲ့ ရူးခဲ့တဲ့ ကိုယ်ရဲ့ကဗျာလေးက အားငယ်သံတွေစွက်နေပြီလား ခဘွားမိပါရဲ့။

"ဟာ. . တိုက်ပဟ"

စိတ်ကူးနဲ့ လှမ်းလျှောက်လာတဲ့ မင်းစိုးတစ်ယောက် ရှပ်ပျာပျာလျှောက်လာတဲ့ကောင်မလေးနဲ့ တိုက်မိကြတာ။

တိုက်မိသူက တခြားဟုတ်ဖိုးလား။ သူတို့ ခေါ်ပိန်လို့ခေါ်နေတဲ့ သန္တာရယ်လေ။

သန္တာက လွတ်ကျသွားတဲ့စာအုပ်တွေကို ကုန်းကောက်ရင်း တိုက်မိတဲ့သူကို ရန်တွေ့ဖို့ပြင်လိုက်တယ်။

"ဟင်. . အစ်ကို. . ဘဲတင်"

"ဗျာ. . "

"ဘွာ. . ဘွာ. . အစ်ကိုပါလား။ ဟို. . ကားလိုက်စီးတဲ့အစ်ကိုကြီးနော်"

အရေးထဲ သူက ဆွေမျိုးစပ်နေသေး၏။

မင်းစိုး ဘာလုပ်ရမှန်းမသိ။ ကိုယ်ကတိုက်မိတာဆိုတော့ တောင်းပန်ရမည်ပဲ။

"ဆောရီးနော်. . ။ မတော်လို့"

"ရပါတယ်. . ။ ကျေးဇူးပဲ"

"ဗျာ. . "

"တောင်းပန်တာကို ကျေးဇူးတင်တယ်ပြောတာပါ။ တချို့ဆို တိုက်မိပြီး တောင်းပန်ဖို့ ဝန်လေးကြတယ်။ အစ်ကိုကတော့ ယဉ်ကျေးသား။ ဟီ. . "

ဆိုင်တာတော့ ဘာမှမဆိုင်။ ယဉ်ကျေးတာနဲ့များ 'ဟီ' ဆိုတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဟာလေးပါလိမ့်"

ဟု မင်းစိုးတွေးမိရင်း ဘာအုပ်များဝိုင်းကောက်ပေးလိုက်သည်။ သန္တာက စကားမရှိ ခေတ္တရှာနေပြီ။

"လူတစ်ယောက်လုံး မမြင်ရအောင် ဘာတွေဝေးလာလို့လဲ"

"ကဗျာတွေ"

"ဟင်. . ကဗျာ. . အစ်ကိုက ကဗျာစပ်တတ်သလား"

"အင်း. ."

မင်းစိုးက အင်းဟုပြောရင်း သူ စပ်ထားသည့် ကဗျာ၆ပုဒ်ခန့်ပါသော ဖူးစကတ်လေးခေါက်ချိုး လက်ကမ်းစာဗျာစာရွက်တချို့ကို လွယ်အိတ်ထဲမှ နှိုက်ယူလိုက်၏။

မထူးတော့ပြီလေ။

ဈေးကွက်စီးပွားရေးစနစ်အရ ဒီနေရာမှာ သူ တစ်ခါတည်း ဈေးကွက်ဖြန့်ကျက်ရပေလိမ့်မည်။

မင်းစိုးက တကယ်ပင် ကဗျာတွေစပ်သည်။ လက်ကမ်းကဗျာစာရွက်လေးဖန်တီး၍ ဈေးကွက်ဖွင့်ခဲ့၏။

သူ့ဈေးကွက်က သူ့ကဗျာစာရွက်အား ကျောင်းသူကျောင်းသားများသို့ တစ်စောင်လျှင် ငါးဆယ်ကျပ်ဖြင့် ရောင်းချခြင်းပင်။ သူ့ကဗျာစာရွက်များကို မင်းသူတို့ ဇော်မိုးတို့က ဝိုင်းရောင်းပေးကြသည်။

တစ်စောင် အရင်းနှစ်ဆယ်ခန့်နုတ်လျှင် သုံးဆယ်ကျပ်ခန့်ကျန်၏။ ထိုရောင်းရငွေဖြင့် သူတို့တတွေ လက်ဖက်ရည်ဖိုးလုပ်ကြသည်။

ယခုလည်း သန္တာ့ကို သူ့ကဗျာစာရွက်များ ပေးနေပြီ။

"များလိုက်တာ။ အရွက်နှစ်ဆယ်လောက်ပဲ။ တစ်စောင်နှစ်စောင်ဆို တော်ပါပြီ"

သန္တာပြန်ပေးတာကို မင်းစိုးလက်မခံ။ ခေါင်းခါ၏။



"အဲဒါ ရောင်းဖို့လေ။ တစ်စောင်ကို ငါးဆယ်နဲ့ရောင်းပေးပါ။ ညီမကတော့ တစ်စောင်အလကားယူလိုက်လေ"

သန္တာသဘောပေါက်သွား၏။ ကဗျာစာရွက်များကိုကြည့်ပြီး ပြုံး၏။

"စီးပွားရေးသမားပဲ။ ဘာမေဂျာလဲ"

"ဒဿနိက"

"လိုင်းမှားနေတယ်။ စီးပွားရေးယူရမှာ"

နှစ်ယောက်သား ပြုံးကြ၏။ မင်းစိုးက သန္တာ့အားကြည့်ရင်း နာမည်မေး၏။

"ဪ. . ညီမနာမည်က"

"ဘာလဲ. . ကဗျာစာရွက်ဖိုး မရမှာစိုးလို့လား။ သန္တာတဲ့. .။ မြန်မာစာဒုတိယနှစ်"

"အို. . ဟုတ်လား။ ကိုယ်က ဖရက်ရှာလေ။ ဒါကြောင့် ယောင်နနဖြစ်နေတာ၊ လိုတာရှိ ကူညီနော်"

"စိတ်ချ. .။ ကူညီချင်နေတာ ကားပေါ်စတွေ့ကတည်းကပဲ"

"ဪ. . ဟုတ်လား၊ ကျေးဇူးပါပဲ။ သွားဦးမယ်နော်"

မင်းစိုး စကားဖြတ်၍ လစ်ခဲ့၏။ ဒေါ်ခေါပိန်ကတော့ ဟပ်တော့ကြီးဖြစ်ကျန်ခဲ့ပြီ။

မတတ်နိုင်။

အရေးထဲ သူတာတစ်မှောင့်၊

ဘာပဲဖြစ်ဖြစ် ဈေးကွက်စီးပွားရေးအရတော့ သူ့ကိုဆက်ဆံရပေလိမ့်မည်။

သူ့ကဗျာဈေးကွက်က ဆက်လက်တိုးချဲ့ရဦးမည်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



မင်းစိုး တစ်စုံတစ်ယောက်ကို မျှော်နေမိသည်။

ကနဦးကတော့ နားနေဆောင်မှာ မင်းစိုးတစ်ယောက်တည်း။

မင်းစိုးမျှော်နေသူကား သန္တာလည်းဖြစ်သည်။ မင်းသူနှင့်ဇော်မိုး လည်းဖြစ်သည်။

သူတို့ဆီမှာ မင်းစိုး ကဗျာစာရွက်များပြန့်ဝေထားသည်။ ဈေးကွက်တင်ထားသည်။

သူတို့ရောင်းပေး၍ ငွေရလာလျှင် လက်ဖက်ရည်ဆိုင်သို့ ပြေးကြရမည်။

မင်းစိုး ဗိုက်လည်းဆာနေပြီ။ ထမင်းချိုင့်လည်းမပါ။ ယနေ့မှ မပါတာမဟုတ်။ ဘယ်တုန်းကမှ မပါခြင်းပါ၊ ဖြစ်သလို ကြုံသလို စား၍ နေခဲ့တာ ကြာပြီ။

ဒီနေ့တော့ ဗိုက်တအားဆာလွန်းသဖြင့် တယ်တင်ရှင်များကို မျှော်နေမိသည်။

နားနေဆောင်မှာ မင်းစိုးတစ်ယောက်တည်း၊

သိပ်မကြာ. .

ကောင်မလေးတစ်သိုက် ရောက်လာကြ၏။





နားနေဆောင်သို့ ဝင်ကြ၏။

မင်းစိုးကို ကွက်ကြည့်ကွက်ကြည့်လုပ်ကြ၏။

သူတို့လက်ထဲမှာတော့ ကဗျာစာရွက်လေးတစ်ရွက်။

အို. . ယမင်းလည်း ပါသည်ပဲ။

မင်းစိုး ရင်ထိတ်သွားသည်၊ ဆာတာတွေ ပျောက်သွား၏။

ကောင်မလေးတစ်သိုက်က ခေါင်းချင်းဆိုင်၍ ကဗျာကို လုပိုင်းဖတ်နေကြသည်။

မင်းစိုး သူတို့ကိုမကြည့်ရဲ။

ကဗျာရေးသူရှေ့လာ၍ ကဗျာမှရည်ညွှန်းသူတို့(ယမင်း)က ကဗျာကိုလာဖတ်နေကြသည်မဟုတ်လား။

သို့သော်. .

ကဗျာစာရွက်က တစ်ရွက်တည်း။

သူတို့ အဝေမကျသည့်ကြ၊

ချစ်သူက အနားမကပ်နိုင်ဘဲရှိနေသည်။

ချစ်သူက သူ့ကိုကြည့်သည်။

သူ ချစ်သူကို မကြည့်ရဲ၊

ယမင်းဆိုတဲ့ ချစ်သူရယ်. .

ကဗျာတချို့က မင်းအတွက်ရည်ညွှန်းရေးစပ်သီကုံးထားတာပါ။

ဈေးကွက်တင်လိုက်ရတာကတော့ အခြေအနေအရပါ။

ချစ်သူနားလည်ခွင့်လွှတ်နိုင်ပါစေ။

"ဟိုဦးလေးကြီး"

ယမင်းထံမှ အသံလေးက ပျံ့လွင့်လာ၏။

မင်းစိုးက ဘယ်သူ့ခေါ် ပါလိမ့်ဟု နောက်လှည့်ကြည့်မိသည်။

ယမင်းက လက်ညှိုးထိုး၍. .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကိုခေါ်တာ" တဲ့။

သည်တော့ ယမင်းသူငယ်ချင်းများက ယမင်းကိုဝိုင်းပြောကြ၏။

"နင်ကလည်း ခေါ်လိုက်တာများ ဟိုဦးလေးကြီးတဲ့။ မသိတာဆို ဟိုအစ်ကိုကြီးခေါ်ရင် တော်သေး"

"ဟို. . အစ်ကိုကြီး၊ ကဗျာစာရွက်တစ်ရွက်လောက်ပေးပါလား"

"ဗျာ"

"ကဗျာစာရွက်တစ်ရွက်လောက် ပေးပါဆို"

မင်းစိုး ကိုယ့်နားကိုယ်မယုံချင် ဖြစ်သွားရသည်။

အို. . ချစ်သူ

မင်း ကိုယ့်ကိုခေါ်သည်ပဲ၊

ကိုယ်တို့ စကားစပြောသည်ပဲ၊

အိပ်မက်လေလား ချင်သူရယ်။

မင်းစိုး သူ့လက်သူ အသာဆွဲဆိတ်ကြည့်မိ၏။

"အလဲ့. . နာတယ်ဟ"

မင်းစိုးပျော်သွားပြီ။ အိပ်မက်မဟုတ်။ တကယ်ဖြစ်နေတာ သေချာနေပြီ"

မင်းစိုး လွယ်အိတ်ထဲမှ ဖိုင်ကြီးကို ဆွဲထုတ်လိုက်သည်။

ဖိုင်ကိုဖွင့်လိုက်သည်။

ဖိုင်ထဲမှာ ကဗျာစာရွက်များ တစ်ထပ်ကြီး။

တစ်ရွက်ကိုယူလိုက်သည်။ ဖိုင်ကို လွယ်အိတ်ထဲပြန်ထည့်သည်။

ပြီး. .

ကဗျာစာရွက်လေးကို ဝင့်ကြွားစွာကိုင်ရင်း ချစ်သူ့လက်သို့ ပေးဆက်လိုက်တော့၏။

ချစ်သူက ဖော့ဖယောင်းနှယ် နူးညံ့သောလက်ကလေးဖြင့် လှမ်း





ယူသည်။

လက်ထဲရောက်လာသော စာရွက်လေးကို တမြတ်တနိုးကြည့်၍ တိုးတိုးလေးပြောသည်။

"ကျေးဇူးပဲ" တဲ့၊

"မလိုပါဘူးခင်ဗျာ။ အခုလိုပေးခွင့်ကြုံတာကိုပဲ ဂုဏ်ယူပါတယ်"

မင်းစိုး တကယ်ပင်ဂုဏ်ယူမိ၍သွားတော့မသိ။ ဗိုက်ဆာတာတွေပျောက်၍ အသံတွေလည်း တုန်ခုင်ချင်။

မတုန်၍လည်းဖြစ်။

သည်စာရွက်ထဲက ကဗျာအများစုသည် ယမင်းသို့ ရည်ညွှန်းရေးစပ်ထားသည်ချည်းဖြစ်သည်၊

အလှမ်းကွာလှသောချစ်သူသို့ တမ်းတခြင်းများစွာ၊ လွမ်းမောခြင်းဝေဒနာများစွာဖြင့် ခံစားဖွဲ့ဆိုအပ်သော အချစ်၏ပေါက်ကွဲမှုဒဿနအပိုင်းအစများကို ချစ်သူက လိုလားစွာ ဖတ်ရှုဖို့တောင်းခံလာသည်ဆိုတော့. .

ဒိတ်မကူးဝံ့သော အိပ်မက်ပမာ ဖြစ်နေခဲ့ပြီလေ။

ကားမှတ်တိုင်မှာ စဆုံကြရသည်မှ. .

ယနေ့ထက်တိုင်အောင်. .

စကားပြောဖြစ်ဖို့. .

အနီးကပ်ခွင့်၊ နီးစပ်ခွင့်ကြုံဖို့ဆိုတာတွေကို မင်းစိုးတကယ်ပဲ မမျှော်မှန်းရဲခဲ့၊

မင်းဆိုး ထင်နေမိတာက. .

ကြွေရုပ်လေးလို လှပြီး. .

ဖယောင်းရုပ်လေးလို နူးညံ့ချောမောနေတဲ့

ယမင်းဆိုတဲ့ လှယမင်းလေးဟာ. .



www.burmeseclassic.com

www.burmeseclassic.com



မာနခဲလေး ဖြစ်နေလိမ့်မယ်လို့လေ၊ အဲဒီလိုကို မင်းစိုးဘာကယ် ထင်ထားခဲ့၏။

ယခုတော့. .

အထင်နှင့်အမြင်. .

အမြင်နှင့်လက်တွေ့ဖြစ်စဉ်တွေက ကွာခြားခဲ့ပြီတော။

ဝမ်းသာလိုက်ရသည့်ဖြစ်ခြင်း။

ဝမ်းသာလွန်းလို့ မင်းစိုးဘာပြောရမည်မသိ၊

ယမင်းကို တွေကြည့်နေသည်။

ယမင်းကလည်း ဘာမှမပြောဖြစ်။

"ကျေးဇူးပဲ" နှင့် ဖြတ်ထားသည်။

မင်းစိုးကလည်း အသံတုန်တုန်ဖြင့် ဂုဏ်ယူပြီး ရပ်ထားသည်။

ယမင်း၏သူငယ်ချင်းများကလည်း သူတို့နှစ်ဦးကို ကြည့်နေကြသည်။ တီးတိုးပြောကြသည်။

"ဘာဖြစ်နေကြတာလဲဟ။ ပြောစရာရှိပြော၊ ယူစရာရှိယူလေ"

"လေများဖြတ်နေကြသလားမသိ"

"ဟဲ့. . ယမင်း။ စာရွက်ယူပြီးရင် လာလေ။ မေ့မရသုံးခွဆိုင် သွားကြမယ်"

သူတို့ စားသောက်ဆိုင်သို့ သွားကြတော့မည်ဆိုသောအသိက မင်းစိုးရင်ကို ပူပန်စေခဲ့ပြီ။

ရင်ထဲမှာ ဘာဖြစ်နေမှန်း မင်းစိုးမသိ၊

တစ်မျိုးတော့ တစ်မျိုးကြီး. . ။

ယမင်းကို နွမ်းလျစွာကြည့်လိုက်သည်၊

နွမ်းလှသောအကြည့်ကြောင့် ယမင်းက ကြင်နာမျက်ဝန်းလေးဖြင့် ပြန်ကြည့်သည်။





ယမင်း သူ့အပါးကမထွက်ခွာခင် တစ်စုံတစ်ရာ စကားတစ်ခွန်းတော့ သူပြောလိုက်ချင်သေးသည်။

ပြောဖို့လည်း လိုပါမည်။

သံစဉ်မဲ့မျက်ဝန်းများဖြင့် ဆုံခဲ့ကြသည်မှသည် သံစဉ်လေးများ ဖလှယ်ခွင့်ကြုံခဲ့ကြပြီမဟုတ်လား။

"ယမင်း. . လာလေ။ အသုပ်သွားစားကြမယ်လေဟာ"

"ဟိုအစ်ကိုကြီး. . ပြောစရာရှိရင် ပြောလိုက်လေ။ ဘာဖြစ်နေတာလဲ"

"တဗျာဆရာ ကာရန်ပျောက်နေပြီထင်တယ်"

အမျိုးမျိုးအားပေးသံတွေကြောင့် ယမင်းက သူ့အပါးက ထွက်ခွာဖို့ ဟန်ပြင်လေ၏။

ယမင်းကို သူတစ်စုံတစ်ရာပြောလိုက်ချင်သည်။

ပြောကိုပြောရမည်ဟူသောအသိကြောင့် ယမင်းလှည့်မသွားမီ စကားလေးတစ်ခွန်းကို သူပြောဖြစ်လိုက်တော့၏။

"ဗိုက်ဆာလိုက်တာဗျာ"

သွားပြီ၊ ရင်ထဲကခံစားမှုအား ဗိုက်ထဲကခံစားမှုက ကျော်ဖြတ်သွားပြီ။

အားလုံး ကြောင်သွား၏။

မင်းစိုးလည်း သူ့ပါးစပ်ကို လက်ဝါးဖြင့်ပိတ်ထားမိပြီ။

ယမင်းက ရယ်ချင်စိတ်ကို မျိုသိပ်ရင်း နှုတ်ခမ်းလေးကိုကိုက်၍ လှည့်သွားတော့သည်။

ယမင်းသူငယ်ချင်းများထံမှ အသံလေးတစ်သံထွက်လာသည်။

"ဟိုအစ်ကိုကြီး. . ။ ဆာရင်လည်း တစ်ခါတည်းလိုက်ခဲ့။ ဒါလေးပြောဖို့အရေးကို ဖြစ်နေလိုက်တာ။ ရည်းစားစကား ပြောမှတားလို့



www.burmeseclassic.com

www.burmeseclassic.com



ရင်တမမနဲ့ စောင့်နေရတာ။ ဟွန်း . . "

ယမင်းကို မျက်စောင်းထိုး၍ ပြောခြင်းဖြစ်၏။ ယမင်းက အသံထွက်မရယ်မိအောင်သာ နှုတ်ခမ်းကိုစေ့ထားသည်။

မင်းစိုးကတော့ ဘာပဲပြောပြော သူတို့နောက်လိုက်သွားဖို့ ဆုံးဖြတ်လိုက်တော့သည်။

ဒါမှလည်း ဗိုက်ဆာသည့်ပြဿနာ ဖြေရှင်းနိုင်မည်မဟုတ်လား။

လောကမှာ ဘာအရေးကြီးဆုံးလဲ။

အချစ်လား . .

ဗိုက်ဆာတာလား . . ။

မင်းစိုး သဲသဲကွဲကွဲမဆုံးဖြတ်နိုင်သေး။

လောလောဆယ်မှာတော့ . .

မင်းစိုးခြေလှမ်းများက ယမင်းတို့သူငယ်ချင်းအုပ်စုနောက်ဆီသို့။





၅

"အံမယ်လေးလေး . . ဟိုဘက်ကော့ ရှာလိုက်ရတာ။ မင်းလူ ဒီမှာလာပြီး နတ်သမီးတစ်ဖက်ငါးရာနဲ့ ကြီးပွားနေတယ်ပေါ့လေ" .

ရုတ်တရက်ရောက်လာတဲ့ မင်းသူရဲ့အသံကြောင့် မင်းစိုး လန့်သွားမိတော့၏။ ယမင်းတို့တို မျက်နှာပူစွာလည်း ကြည့်လိုက်မိသည်။

ယမင်းကတော့ အေးအေးဆေးဆေးပင်။ ဘာမှ စိတ်ဆိုးဟန်မပြ။ ကျန်သောကောင်မလေးများကလည်း မင်းသူတို့ကို စိတ်ဆိုးဟန်မပြကြ။

မင်းသူနှင့်အတူ ဇော်မိုးလည်းပါလေ၏။ ဇော်မိုးက ယမင်းဘေးမှာ ငုတ်တုတ်လေးထိုင်နေသည့် မင်းစိုးကိုကြည့်၍ အံ့အားသင့်နေ၏။

ခုံလွတ်တစ်လုံးဆွဲ၍ မင်းစိုးဘေးမှာ ဝင်ထိုင်သည်။

မင်းသူကလည်း ခုံလွတ်တစ်လုံးဆွဲ၍ သူပိုးနေသော ကြာဖြူအနီးမှာ သွားထိုင်၏။

သူတို့ကို ဘယ်သူမှဖိတ်မခေါ်ပါဘဲ ဝင်ထိုင်ကြခြင်းဖြစ်သည်။

မင်းစိုးကိုကြည့်၍ ဇော်မိုးတစ်စုံတစ်ရာပြောချင်နေပုံရသည်။ မင်းစိုးက ဘာမှမပြောဖို့ မျက်ရိပ်ပြရသည်။

ဒါပေမဲ့ . . မရ။



www.burmeseclassic.com

www.burmeseclassic.com



ဇော်မိုးက ယမင်းကိုကြည့်ပြီး ခေါ်လိုက်သည်။

"ယမင်း"

"ဘာတုံး"

ယမင်းပြန်ထူး၍ ဇော်မိုးသဘောကျသွား၏။ သူ့အစီအစဉ်ကို ဆက်လုပ်ဖို့ဟန်ပြင်လိုက်သည်။ မင်းစိုးက မျက်ရိပ်ပြတာနှင့်တားထားပါသော်လည်း မရ။

"ယမင်း. . နင် သူ့ကိုသိလား"

"သိသားပဲ။ သိလို့ အတူထိုင်နေမှာပေါ့"

သွားပြီ။ ဇော်မိုးဆက်မပြောတတ်တော့။ သူကျက်ထားတာက ယမင်း "သိဘူး"ဖြေလျှင် သိတာက ဘာညာသာရကာ နေကြာကွာစိတွေ အထုပ်လိုက်ပစ်ကျွေးဖို့ဖြစ်၏။

ဖောရှောစနစ်ဖြင့် ရောကောသောကောလုပ်ပစ်ကြရန်ဖြစ်၏။

ယခုတော့ ဘာဆက်ပြောရမှန်းမသိတော့။ ပြောမိပြောရာ ပြောလိုက်ရတော့သည်။

"အေး. . သိလည်းအေးတာပဲ။ သူ့ကိုသိရင် ငါ့ကိုတစ်ခုခုကျွေး"

"ဘာဆိုင်လဲ"

"မေ့မရသုံးခွ အသုပ်ဆိုင်လေး ခေါက်ဆွဲသုပ်ကောင်းတယ်တဲ့။ ဟော့. . ခေါက်ဆွဲသုပ်တစ်ပွဲ"

"ဟောတော့. . ဇွတ်"

ယမင်း ပါးစပ်လေးဟပြီး ပြောလိုက်လေရဲ့။

ဘာပဲပြောပြော. .

အသုပ်တစ်ပွဲက ရှေ့ရောက်လာပြီမို့ ဇော်မိုးအားရပါးရအား ပေးနေလေပြီ။

ဟိုဘက်က မင်းသူလည်း တစ်ဖက်ဆိုင်မှ အအေးတွေဘာတွေ





မှာသောက်လို့။

ဘယ်သူ့အားကိုးနှင့် စားကြသောက်ကြသည်လဲတော့ မသိ။

မင်းခို မုတ်ဆိတ်မွှေးပွနေတာတော့ အမှန်ပင်။ ဇော်မိုးက စားရင်း ဝါးရင်းနှင့် ယမင်းကိုကြည့်ကာ မေးခွန်းတွေထုတ်နေ၏။

"နေပါဦးဟ. . ။ နင်တို့က သူ့ကို ဘယ်တုန်းကသိတာလဲ။ သူ့ နာမည် ဘယ်သူလဲ"

ဇော်မိုးအမေးကြောင့် ယမင်း ငကြောင်အမ်းအမ်းဖြစ်သွား၏။

ဟုတ်သားပဲ။

သူ့နာမည်ကို မမေးမိသေးဘဲ။

အခြေအနေကိုရိပ်စားမိသော ဇော်မိုးက ဖိမေး၏။ ချောက်တွန်းလိုက်ခြင်းဖြစ်သည်။

"ပြောလေဟာ. . ။ သူနဲ့သိတယ်ဆို။ သူ့နာမည် ဘယ်သူလဲ"

"အယ်. . ဘဲကင်"

"ဘာ. . အယ်ဒွန်းရိုပဲကြားဖူးတယ်၊ အယ်ဘဲကင်ဆိုတာ မကြားဖူးဘူး၊ ပြင်ပြော"

ခေါင်းငိုက်စိုက်ဖြစ်သွားပြီ။ ယမင်းလည်း ပါးစပ်ကို လက်ဝါးလေးနှင့်ပိတ်ပြီး မင်းစိုးကို အားနာစွာကြည့်သည်။

"ဆောရီးပဲနော်အစ်ကို။ ဘဲကင်ဆိုတာလေ ဟိမ်က ဘဲကင်မှာ ထားတာ အမှတ်မရလို့။ သိလား။ ဟိုအစ်ကိုကြီး. . နာမည်ဘယ်သူလဲဟင်"

ယမင်းက အားနာလှစွာပြောရင်း သူ့နာမည်မေးသည်ကို မင်းစိုးက မည်သို့ပြန်လိုက်သနည်းဆိုသော်. .

မင်းသူဘက်သို့ လှမ်းကြည့်၍. .

"ဟိုအစ်ကိုကြီးနာမည်လား။ မင်းသူတဲ့"

ဟု ပြောချလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ . . သူ့နာမည်မေးတာကို"

ယမင်းက ဖက်လေးပုပြောတော့မှ မင်းစိုးသားကာခေါက်သွား၏။ သူ့နာမည်နှစ်လုံးကိုလည်း ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်လေတော့၏။

"မင်းစိုး . ."

"ကိုမင်းစိုး . ."

ယမင်းက နာမည်ကိုရွှတ်ကြည့်နေပြီးပြစ်၏၊ ဒါကို ကျော့ရှုရှင်က ထူးဖြစ်အောင် ထူးလိုက်သေး၏။

"ဗျာ"

"ကိုမင်းစိုး"

"ခင်ဗျာ"

"မင်းစိုး . . မင်းစိုး"

"ဗျာ . . ဗျာ"

"ဟုတ်ပါပြီ . . ကြားဖူးတယ်မှတ်တာ။ သေသွားတဲ့ ကျွန်မဦးလေးနာမည်နဲ့ တူနေတာကိုး။ ဒါကြောင့် ဒီနာမည်ရင်းနှီးပါတယ်မှတ်နေတာ။ မင်းစိုး . ."

"ခင်ဗျာ"

"မင်းစိုး . . မင်းစိုး"

"ဗျာ . . ဗျာ"

"ဟာ . . ဒီကောင် မင်းကိုခေါ်နေတာမဟုတ်ဘူးဟ။ လိုက်ထူးမနေနဲ့။ ယမင်းက သေသွားတဲ့သူ့ဦးလေးကို အမှတ်ရလို့ ဟ,နေတာဟ"

ဇော်မိုးက တံတောင်နှင့်တွက်ပြီးပြောမှ မင်းစိုးအထူးရပ်သွား၏၊

မင်းစိုးကိုကြည့်၍ ခင်းသူက လှမ်းပြောသေး၏၊

"ဟေ့ကောင် . . မင်းစိုး။ မိန်းကလေးတစ်ယောက်က မခေါ်ဘဲနဲ့ထူးရင် ပြစ်မှုဆိုင်ရာဥပဒေနဲ့ ငြိစွန်းသွားနိုင်တယ်ကွ။ ပါးစပ်ပိတ်ပြီး





ငြိမ်ငြိမ်နေ"

မင်းသူက အသားလွှတ်ဖင်ပေါက်ပြီး ကြာဖြူကို ကြူတူတူ ဆက်လုပ်နေ၏၊ ဘာရယ်မဟုတ်။ အသားလွှတ် အမှတ်ဝင်ယူခြင်းပင်။

ယမင်းက မင်းစိုးကို အထူးအားနာဟန်ဖြင့်ကြည့်ပြီး တောင်းပန်လေ၏။

"အားနာလိုက်တာရှင်၊ ရုတ်တရက်ဆိုတော့ သေသွားတဲ့ဦးလေးကို အမှတ်ရလိုက်လို့။ အစ်ကိုက ဦးလေးနဲ့ နာမည်တင်တူတာမဟုတ်ဘူး၊ ရုပ်ချင်းလည်း ခပ်ဆင်ဆင်၊ ဒီနေ့ကစပြီး အစ်ကို့ကို ဦးလေးလိုသတ်မှတ်လိုက်တော့မယ်နော်"

"ဗျာ . ."

မင်းစိုး တိုင်နှင့်ခေါင်းနှင့် ပြေးဆောင့်လိုက်ချင်တော့၏။

လောကကြီး ဘာတွေဖြစ်ကုန်ပြီနည်း။

ခုတ်တာတခြား ရှတာတခြား . .

ဆွတ်တာတစ်မျိုး၊ ကြွေတာတစ်ဖုံ . .

နမ်းတာတခြား၊ မွှေးတာတစ်မျိုး

ခိုးတာအချစ်၊ ဖြစ်တာအမုန်း . .

လောကကြီး ဘာတွေဖြစ်နေပြီနည်း။

အသင်လောကမှားသည်လော . . ကျွန်ုပ်မှားသည်လော . . ။

မင်းစိုးရင်ထဲမှာ ဗလောင်ဆူနေတော့၏။ အရှင်လတ်လတ် ဦးလေးဖြစ်နေတာထက်စာလျှင် အစ်ကိုတော်ရတာမှ တော်သေးဟု တွေးရင်း မင်းစိုးဈေးဆစ်လိုက်သည်။

"ဦးလေးတော့ များပါတယ်။ အစ်ကိုထား"

"ရှင် . ."

ယမင်း မျက်လုံးလေးဝိုင်းသွား၏။ မင်းစိုးစကားကိုအားလုံး



www.burmeseclassic.com

www.burmeseclassic.com



သဘောကျစွာ ဝိုင်းရယ်ကြသည်၊ ကူညီပြောပေးသလိုလိုနှင့် တွန်းပင့်သလိုလည်း လုပ်ကြ၏။

"ဟုတ်သားပဲယမင်းရာ။ ဒီလောက်ဘဗျာဆရာငယ်ငယ်လေးကို ဦးလေးအရာ ခန့်အပ်ရသတဲ့။ မသကာ ကြင်ရာတော်. . အဲ. . အစ်ကိုတော်၊ မောင်တော် ရာထူးခန့်တာယ်ဆို တော်သေး"

ယမင်း ရှက်သွေးဖြာသွား၏။ မင်းစိုးကို မျက်လုံးရွဲကြီးများဖြင့် မော့ကြည့်သည်။ ပြီး. . မျက်လွှာချသွားသည်။

မင်းစိုးကလည်း ဘာပြောရမှန်းမသိ၊ ဈေးဦးလန်သွားမှာစိုးသဖြင့် အောက်ဈေးဖြင့်ထိုးပေးဖို့ စဉ်းစားမိလိုက်သည်လားမသိ။

"ကိုမင်းစိုးလို့ ရိုးရိုးပဲခေါ်ပေါ့" တဲ့။

ခုမှ စတွေ့ကြ၊ စသိကြတာကိုများ ရိုးရိုးမခေါ် ခိုင်းဘဲ ဘယ်လိုများ ရှယ်ခေါ် ခိုင်းချင်သေးသည်မသိ။

ဘာပဲဖြစ်ဖြစ် ထိုနေ့က သူတို့တတွေ ရှယ်သူငယ်ချင်းတွေဖြစ်သွားကြတာတော့ အမှန်ပင်။

ထိုနေ့က ကုန်ကျစရိတ်ကို ယမင်းကပဲ ကျခံသွားခဲ့သည်။

ယမင်းမကျခံလို့ကလည်း မင်းစိုးတို့မှာ ကျခံစရာ ခြူးတစ်ပြားမှ မရှိကြ။

မင်းသူတို့ ကဗျာစာရွက်ရောင်းရငွေသုံးရာခန့်ကလည်း နောက်နေ့စရိတ် ထားရဦးမည်။

ထိုနေ့က သန္တာကို လုံးဝမတွေ့ရ။

သန္တာတစ်ယောက် ကဗျာစာရွက်များနှင့်အတူ ကိုယ်ရောင်ပျောက်နေခဲ့သည်လေ။

တော်ပါသေးရဲ့။





"ဟင်. . သန္တာတစ်ယောက်တည်းလား"

"အင်း"

"ဘယ်သူမှ မပါဘူးလား"

"တစ်ယောက်တည်းပါဆို"

"ဟိုနေ့တွေက မမြင်မိပါဘူး"

"ဟုတ်တယ်၊ နေမကောင်းလို့ ကျောင်းနှစ်ရက်မတက်နိုင်ဘူး"

"ဘယ်လိုဖြစ်ရတာလဲ"

"လွမ်းဖျား၊ သနားဖျား ဖျားတာ"

"သနားဖျား. . ဘယ်သူ့ကိုများ သနားရတာလဲ"

"အေးအေးဆေးဆေးပြောမယ်။ ဘာစားမလဲ။ မှာလေ"

"အားနာစရာ။ ကိုယ်က ကျွေးရမှာကို။ ကဗျာစာရွက်တွေရောင်းရတယ်မဟုတ်လား"

"အကုန်ပြတ်တယ်။ ရော့. . အရွက်နှစ်ဆယ်အတွက် တစ်ထောင်"

"အရောင်းမန့်နေဂျာဖြစ်ထိုက်တယ်။ ထပ်ရောင်းပေးဦးလေ"

"တော်ပြီ. . ထပ်မရိုက်နိုင်တော့ဘူး"

"ဟင်. . ဘယ်လို၊ အကုန်ပြတ်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ အိမ်မှာ အထပ်လိုက် စားပွဲပေါ် တင်ထားမိတာ တူမလေးနှစ်ယောက်က အရုပ်လုပ်မယ်ဆိုပြီး ယူကတ်ကြေးနဲ့ဖြတ်ကြတာ အကုန်ပြတ်ကုန်ရော။ အရွက်နှစ်ဆယ်လုံးကို ပြတ်သွားတာ"

"မှားပါတယ်"

မင်းစိုးစိတ်လေသွား၏၊ သန္တာပေးထားသည့် တစ်ထောင်တန်ကိုလည်း ပြန်တောင်းမည်စိုးသဖြင့် အမြန်အိတ်ထဲထည့်လိုက်ရ၏။

သူ့ကဗျာစာရွက် အရွက်နှစ်ဆယ်လုံးပြတ်သည်ဆိုသဖြင့် လက်မထောင်ကာ ရင်ကော့မည် ကြံမိသော်လည်း. .

ကတ်ကြေးစာမိ၍ ပြတ်သွားကြောင်း သိလိုက်ရသဖြင့် လက်မလေးလည်း ဝှက်ထားမိ၏။ ရင်လည်း ချိုင့်ဝင်သွား၏။ မျက်နှာလေးလည်း ငယ်သွား၏။

ဒါကို ရိပ်မိပုံရသော သန္တာက အားပေးစကားပြော၏။

"စိတ်မပျက်ပါနဲ့၊ ကဗျာတွေက အရမ်းကောင်းတာ။ ကဗျာကောင်းလွန်းတော့ ကဗျာဒဏ်ကို စက္ကူမခံနိုင်လို့ ကတ်ကြေးစာမိသွားတာနေမှာ"

"ဟုတ်မယ်နော်"

မင်းစိုး ငိုမဲ့မဲ့လေးဖြင့် ထောက်ခံ၏၊ သန္တာက ဆက်ပြောသည်။

"ကဗျာတွေကအရမ်းကောင်းတော့ ဖတ်ရတဲ့သူ အရမ်းခံစားရတယ်။ ကြွတယ်ပြောရမလားပဲ။ ဒါနဲ့ အစ်ကို့နာမည်က ဘယ်သူ. . ။ မင်းစိုး"

"အန်. ."

သူ့ဟာသူမေး၊ သူ့ဟာသူဖြေလိုက်သဖြင့် မင်းစိုးကြောင်သွားသည်။ သန္တာက ဆက်ပြော၏။

"မင်းစိုးဆိုတာ ဟိုကောင်တွေဆီကကြားရလို့ သိတာပါ။ အစ်ကို





ရတ်ခက်တယ်။ သန္တာ့ကို နာမည်လေးတောင် ပြောဖော်မရဘူး. . ဟင့်"

ပြဿနာက ခလေပြီ။ သန္တာက ပြောရင်း ငိုမလို နှုတ်ခမ်းစူ၏။ နှုတ်ခမ်းစူတော့ သွားကြီးက ပိုရှေ့ထွက်လာသလို။

သူမငိုခင် မင်းစိုးငိုချင်နေ၏။

"တကယ်တော့ အစ်ကို့ကဗျာတွေဟာ နှလုံးသားရဲ့သံစဉ်၊ ရင်ထဲကပေါက်ကွဲမှု၊ သောကမုန်တိုင်းရဲ့ခြေရာ၊ မျက်ရည်မြစ်ရဲ့စီးဆင်းရာ၊ အချစ်တို့ရဲ့ဆုံမှတ်၊ အမုန်းတို့ပုန်းကွယ်ရာ. . "

"တော်ပါတော့ခင်ဗျာ။ ကျွန်တော်ရေးစပ်တာ အဲဒီလောက်မခံစားခဲ့ရပါဘူးခင်ဗျ"

မင်းစိုးသဘောအော်၏။ သန္တာကတော့ ဘာကိုမှဂရုမစိုက်။ အထူးပီလင်ဖြင့် အမျှင်မပြတ် ဆက်ပြောပြန်သည်၊

"ကိုယ့်ကိုယ်ကိုယ်နှိမ့်ချတာ လူတော်"

"အန်. . "

"လူလျှော်တွေက ကိုယ်တော်ကြောင်း၊ တတ်ကြောင်း၊ ကောင်းကြောင်းတွေ ပြောတတ်ကြပေမယ့် အစ်ကိုက အဲဒီလိုမျိုးမဟုတ်ဘူး။ ဒါကြောင့် အစ်ကို့ပေါ် ပိုပြီးသံယောဇဉ်ဖြစ်ရတာ"

"ဗုဒ္ဓေါ"

"အဟုတ်ပြောတာပါအစ်ကို။ သန္တာများတာ အစ်ကို့ကဗျာတွေဖတ်ပြီး သနားဖျား ဖျားတာပါအစ်ကို"

"ဘယ်သူ့များ သနားရတာတုံး"

"အစ်ကို့ကို သနားတာ"

"မြတ်စွာဘုရား"

"ဟုတ်တယ်အစ်ကို။ ဘုရားရှေ့ပြောက် သစ္စာဆို ပြောရဲပါရဲ့ သန္တာလေ အစ်ကို့ကိုအရမ်းအရမ်းသနားတာပဲ။ အစ်ကိုကလေ နှင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဝေကျနေတဲ့ မှုန်ပျပျနံနက်ခင်းလှလှလေးမှာ တဏ္ဍာသိုလ်အငင်မှုန်ဝ စွယ်တော်ပင်တန်းတွေကြားက ကြည်ပြာရောင်လမ်းလေးပေါ်မှာ နှစ်ယောက်သားပျော်ရွှင် တူယှဉ်ဖွာလက်တွဲကြည်နူးခဲ့ဖူးချင်ပါရဲ့လို့ ရေးစပ်ထားခဲ့တယ်နော်"

"အင်း. . အင်းလေ. . အဲဒါ စိတ်ကူးကဗျာစာသားပါ"

"ဘာပဲဖြစ်ဖြစ် အစ်ကိုရယ်. .။ အဲဒီစာသားလေးကို ဖတ်ပြီး အစ်ကို့ကို သန္တာအရမ်းသနားတယ်"

"ရပါတယ်. . မသနားနဲ့တော့။ အလကားပြောတာ"

"အစ်ကိုကလေ. . ချစ်သူနဲ့လက်တွဲပြီး စွယ်တော်ပင်တန်းကြားက ကြည်ပြာရောင်လမ်းပေါ်မှာ လျှောက်ချင်တာမဟုတ်လားဟင်"

"ဟုတ်ပါဘူး. . နောက်တာ"

"သနားတယ် အစ်ကိုရယ်"

"မသနားပါနဲ့တော့"

"အစ်ကို"

"အင်"

"အစ်ကို့ဆန္ဒကို သန္တာဖြည့်ဆည်းပေးချင်တယ်ကွယ်"

"အယ်. ."

"တကယ်ပါအင်ကိုး မိန်းကလေးတစ်ယောက်ကစလို့ ဒီလိုစကားတွေပြောရမယ်ဆို ရှက်ထိုက်ပါတယ်"

"ဟုတ်ပါရဲ့"

"ဒါပေမဲ့ ရှက်ဘူးအစ်ကို"

"ရှက်ပါကွာ"

"ရှက်နိုင်ဘူး။ ကဗျာရေးတဲ့ အစ်ကို့လက်လေးတွေက သိပ်နူးညံ့တာပဲနော်"





သန္တာက မင်းစိုး၏လက်ကလေးကို သူ၏ပိန်သွယ်သွယ်လက်ကလေးဖြင့် ဆုပ်ကိုင်လိုက်သည်။

မင်းစိုးရင်မှာ ဒိန်းခနဲဖြစ်ပြီး အသားလေးများ ဆတ်ဆတ်တုန်လျက် ကတုန်ကယင်လေးပြောမိသည်မှာ. .

"သန္တာ. . လူတွေမြင်ရင် ရှက်စရာကြီး။ လွှတ်ကွာ"တဲ့။

သန္တာက မလွှတ်။

ရွှေလက်မြမြ တွဲထားသည်၊ တိုးတိုးလေးလည်း ပြောသေး၏။

"လာ. . အစ်ကို။ ညီမလက်ကိုတွဲပြီး စွယ်တော်တန်းရဲ့ ကြည်ပြာရောင်လမ်းကလေးမှာ လျှောက်လိုက်ကြရအောင်"

"လျှောက်ဘူး. . လွှတ်"

"မလွှတ်ဘူး. . လျှောက်ရမယ်"

"လျှောက်ပါဘူး. . လွှတ်ပါဆိုဗျ"

မင်းစိုးငိုတော့မည်။ သန္တာကား ငွတ်။ ဆိုင်က ကောင်လေးကလည်း အားပေး၏။

"ဟုတ်သားပဲ အစ်ကိုကလည်း. .။ လိုက်သွားလိုက်ပါ။ အစ်မက အစ်ကို့ကို သနားနေတာကြာပြီ"

"သူသနားတာ ငါသိတယ်။ မင်းဘာသိလို့လဲ"

မင်းစိုးက ချာတိတ်ကိုဟောက်ပစ်လိုက်တော့မှ ချာတိတ် ပြုံးစိစိနှင့် နောက်ဆုတ်သွားလေ၏။ ဒါတောင် အားပေးစကားပြောလိုက်သေး၏။

"အစ်မ. . ရအောင်ခေါ်၊ မလွှတ်နဲ့"တဲ့။

မြှောက်ပေးသည့်သူကလည်း မြှောက်ပေးနေတော့ သန္တာကလည်း မလွှတ်တော့၊

"လာပါဆို"

"လာပါဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



"လာကွာ"

"လာဘူးကွာ"

"မလာရင် အော်လိုက်မယ်နော်"

"အန်. ."

"အစ်မ. . အော်လိုက်. . အော်လိုက်"

ဆိုင်ကချာတိတ်က ဝင်မြှောက်ပေးနေပြန်သဖြင့် မင်းစိုးလှမ်းဟောက်လိုက်ရသေး၏။

"တောက်. . မင်းက တစ်မျိုး၊ စွတ်မအော်ခိုင်းနဲ့။ ဒါ ထောင်ကျကိန်းဟ"

"ဒါဆိုလည်း လိုက်သွားလိုက်ပေါ့"

ချာတိတ်က ရှည်တော်မူသေး၏။ မင်းစိုး မျက်စိမျက်နှာပျက်နေပြီ။ ကိုယ်ပါပျက်ဖို့ နီးနေပြီ၊

"ဒါက ဘယ်လိုဖြစ်နေကြတာတုံး"

"ဟောတော့. . ဆွဲလားရမ်းလားနဲ့ ဘယ်လိုဖြစ်နေကြတာလဲ"

သွားပြီ။ ယမင်းတို့လူစုရောက်လာ၏။ သူတို့အဖြစ်ကို မြင်သဖြင့် တအံ့တသြမေးကြ၏။

သန္တာက နတ်သံနှော၍ ပြောပြ၏။ မင်းစိုးလက်ကိုတော့ မလွှတ်သေး။

ယမင်းက နှုတ်ခမ်းစေ့ထား၏။ ရယ်ချင်နေပုံအပြည့်၊ ကြာဖြူက စဉ်းစား၏။ သူတို့ချင်း တီးတိုးပြောကြ၏။

ထိုစဉ်. .

မင်းသူနှင့်ဇော်မိုး ရောက်လာ၏။

သူတို့နှစ်ယောက်ကိုလည်း ကြာဖြူက တီးတိုးပြောပြနေ၏။

အားလုံးမှာ ခေါင်းလေးများညိတ်လိုက်၊ သူနှင့်သန္တာကိုကြည့်





လိုက် ရှိနေချေ၏။

သန္တာကလည်း ခုချိန်ထိ လက်တွဲမဖြုတ်သေး။ ရွှေလက်မြဲမြဲတွဲထားဆဲ။

နောက်ဆုံး ကြာဖြူက ဆရာမကြီးလေသံဖြင့် ပြော၏။

"ဘဲ. .နွားထောင်။ သန္တာက ကိုမင်းစိုးကဗျာကိုဖတ်ပြီး ပွဲတယ်"

"ကြွေတာပါဟ"

မင်းသူက ဝင်ထောက်၏။

"အတူတူပဲ။ ပွဲပွဲကြွေကြွေ အတူတူပဲ။ ဒါဟာ ဘာလဲဆိုတော့ ကဗျာရဲ့စွမ်းအားပဲ။ ကဗျာကြောင့် သန္တာသနားဖျားဖျားတယ်ဆိုတာလည်း ထင်ရှားတယ်။ ဒီတော့ သန္တာကျေနပ်အောင် အခုအတိုင်းလက်တွဲပြီး ကြည်ပြာရောင်လမ်းလေးမှာ တစ်ခေါက်လျှောက်ပေးလိုက်ပါ"

"ဟေး. ."

"ဖြောင်း. . ဖြောင်း"

သန္တာပျော်သွားသလောက် မင်းစိုးငိုမဲ့မဲ့ကြီးဖြစ်သွား၏။ ယမင်းတို့ အသနားခံတဲ့မျက်လုံးများနှင့် လှမ်းကြည့်၏။

ယမင်းက တိုဘက်လှည့်ပြုံးသည်။

မင်းစိုးက မင်းသူနှင့်ဇော်မိုးထံ ကြည့်ပြန်၏။

မင်းသူ ခေါင်းခါသည်။

ဇော်မိုး ခေါင်းရမ်း၏။

"ဒါဆိုလည်း ငါ့ကိုသနားရင် မင်းတို့ပါ နောက်ကလိုက်ခဲ့ကြပါ"

မင်းစိုး၏တောင်းဆိုချက်ကို အားလုံးသဘောတူ၏။

မင်းသူနှင့်ဇော်မိုးတို့သာမက ယမင်းတို့အဖွဲ့ပါ နောက်ကလိုက်ကြမည်။

သန္တာပျော်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

မင်းစိုးလက်ကိုဆွဲ၍ စတင်လျှောက်လှမ်းသည်။

သူတို့နောက်မှ မင်းသူနှင့်ဇော်မိုးတို့အပါအဝင် ယမင်းတို့တစ်ဖွဲ့လုံး။

မင်းစိုးကဗျာထဲမှာက. .

နှင်းတွေဝေနေတဲ့ မှုန်ပျပျနံနက်ခင်းမှာ ချစ်သူရဲ့လက်ကိုတွဲပြီး စွယ်တော်တန်းကြားမှာ လျှောက်ရမှာဖြစ်၏။

ယခု လက်တွေ့မှာတော့. .

နေက ပူနေ၏။

နောက်မှာ လူတွေတစ်ထွေးကြီး လိုက်ပါနေ၏။

လူတွေလည်း ဝိုင်းကြည့်နေကြ၏။

ဘာတတ်နိုင်ပါသေးသနည်း။



❮၄❯

"ယမင်း"

"ရှင်"

"ဘာတွေ ဆုတောင်းလဲ"

"စာမေးပွဲ အောင်ပါစေပေါ့"

"နောက်ကော"

"ချစ်သူနဲ့ ပေါင်းရပါစေ"

"ယမင်းမှာ ချစ်သူရှိလို့လား"

"အင်း. ."

ယမင်း၏အဖြေကြောင့် မင်းစိုးတွေသွားသည်။ မျက်စိမျက်နှာပျက်သွားသည်။ ယမင်းက ရိပ်မိသဖြင့် အပြုံးဖြင့်ပြောရှာသည်။

"ယမင်းမှာ ချစ်သူရှိတယ်ဆိုတာက ယမင်းချစ်နေမိသူရှိတာကိုပြောတာပါ။ ဟိုဘက်က ဘာမှ မပြောသေးဘူးလေ။ ပြောရင်တော့ လက်ခံလိုက်မလားလို့"

ယမင်းက လျှောချမှ မင်းစိုးမျက်နှာ ပြန်လည်ဝင်းလာသည်။

"အချစ်တစ်ခုကို အရမ်းတော့မဆုံးဖြတ်ပါနဲ့ ယမင်းရယ်။ စဉ်းစားချင့်ချိန်နိုင်မှ တန်ကာကျမှာ"

"စဉ်းစားပြီးသားပါ။ ဟိုဘက်က ဘာမှမပြောသေးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတိုင်းလည်း မယုံနဲ့နော်"

"ယုံအောင်ပြောရင် ယုံမှာပဲ"

"ယမင်းကလည်း ခက်တယ်ကွာ"

"ခက်တာက အစ်ကိုပါ"

နှစ်ဦးသား စကားဆက်မဆိုဖြစ်ကြတော့။ တသွင်သွင်စီးနေသော မြစ်ရေပြင်ကို ငေးမောနေမိကြသည်။

သူတို့ဘုရားဖူးလာရာ ကျောက်တန်းရေလယ်ဘုရားမှာ ယနေ့ဘုရားဖူးများနည်းသည်။ သူတို့လာတာ ကြားရက်ဖြစ်သောကြောင့်ဖြစ်၏။ ရုံးပိတ်ရက်များဆိုလျှင်တော့ ကျောက်တန်းရေလယ်ဘုရားမှာ ဘုရားဖူးများ အထူးစည်ကားတတ်၏။ ကမ်းစပ်မှ စက်တပ်သမ္ဗန်များဖြင့် ရေလယ်ဘုရားသို့ အသွားအပြန်ပို့ပေးသည်။ သမ္ဗန်ပေါ် အတက်အဆင်း လုပ်ရသည်မှာ အသည်းထိတ်စရာကောင်းလှသည်။

လှေအဆင်း၊ မြင်းအတက်ဟု ဆိုစကားရှိသည်မဟုတ်လား။

ယမင်းသမ္ဗန်ပေါ်တက်တော့ မင်းစိုးက လက်ကမ်းပေးရ၏။ အတက်ကျတော့လည်း မင်းစိုးက အရင်တက်ပြီး လက်ကမ်းပေးသည်။ ယမင်းက မင်းစိုးလက်ကို ဆွဲတက်သည်။ ဘုရားလှေကားရောက်တာတောင် လက်ကိုမလွှတ်လိုက်သေး။ လက်တွဲလျက်ပင် သွားမိကြ၏။

မင်းစိုးတို့မှာ တရားကျဖို့ကောင်းသေးတော့၊ သန္တာလက်ကိုင်တုန်းကတော့ ငိုမလို၊ ရယ်မလိုး အရပ်ကူပါ လူဝိုင်းပါနှင့်။ အခုကျတော့ ဘာသံမှမထွက်။ နည်းတယ်များတောင် ထင်နေသလားမသိ။ ယမင်းက ဘုရား ကန်တော့ဖို့ လက်လေးလွှတ်ရမှာကိုများ မလွှတ်ချင်လွှတ်ချင်နှင့်ဖြစ်နေလိုက်သေး။

ယမင်းက အပြုံးလေးနှင့် လက်ကိုလွှတ်ဖို့ရန်းတော့မှ 'ဟင်း' ချပြီး လွှတ်ပေးလိုက်ခြင်းပါ။ ယမင်းမရုန်းလို့ကတော့ စုပါဝလူးကော်နှင့်ကပ်ထားသလို ဖြစ်တော့မည်။

ယမင်းခမျာ ဘုရားရှိခိုးတာပင် ဖြောင့်ဖြောင့်မရှိခိုးရ။ ရှိခိုးပြီး





သည်နှင့် နေရာကခေါ်ပြီး ဘာတွေဆုတောင်းလဲ၊ ဘာလဲ မေးနေခြင်းပင်။

ယမင်းမှာ ပြောသာပြောနေရသည်။ စိတ်တိုချင်ချင်ဖြစ်ရ၏။

ကြည့်ပါဦး၊ မိန်းကလေးက လမ်းဖွင့်ပေးထားတာတောင် သူက လမ်းကို ပိတ်ပစ်သည်။

သူ့ကိုယ်သူ သေကြောင်းကြံသလို မဟုတ်တာတွေလျှောက်ပြောနေသည်။

ယမင်းသာ သန္တာလို မွှင့်လင်းစွာ ပြတ်သားပြလိုက်ရရင်ဖြင့် ကျော်မကောင်း၊ ကြားမကောင်းဖြစ်တော့မည်။

သန္တာက တစ်ပိုင်း။

ယမင်းက တစ်ပိုင်း။

နှစ်ယောက်ပေါင်းလျှင်တော့ နှစ်ပိုင်းမဟုတ်လား။

ပြောကြေးဆို ယမင်းနှင့်မင်းစိုး ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ လပေါင်းများစွာကြာခဲ့ပြီ။

ယခု ကျောက်တန်းရေလယ်ဘုရားဆို နှစ်ခေါက်ရှိပြီ။

ဗိုလ်တထောင်ဘုရားဆို သုံးခေါက်၊ ဆူးလေဘုရား တစ်ခေါက်၊ ရွှေတိဂုံဘုရား သုံးခေါက် ရောက်ခဲ့ကြပြီ။

ဘုရားဖူးလှည့်လည်နေခြင်းတော့မဟုတ်။ ကျေးဇူးရှင် ကိုရွှေမင်းစိုးက ဘုရားလူကြီးလုပ်ဖို့များ ရည်ရွယ်ထားသလားမသိ။

ထစ်ခနဲဆို ဘုရားသွားမယ်ဆို၍ ယမင်းလိုက်ခဲ့ရပေါင်းများပြီ။ ဘုရားရောက်တော့လည်း ဘာမှမဟုတ်။ ဘုရားကန်တော့၊ အလှူခံပုံးထဲ ငွေလှူပြီး ခဏထိုင်။ ပြန်ရုံပဲ၊

အလှူခံပုံးထဲ ငွေထည့်တိုင်းလည်း ယမင်းဆီကချည်း တောင်းထည့်တတ်သဖြင့် ဘုရားသွားကြမည်တော့ဆို ယမင်းခမျာ အကြွေလဲထားရသည်မှာ အမောပ။

ယခု ကျောင်းအပြန် ကျောက်တန်းရေလယ်ဘုရားဖူးကြမည်ဆိုပြီး လာခဲ့ကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးပြီးတော့ နေအတော်ညိုပြီ။ နာရီကြည့်တော့ ညနေလေးနာရီရှိနေပြီ။

"ပြန်ကြရအောင် . .။ ကားမရဘဲနေမယ်"

"ကားတွေ ပေါပါတယ်"

မင်းစိုးပြောသလို ကားပေါတာမှန်သော်လည်း ရန်ကုန်ပန်းဆိုးတန်းသွားသောကားက ရှားသည်၊ တာမွေဘက်သွားသည့်ကားတွေကသာ. များခြင်းပါ။

စကားတပြောပြောနှင့် ဘုရားပေါ်မှ ဆင်းခဲ့ကြသည်။

သမွန်ပေါ်အတက်အဆင်းမှာ ထုံးစံအတိုင်း ယမင်းလက်လေးကို သူဆွဲသည်။

ထုံးစံအတိုင်း ပြန်မလွှတ်။

ကားပေါ်တက်မှ ပြန်လွှတ်သည်၊

ကားပေါ်မှာထိုင်ရင်း တစ်ခါတစ်ရံ ကိုင်မြန်သည်။

ယမင်း၏လက်သည်းရှည်လေးများကို တုတ်ခြစ်နေတတ်သည်။

ပါးစပ်ကတော့ ဘာမှမပြော။

ရှင်းရှင်းပြောရလျှင် ရည်းစားလည်းမဟုတ်။

ဆီးပြားလည်းမဟုတ်၊

ဘာလုပ်နေမှန်းမသိ။

ယမင်းလက်ကို ကစားစရာများ မှတ်နေရော့လား။

ယခုလည်း ကြည့် . .

ကားပေါ်မှာ ယမင်းလက်ကလေးကို ကိုင်လိုက်၊ ပြန်ချလိုက်နှင့် ပွဲက ပြတ်သွားသည်။

ယမင်း ဘာပြောရမှန်းကိုမသိ။ သူကလည်း ဘာမှ ဟုတ်တိပတ်တိမပြော။

ကိုင်း. . မည်သို့လုပ်ရပါမည်နည်း၊

ဆုံး . ၇ ဆုံး





"မောင်မင်းစိုး. . မင်း ကဗျာစာအုပ်တွက်ပလိုးကို"

"ဟုတ်ကဲ့. . ဦးလေး"

"ကြည့်လည်းလုပ်ပါဦး ငါတူရယ်။ ကျောင်းစာတစ်ဖက်နဲ့"

"ကျောင်းစာကို မထိခိုက်ပါဘူး ဦးလေးရဲ့။ ကဗျာက ရေးပြီးသားတွေ။ တစ်ယောက်တည်းမဟုတ်ပါဘူး။ သူငယ်ချင်းလေးယောက်ပေါင်းထုတ်ကြမှာ"

"အေးလေ. . ကြည့်လုပ်ပေါ့။ အဆင်ပြေတယ်မဟုတ်လား"

"ပြေပါတယ် ဦးလေး၊ စာစီ၊ ရုံးတင်၊ ပုံနှိပ်ကအစ ကူညီမယ့်သူရှိပါတယ်"

"အေး. . အေး. . အကူအညီလိုရင်လည်း ဦးလေးကိုပြော။ ကြားလား"

မင်းစိုး၏ဦးလေးဖြစ်သူ ဦးလှဝင်းက မင်းစိုးကိုအားပေး၏။ ဦးလှဝင်း၏ဇနီး ဒေါ်ခင်မကတော့ ဦးလှဝင်းလိုမဟုတ်။ မင်းစိုးကို မျက်မုန်းကျိုးနေ၏။ မင်းစိုးကို လောင်မကျိုးဟုယူဆနေ၏။ မင်းစိုးလေးကွယ်ရာတွင် အမြဲမကောင်းပြော၏။

ဦးလှဝင်း မင်းစိုးကိုအားပေးနေချိန်၌ ဒေါ်ခင်မ . . . နှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လှည့်၍ မှဲ့နေ၏။ ဦးသုခင်းရှေ့တွင် ဘာမှ ပြန်ပြောဆိုခြင်း မရှိသော်လည်း ဦးလှဝင်းအပြင်ထွက်သွားသောအခါ တစ်ခန်းလုံးဘေး၏။

"မောင်မင်းစိုး"

"ဗျာ. . ဒေါ်လေး"

"လာစမ်းပါဦး ဒီကို"

"ဟုတ်ကဲ့. . လာပါပြီဒေါ်လေး"

မင်းစိုးက ဒေါ်ခင်မမရှေ့မှာ ယိုယို့လေးရပ်နေ၏။ ဒေါ်ခင်မမက မင်းစိုးအား ခြေဆုံးခေါင်းဆုံးကြည့်၏။ မင်းစိုးက မလုံမလဲဖြင့် လက်လေးယှက်ရင်း ပြုံးပြ၏။

"ဘာပြုံးတာလဲ"

"သိဘူးလေ"

"မင်းကို ငါ ဘာမှမပြောရသေးတာ"

"ဟုတ်ကဲ့"

"အဲဒါ ပြုံးရလား"

"ဟို. . ကျွန်တော်မပြုံးပါဘူး။ ပါးစပ်ကြီးက သူဟာသူပြုံးသွားတာ"

"ဒါဆို မင်းပါးစပ်ကို စေ့ထား"

"ဟုတ်ကဲ့"

မင်းစိုးက ပါးစပ်ပိတ်၍ ရပ်နေလိုက်၏။ ဒေါ်ခင်မမက မင်းစိုးကိုကြည့်ပြန်၏။

မင်းစိုး မနေတတ်၊ ရှက်နေ၏။ ဒေါ်ခင်မမက စေ့စေ့ကြည့်ရင်း မေးလိုက်သည်။

"မင်းက ဘာလဲ"

"ဗျာ. . ကျွန်တော် လူလေ"





"ငါမေးတာ ကျောင်းသား ကျောင်းစာလုပ်မှာလား၊ စီးပွားရေး လုပ်မှာလားမေးမလို့"

"ဪ. . ဒါကတော့ ကျောင်းစာလုပ်မှာပေါ့ ဒေါ်လေးရဲ့"

"အေး. . ဒါဆို ကဗျာစာအုပ်မလုပ်နဲ့"

"ဗျာ. ."

"မဗျာနဲ့။ ကဗျာလည်းမလုပ်နဲ့"

"မဟုတ်သေးဘူး ဒေါ်လေးရဲ့။ ဟို. . ဟို. . ကဗျာစာအုပ်လုပ်ဖို့က စီစဉ်ပြီးပြီ"

"ဖျက်ပစ်လိုက်"

"မရဘူး. . ။ အကုန်လုပ်ပြီးပြီ"

"ပြီးလည်း ဆက်မလုပ်နဲ့။ မင်းဦးလေးအားပေးပေမယ့် ငါအား မပေးဘူး။ ငွေလည်းမထုတ်နိုင်ဘူး။ ဒါပဲ"

ဒေါ်ခင်မမက ယတိပြတ်ပြောတော့မှ မင်းစိုးသဘောပေါက်သွား၏။ ဒေါ်လေးက စာအုပ်လုပ်လျှင် သူ့ဆီကငွေယူမည်ကို စိုးရိမ်နေသည်ပဲ။

"ဪ. . ဒေါ်လေး။ ကျွန်တော့်ကဗျာစာအုပ်က ငွေမလိုပါဘူး။ သူငယ်ချင်းတွေ စိုက်ထုတ်မှာ။ ကျွန်တော်က စီစဉ်ရုံပဲ"

"အေး. . ဒါဆိုလည်း ပြီးရော။ နောက်မှ စာအုပ်အတွက် ငွေလိုပါတယ်ဆိုပြီး မင်းဦးလေးဆီ အပူမကပ်ရဘူးနော်"

"စိတ်ချပါဒေါ်လေးရဲ့။ ဒီအတွက်ကတော့ မပူပါနဲ့။ ကျွန်တော်တို့ကိစ္စက ပြီးနေပါပြီ"

"ဒါဆိုလည်း ပြီးရော"

ယခုမှ ဒေါ်ခင်မမဘဝင်ကျသွားတော့၏။ ကဗျာစာအုပ်ထုတ်လုပ်လျှင် သိန်းဂဏန်းကုန်လိမ့်မည်ဆိုတာ သူသိပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုငွေကို မင်းစိုး သူ့ဦးလေးထံတွင် အပူကပ်က ဦးလှဝင်းထုတ်ပေးမှာ သေချာသည်။ ဦးလှဝင်းက စာသမားဆိုတော့ စာပေစိတ်ဓာတ်လည်းရှိသည်။ သူတို့ကိုလည်း ချစ်လေ၏။

တကယ်တော့ ကဗျာစာအုပ်အတွက် မင်းစိုးအမှန်ပင်ငွေလို၏။ သူ့ဦးလေးထံ အပူကပ်ရန်လည်း စဉ်းစားထားပြီးသား။ ဦးလေးကိုလည်း အရိပ်အမြွက်ပြောထားပြီးပြီ။ ဒါကြောင့်လည်း ဦးလေးက ရေလာမြောင်းပေး မေးနေခြင်းပင်။

ဒေါ်ခင်မမတို့ကလည်း နုပ်သည်။ တူဝရီးနှစ်ယောက်၏ အခေါ်အပြောများကြည့်၍ အထာပေါက်သည်။ မင်းစိုးကို ကြိတ်ပြီတ်ဆွဲလိုက်ပြီ။

မင်းစိုး တင်းသွားပြီ။ ဖြစ်အောင်လုပ်မည်ဟုလည်း သန္နိဋ္ဌာန်ချလိုက်၏။

ဦးလေးထံမှ အကူအညီကိုတော့ မယူတော့ပြီ။

သည်ကဗျာစာအုပ်အတွက် လုံးဝယုံကြည်မှုရှိသည်။ ဆိုင်တင်ရောင်းစရာမလို။ ကျောင်းမှာပဲရောင်းဦးတော့ အဆင်ပြေသွားနိုင်သည်။

တန်ဖိုးလည်း မများစေရအောင် စီမံထားသည်။

သန့်သန့်ခန့်ခန့်လေးထုတ်ဝေရန်လည်း ဆောင်ရွက်ထားသည်။

ဘာပဲဖြစ်ဖြစ် သူ့ကဗျာစာအုပ်လေးသည် ဖြစ်ကိုဖြစ်လာရမည်ဟု အားတင်းထားလိုက်သည်။

"အင်း.. ကုန်ကျစရိတ်က အုပ်ရေတစ်ထောင်ကိုမှ တစ်သိန်းခွဲလောက်ပဲကုန်မှာ"

ဟု တွေးရင်း မင်းစိုး သူ့အိတ်ထဲသို့ နှိုက်လိုက်သည်။ ပါလာသည့်ငွေစက္ကူကို ထောင်ကြည့်လိုက်သည်။

"ဟိုက်.. တစ်ရာတန် တစ်ရွက်တည်း"



<၂>

"ငါ့ရဲ့ကဗျာစာအုပ်ကို သာမန်စာအုပ်တစ်အုပ်အဖြစ် ရှုမြင်သုံးသပ်ရင်တော့ မင်းမှားသွားမယ် သူငယ်ချင်း"

မင်းစိုးက သူမွေးထားသည့် ကဗျာစာအုပ်လေးကို တယုတယ ထွေးပိုက်ရင်း ပြောလိုက်သည်။

မင်းသူနှင့် ဇော်မိုးတို့ကတော့ စာအုပ်တစ်အုပ်စီကိုင်၍ လှန်ကြည့်ရင်း ခေါင်းတညိတ်ညိတ်ရှိကြလေ၏။

"သာမန်ကြည့်ရင်တော့ သာမန်ပဲဖြစ်မှာမို့ ငါ သဘောပေါက်ပြီး ကြည့်ပါမယ် သူငယ်ချင်း"

မင်းသူက အတည်ပေါက်နှင့်ပြောသည်။ ဇော်မိုးကတော့ ဘာမှ ဝေဖန်ချက်မထုတ်။

"ကောင်းတယ်"

ဟု ပြောပြီး ကော်ဖီလက်ကျန်ကို မော့ချလိုက်သည်။ ကော်ဖီကောင်းတာလား၊ စာအုပ်ကောင်းတာလား ရှင်းရှင်းလင်းလင်းမသိ။

ဘာပဲဖြစ်ဖြစ်..

ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ သူကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ပေးရမှာသေချာသည်။ အရောင်းကိုယ်စားလှယ်မဟုတ်လား။

ကဗျာစာရွက်တောင် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဖွတ်လိုက်ရောင်းခဲ့သေးသည်ပဲ။

သူ့မှာက ဈေးကွက်ရှိသည်၊ အထူးသဖြင့် ကောင်မလေးအုပ်စု များသည် သူ့ဖောက်သည်များချည်းဖြစ်၏၊

မိန်းကလေးတစ်အုပ် ဆိုင်တစ်ဆိုင်သို့ဝင်ထိုင်၍ အသားကျပြီ ဆိုတာနှင့် သူဝင်သွားမည်။

ဘေးမှာ ဝင်ထိုင်မည်၊ "ညီမတို့ အားပေးဦး" ဟု ဆိုကာ စာအုပ်ပြ၊ ရှိုးထည့်၊ နောက်ဆုံး အားနာ၍ ဝယ်လိုက်ကြသည်ဖြစ်၏၊

"မင်းကဗျာစာအုပ်က အကုန်ပြီးပြီလား။ ဘယ်နေ့ဖြန့်မှာလဲ"

ဇော်မိုးက တကယ့်ဖြန့်ချိရေးကိုယ်စားလှယ်ကြီးစတိုင်ဖြင့် မေးလိုက်၏။ မင်းစိုးက အောင်မြင်နေသောထုတ်ဝေသူ၏ဟန်ဖြင့် ပြန်ပြော၏။

"အကုန်ပုံနှိပ်ပြီးလို့ ဘိုင်းနင်းမှာရောက်နေပြီ။ မနက်ဖြန်ညနေဆို ဘိုင်းနင်းက သွားသယ်ရုံပဲ။ သန်ဘက်ခါဖြန့်ကြတာပေါ့"

"လောလောဆယ် ငါ့အတွက် အုပ်တစ်ရာယူခဲ့လေ။ တစ်ရက်တည်းနဲ့ ဖြတ်ပစ်လိုက်မယ်"

"ဓားနဲ့လား"

မင်းသူက ဝင်လောင်ခြင်းဖြစ်၏။ မင်းစိုးက မင်းသူလှောင်သည်ကို တင်းသွားပြီး ပေါ်နှင့်မောနှင့် ပြောတော့၏။

"ဟေ့ကောင်မင်းသူ။ လုပ်ငန်းတစ်ခုကို ဝင်ရောက်နှောင့်ယှက်ခြင်း၊ ထေ့လှောင်ခြင်းဟာ ဥပဒေနဲ့ငြိစွန်းတယ်ဆိုတာ မင်းမသိဘူးလား"

"အန်. ."

"မအန်နဲ့။ ငါ့ဦးလေးက ဥပဒေအရာရှိကွ။ ငါ သူ့ဆီက သိထားပေမယ့် မပြောချင်လို့။ မင်းက အခုလိုလှောင်လာတော့လည်း ပြောပြရ





တော့မှာပေါ့။ ခုနမင်းပြောလိုက်တာ ပုဒ်မ ၅၀၀ နဲ့ငြိနေတယ်ဆိုတာ မင်းမသိဘူးလား"

"ဟင့်အင်း. . ၊ အဲဒီနေ့က ငါ ကျောင်းမတက်ဘူး"

"အေး. . ပုဒ်မ ၅၀၂ ပုဒ်မခွဲ က(၁)အရ အပူဖွင့်နိုင်တယ်ဆိုတာရော မင်းမသိဘူးလား"

"ဟင့်အင်း. . ၊ အဲဒီနေ့ကလည်း ငါကျောင်းမတက်ဘူးကွ"

"အေး. . မသိရင် မလှောင်နဲ့။ မင်းကို ငါ့ဦးလေးကတစ်ဆင့် နှိပ်စ်ပို့ပြီး ရုံးတော်ကို ဦးတိုက်လျှောက်ထား အပူဖွင့်နိုင်တယ်ကွ"

"မလုပ်ပါနဲ့ကွာ၊ အချင်းချင်းတွေ ခင်လို့တာပါပဲ။ ငါ့အတွက်လည်း အုပ်တစ်ရာယူခဲ့။ ငါ ကြိုးစားရောင်းပေးမယ်"

မင်းစိုးက ကြားဖူးသမျှဥပဒေစကားလုံးဖြင့် စွတ်၍ခြောက်လိုက်မှ မင်းသူငြိမ်သွား၏။ လျှော့ချ၏၊ တအုပ်ရောင်းပေးမည် ဖြစ်သွား၏။

သူက ဥပဒေသမားဆိုတော့ ဥပဒေကိုလေးစား၏။ ကြောက်၏။ သူသင်ဖူးသမျှ ဥပဒေစကားများ၊ ပုဒ်မများနှင့် သူက ခြောက်တတ်သလို သူ့ကို ဤသို့ကွက်ကျော်ရိုက်၊ ပြန်ခြောက်လျှင် သူအလွန်ကြောက်၏။

ဘာပဲဖြစ်ဖြစ်. .

ယခုတော့ အပေးအယူ တည့်သွားကြပြီ။ ကဗျာစာအုပ်ကိုယ်စီကိုင်၍ လက်ဖက်ရည်သောက်ရင်း တစ်ဝိုတစ်ရာကိုစောင့်မျှော်ကြသည်။

မျှော်ရသူကား လာပါပြီ။

သို့သော်. .

တစ်ယောက်တည်းမဟုတ်။

အုပ်စုလိုက်ကြီးဖြစ်သည်။

ယမင်းတို့အုပ်စုက လူအင်အားများသည်။

ငါးယောက်အတွဲများသည်။ သန္တာပါလျှင် ခြောက်ယောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။

ယခု သန္တာလည်းပါ၏။

အရပ်ရှည်ရှည်၊ ပိန်လိန်လိန်၊ ဖျာရှပ်ရှပ်နှင့် သွားခေါ်ကိုရှေ့ပစ်၊ လိန်ကျစ်ကျစ် လျှောက်လာတတ်သောသန္တာကို အဝေးကပင် မြင်နိုင်၏။

သန္တာ့ကိုမြင်တော့ မင်းစိုးမဲ့၏။

ယမင်းကိုမြင်တော့ မင်းစိုးပြုံးသည်။

"မင်းမျက်နှာက မဲ့လိုက်၊ ပြုံးလိုက်နဲ့ ဘယ်လိုဖြစ်နေတာလဲ။ စပရိန်မျက်နှာဖြစ်နေပြီ"

ဟု ဇော်မိုးကပြော၏။ မင်းစိုးက ယမင်းတို့အုပ်စု လာနေရာသို့ မေးငေါ့ပြပြီးပြော၏။

"အချစ်ဆုံးသူနဲ့ စိတ်ညစ်လောက်အောင် သောက်မြင်အကပ်ဆုံးသူကို တစ်ပြိုင်နက်မြင်လိုက်ရတဲ့ငါ့မျက်နှာ ဘယ်လိုဖြစ်နိုင်တယ်ဆိုတာ မင်းစဉ်းစားပြော"

ဟုတ်ကဲ့။ မင်းစိုးစိတ်ညစ်မည်ဆိုလည်း ညစ်လောက်၏။ သန္တာက လူကိုနောက်ထားပြီး ပြုံးဖြီးဖြီးလုပ်ကာ သွားသွားနှစ်ချောင်းအား ရှေ့ပြေးလွှတ်လျက် လိန်ကျစ်လိန်ကျစ်နှင့် လျှောက်လှမ်းလာနေသည်မဟုတ်လား။

ဇော်မိုးလည်း ဘာမှ မပြောတတ်၊ အလုပ်ခန့်စာနှင့် အလုပ်ဖြုတ်စာနှစ်စောင်ပူးကြီးရတော့မည့် မင်းစိုးအစား ဝင်ရောက်ခံစားကြည့်နေမိတော့၏။

"ခန့်စာဖတ်ပြီး ပြုံးမယ်၊ ဖြုတ်စာဖတ်ပြီး မဲ့မယ်။ နောက်. . ဘာဆက်လုပ်ရမလဲ"

ဘာမှလုပ်ချိန်မရ။ သန္တာတို့အုပ်စုက ဝင်ရောက်နေရာယူနေကြလေပြီ။



"ကိုမင်းစိုး. ."

"ကိုမင်းစိုး. ."

ယမင်းနှင့် သန္တာ၏ခေါ်သံက ပြိုင်တူ။

သူတို့နှစ်ဦး တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်ကြပြီး ပြုံးဖြစ်လိုက်ကြသည်။

"နေကောင်းလား"

"နေကောင်းလား"

ပြိုင်တူမေးဖြစ်ကြပြန်၏။ နှစ်ယောက်မေးသဖြင့် မင်းစိုးကလည်း နှစ်မျိုးဖြေသည်။

"ကောင်းတယ်. . ကောင်းဘူး"

မင်းစိုး၏အဖြစ်ကိုကြည့်၍ အားလုံး ရယ်မောကြသည်။

တခြားသူတွေရယ်တာ ထား. . ။

မဆီမဆိုင်ဝင်ရယ်နေသူတစ်ဦးကြောင့် မင်းစိုးတင်းသွား၏။

ကြည့်. .

ဘယ်သူရှိရမှာလဲ။ ဆိုင်က ချာတိတ်။

"အဟီး. . ဟီး. . ဟီး"

ပိုင်စိုးပိုင်နင်း ဝင်ရယ်နေသဖြင့် မင်းစိုးမျက်စောင်းထိုးလိုက်သည်။ သည်တော့မှ ချာတိတ်မျက်နှာပိုးသတ်သွားသည်။ သန္တာတို့အား မေးသည်။

"အစ်မတို့ ဘာသုံးဆောင်ကြမလဲ။ ဟီး. ."

ဒါတောင် ဟီးက ပါလာသေးသည်။ မင်းစိုး ဘုကြည့်ကြည့်လိုက်တော့မှ ချာတိတ်ပါးစပ်လေးပိတ်သွား၏။

မင်းစိုးက ချာတိတ်ကို လက်သီးပြလိုက်သေးသည်။ ဒါကို ယမင်းက မျက်လုံးပြူးကြည့်တော့ မင်းစိုးပြုံးသွား၏။ လက်ကို အနေအောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆန့်သလို ဆုပ်လိုက်ဖြန့်လိုက်လုပ်လိုက်ရင်း။ ယမင်းကိုကြည့်၍လည်း. .

"အဟီး. . " ဟု ရယ်သွမ်းသွေး၏။

"အစ်ကို"

ခပ်ဖွဖွခေါ်သံလေးက သန္တာ့နှုတ်ဖျားမှ ထွက်ကျလာသည်၊ မင်းစိုးကို ခေါ်နေခြင်းပါ။ ဒါကို မင်းစိုးက မသိကျိုးကျွန်ပြု၍ ဇော်မိုးကို လက်တို့သည်။

"မင်းကို ခေါ်နေတယ်"

ဇော်မိုးက လက်ကာပြပြီး. .

"မင်းကို ခေါ်တာပါကွာ။ ဘုတ်တယ်နော်"

ဟု သန္တာ့ကို လှမ်းမေးသေး၏။ သန္တာက ခေါင်းညိတ်ပြသည်။ လက်သည်းချင်းပွတ်နေ၏။ စကားဆက်မပြော။ မင်းစိုးကို မျက်လုံးရွဲကြီးများဖြင့် ကြည့်နေရှာသည်။

သည်အချိန်မှာ ကျန်တဲ့သူတွေက ကိုယ်စီကိုယ်ငှ စားစရာများ မှာပြီးကြလေပြီ။

ယမင်းနှင့်သန္တာက ဘာမှမမှာသေး။

နှစ်ယောက်သား အလုပ်ရှုပ်နေကြ၏။

ထိုစဉ်မှာပဲ. .

သန္တာက လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကိုထုတ်သည်၊ စာမျက်နှာလေးကိုလှန်၍ မင်းစိုးထံ လှမ်းပေးသည်။

"တို့ ကဗျာလေးတစ်ပုဒ်စပ်လာတယ်။ တို့ရင်ထဲက ခံစားချက်ကို ရေးဖွဲ့ထားတာလေ။ တို့ရဲ့ကလောင်နာမည်လေးကို ချစ်သူရဲ့နာမည်လေးတစ်လုံးနဲ့ ရောစွက်ထားတယ်။ မလှဘူးလား"

သန္တာလှန်ပြသည့် စာအုပ်ထဲမှကဗျာကို အားလုံးဝိုင်းဖတ်ကြသည်။ ဇော်မိုးက အသံကျယ်ကျယ်ဖြင့် အားလုံးကြားအောင် ဖတ်ပြ၏၊





'ချစ်မှာပဲ'

နေရောင်ဖြာနေတဲ့. .<br>
နေ့လယ်ပူရှုပ်ရှပ်ရဲ့. .<br>
စွယ်တော်ပင်တန်းတွေကြားက<br>
တံလျှပ်ရောင်လမ်းလေးပေါ်မှာ<br>
နှစ်ယောက်သားပျော်ရွှင်<br>
တွဲယှဉ်စွာလက်တွဲ<br>
လျှောက်ခဲ့ဖူးပါရဲ့. . ခစ်. .<br>
ရှင့်ကိုသိပ်လွမ်းတာပဲ လူကြီးရယ်. .<br>
ရှင် ကျွန်မကို ချစ်ချစ် မချစ်ချစ်<br>
ကျွန်မကတော့ ချစ်မှာပဲ. .<br>
ချစ်မှာပဲ. .<br>
ချစ်မှာပဲ. . ခစ်. .

သန္တာစိုး

"ခစ်. . ခစ်. . ခစ်. . ခစ်"

ကဗျာဆုံးတော့ အားလုံးရယ်တုန်ကြ၏။ မခစ်နိုင်သူကား မင်းစိုးတည်း။

သူ့ခမျာ ရှက်လွန်းသဖြင့် ခေါင်းကြီးငုံ့ထားသည်။ လက်နှစ်ဖက်ကို ပေါင်ကြားထဲ ထိုးသွင်းထားသည်။

ယမင်းကို မျက်လုံးလေးလှန်ကြည့်သည်။ သန္တာ့ကိုတော့ မျက်စောင်းထိုးကြည့်ကာ ပြောလိုက်ပုံက. .

"သိပ်ဆိုးတာပဲ. . လူဆိုးမ. . လူကြားထဲမှာ ရှက်စရာကြီး. . ဟီး" တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ. . ယမင်း"

"ရှင်. . အမေ။ သမီး ဒီမှာ"

"သမီး ဘာလုပ်နေလဲ"

"စာကျက်နေတယ် အမေ"

BURMESE CLASSIC .com

ယမင်းက ခြံထဲရှိခုံတန်းကလေးပေါ်မှာ စာဖတ်နေရင်း ဖြေလိုက်၏။ ယမင်း၏လက်ထဲမှာ စာအုပ်တစ်အုပ်ရှိတာတော့အမှန်ပင်။ သို့သော် ထိုစာအုပ်မှာ ကာတွန်းစာအုပ်တည်း။

ဒါကို မိခင်ဖြစ်သူဒေါ်မြမြက အဟုတ်မှတ်ပုံရသည်။

"သမီးရေ. . စာကျက်နေရင်တော့ နေတော့၊ ဘုရားပန်းလေး လဲခိုင်းမလားလို့၊ အမေပဲ လဲလိုက်တော့မယ်" ဟုပင် အားပေးလိုက်သေး၏။ ယမင်းကလည်း စာဖတ်မပျက် ပြန်ပြောရသည်။

"ဟုတ်ကဲ့အမေ၊ ပြီးတော့မှာပါ။ စာအုပ်က ဒီနေ့ပြန်အပ်ရမှာ"

"ဘာ. . သမီး"

"သြော်. . စာအုပ်ထဲကစာတွေ ဒီနေ့အပြတ်ဖတ်ပြီးရင် ဆရာမကို အပ်ရမှာလေ။ ဆရာမက အမှတ်ခြစ်ပေးမှာ အမေရဲ့။ အဟီး. . "

"သြော်. . အေး. . အေး. . ဖတ်ဖတ်။ ပြတ်အောင်ဖတ်လိုက်။



လုပ်စရာရှိတာ မေမေပဲလုပ်လိုက်တော့မယ်"

ဒေါ်မြမြက ယမင်းကို ယုံကြည်စိတ်ချစွာ လွှတ်ပေးထားလိုက်သည်။ လုပ်စရာရှိသမျှ ကိုယ်တိုင်လုပ်သွားတော့သည်။

ယမင်းကား ကျောင်းပိတ်ရက်လေးမှ မိခင်ကို မကူညီချင်။ အိမ်အလုပ်တို့ စိတ်မဝင်စား။

ခက်သည်က သူ့မိခင်ဒေါ်မြမြက သမီးကို အလိုလိုက်လွန်းသည်။ ယမင်းကား ဖတဆိုးလေးမို့ သူအချစ်ပိုရပါသည်။

ယမင်းဖခင်ဦးကျော်မင်းသည် ယမင်းငယ်စဉ်ကပင် ဆုံးပါးသွားခဲ့လေပြီ။ ဒေါ်မြမြသည် ယမင်းလေးကို ကြင်နာယုယစွာ ပျိုးထောင်ခဲ့သည်။ ဒေါ်မြမြ၏ညီမဖြစ်သူ ဒေါ်လှလှကလည်း အိပ်ထောင်မပြုဘဲ အစ်မနှင့်အတူနေ၍ ယမင်းကိုပြုစုရှာသည်။ ယမင်းလူလားမြောက်သည်အထိ အမေနှင့်အဒေါ်တို့၏ ယုယမှုအောက်မှာ ဆိုးချင်သလိုဆိုးခဲ့၏။ သို့သော် ယမင်းကို အပြစ်မမြင်ကြ။ ချစ်ခင်ကြသည်ပဲ မဟုတ်လား။

ယခုလည်း ကြည့်. . ။

အဒေါ်ဖြစ်သူ ဈေးတွင်အထည်ဆိုင်သွားထွက်နေရသဖြင့် မိခင်တစ်ယောက်တည်း အိမ်အလုပ်တွေလုပ်နေရသည်ကို လုံးဝဝင်မကူခဲ့ချေ။

ခြံထဲက ခုန်းလေးပေါ်မှာ အငြိမ့်သား။ စာဖတ်ပင်မပျက်။

"ဟိတ်. . ဘာလုပ်နေတာလဲ"

ရုတ်တရက် အနားရောက်လာပြီး ခေါ်လိုက်သံကြောင့် ယမင်း လန့်သွားသည်။ ကြည့်လိုက်တော့ ကိုရဲသူ။

"ဟင်. . ကိုရဲ၊ အသံမပေး ဘာမပေးနဲ့ လန့်သွားတာပဲ"

ယမင်းက ရင်ဘတ်လေးကို စာအုပ်ဖြင့်ကပ်ထားရင်း မျက်စောင်းစွေကာ ပြောလိုက်သည်။ ရဲသူက ယမင်းကိုင်ထားသည့်စာအုပ်မျက်နှာဖုံးကိုကြည့်ကာ ပြုံးလျက်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"ယမင်း စာကျက်နေတာလား"

"အင်း"

"ရယ်ရလား"

"အင်း. . အယ်. . အင်း. . ဘာမေးတာလဲ"

"စာအုပ်ကောင်းလား၊ ရယ်ရလား မေးတာ"

"ရယ်ရတယ်. . ။ စာကျက်မလို့ပဲ၊ စာမကျက်ခင် သွေးပူလေ့ကျင့်ခန်းလုပ်နေတာ။ တဲ့. . အိမ်ပေါ်သွား။ မေမေရှိတယ်"

"မသွားဘူး။ ဒီမှာပဲစကားပြောမယ်၊ ယမင်းကိုဒန်းလွှဲပေးမယ်"

"စိတ်ကူးတွေ လာမယဉ်နေနဲ့။ သွား. . အိမ်ပေါ်တက်"

ယမင်းက ရဲသူအား အိမ်ပေါ်နှင်လွှတ်လိုက်၏၊ သူမလည်း ဒန်းပေါ်မှဆင်း၍ အိမ်ပေါ်တက်ရန် ခြေလှမ်းပြင်၏၊

အိမ်ပေါ်မတက်လို့လည်း မဖြစ်၊ ရဲသူဆိုတာ ယမင်း၏ ခကြိတ်ဘဲ တည့်တည့်ပိုးနေသူဖြစ်၏၊ ကျောင်းပြီးသွား၍ စီးပွားရေးလုပ်ငန်းလုပ်နေ၏။ ယမင်း၏ဒေါ်လေးနှင့်ပတ်သက်ပြီး အိမ်သို့ဝင်ထွက်တာ ယမင်း အား အပြတ်ပိုးနေသူဖြစ်သည်။

သူပိုးတာကို မေမေရော၊ ဒေါ်လေးပါ သိကြသည်။သို့သော် မသိကျိုးကျွန်လုပ်နေကြ၏။ ဘာသဘောလဲ မသိ။

ယမင်းကတော့ သူ့ကိုမချစ်ပါ။ ကြည့်မရဘူးလည်း မဟုတ်၊ ကြည့်လျှင် ရ၏။ မကြည့်ဘဲနေလျှင် မမြင်၊ သို့သော် သူလာတိုင်း မြင်နေရ၏။ ယမင်းက ကြည့်မိသည်ပဲတိုး။ ရှင်. . ကြည့်တာနဲ့ချစ်တာ တခြားစီပါရှင်။ ယမင်း သူ့ကိုမကြည့် ပါဘူး၊ မျက်စိက သူ့ဘာသာ အော်တိုစနစ်နဲ့ ကြည့်တာလေ။

မတတ်နိုင်ဘူး. . ဟူး. . ၊

"အမေရေ. . အိမ်ရှေ့မှာ ကိုရဲရောက်နေတယ်"





ယမင်းက ရဲသူကို ညှော်ခန်းမှာထိုင်ထားခိုင်းပြီး နောက်ဖေးသို့ လှမ်းအော်၏။ နောက်ဖေးမှ ဒေါ်မြမြ၏ပြန်အော်သံကို ကြားရ၏။

"ရဲရောက်နေရင် ထိုင်ခိုင်းထားဦး။ ရပ်ကွက်လူကြီးရော ပါသေးလား"

ဒေါ်မြမြစကားကြောင့် ယမင်းရော၊ ရဲသူပါ ပခုံးတွန့်လိုက်ကြ၏။ ယမင်းက ရှင်းပြရှာ၏။

"ဟင်း. . မေမေက အမှုစစ်ရဲရောက်နေတယ်မှတ်လို့ပြောတာ။ ဟိုတစ်နေ့က ယမင်းတို့ခြံထဲ သူခိုးဝင်တဲ့ကိစ္စ တိုင်ချက်ဖွင့်ထားလို့လေ"

"ဟုတ်လား"

"ဟုတ်တယ်။ နောက်. . ခြံထဲအရမ်းမဝင်နဲ့. . သိလား။ အမှုတွဲထဲ ပါသွားမယ်"

ယမင်းက လမ်းကြုံတုန်းဖြဲခြောက်လိုက်၏။ ရဲသူက စပ်ဖြဲဖြဲဖြင့် .

"ဟင်း. . ဟင်း. . တစ်နေ့ ကိုရဲလည်း ယမင်းတို့ခြံထဲ ဝင်ခိုးချင် ခိုးနေရဦးမှာ"ဟုပြောရင်း ယမင်းကို ပါဝါတစ်ထောင့်ငါးရာပြည့်ဖြင့် စိုက်ကြည့်နေသည်။ ယမင်းက နှာခေါင်းကို မသိမသာပွတ်ပြရင်း "နှာခေါင်း ပိတ်နေလိုက်တာ။ နှာဘူးကလည်း ဘယ်ရောက်နေပါလိမ့်။ ကိုရဲ အဲဒီနားမှာ နှာဘူးရှိလိမ့်မယ်၊ ကြည့်ပေးစမ်းပါ"ဟု ပြောလေရာ ရဲသူက သူထိုင်နေသည့်ခုံနား ဟိုဟိုဒီဒီငုံ့ကြည့်၏။

"မရှိဘူး ယမင်းရဲ"

"ရှိပါတယ်။ သေသေချာချာကြည့်"

ရဲသူ ငုံ့ရှာပြန်၏။ ပြန်ပြောပြန်၏။

"မရှိဘူး ယမင်းရဲ"

"ရှိပါတယ်၊ ငုံ့ရှာကြည့်"

ယမင်းမြွေဖမ်းနေမှန်း မရိပ်မိသေးဘဲ ရဲသူငုံ့ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ယမင်းက လှမ်းမေးသည်။

"တွေ့လား"

"တွေ့ဘူး"

"တွေ့ဘူးနဲ့ နှာဘူး အတူတူပဲ။ ဟော. . မေမေလာပြီ၊ ကိုနှာဘူးရှာမနေနဲ့တော့"

ယမင်း၏စကားကို ရဲသူဘယ်လိုသဘောပေါက်သွားသည်မသိ။ သူ့အား 'ကို' ဟုခေါ်လိုက်သည်ထင်၍ ပြန်ပြောပုံက. .

"ကိုနှာဘူးရှာတော့ဘူး။ ယမင်း သဘောပဲ၊ အန်တီ. . နှာဘူးတွေ့မိလား"

"အေး. . တွေ့တယ်။ ငုတ်တုတ်ကြီး"

အိမ်ထဲမှထွက်လာသောဒေါ်မြမြက ရဲသူ၏အဖြစ်ကိုမြင်သဖြင့် ငေါ့ပြောလိုက်ခြင်းဖြစ်၏။ ဒါတောင် ရဲသူက သဘောမပေါက်။

"ယမင်းရေ. . အန်တီက နှာဘူးတွေ့တယ်။ ငုတ်တုတ်ကြီးတဲ့၊ နောက်ဖေးမှာထင်ပါရဲ့။ ကို ဝင်မရှာတော့ဘူးနော်"

"ဝင်ရှာရင်လည်း အမှုတွဲထဲ ပါသွားမယ်။ သူခိုးကိစ္စစစ်ဆေးမယ့် ရဲအရာရှိလာသလားလို့ ထွက်လာတာ။ ဘယ့်နှယ်. . နှာဘူးလာတွေ့နေပါလိမ့်"

ဒေါ်မြမြစကားကြောင့် ရဲသူမှုန်ဝါးဝါးဖြစ်သွား၏။ ဒေါ်မြမြတွေ့သောနှာဘူးမှာကား နောက်ဖေးမှာလား၊ အိမ်ရှေ့မှာလား သူသဲသဲကွဲကွဲ မသိရ။ ဆက်မမေးရဲ။

ယခင်က ဒေါ်မြမြသည် ရဲသူအပေါ် ဖော်ရွေစွာဆက်ဆံတတ်ရာမှ ယနေ့ ပြောင်းလွဲနေသောကြောင့် ရဲသူအနေကျပ်နေ၏။

စင်စစ် ဒေါ်မြမြအလုပ်များနေသဖြင့် စိတ်ရှုပ်နေခြင်းဖြစ်၏။ သမီးကလည်း ဘာမှကူမလုပ်တော့ ပိုတင်းနေ၏၊





သည်ကြားထဲ အရည်မရ အဖတ်မရ ရဲသူကိုမြင်လိုက်ရသဖြင့် ပိုစိတ်ညစ်သွားရခြင်းဖြစ်၏။

"မောင်ရဲသူ. . ရောက်နေတာ ကြာပြီလား။ ပြန်တော့မလို့လားကွယ်"

"အန်. ."

ရဲသူ အန်ချင်သွား၏။ ထိုင်မယ်တောင် မကြံရသေး။

"ဟုတ်တယ်အမေရယ်။ ပြန်မယ်တကဲကဲလုပ်နေလို့ အမေနဲ့တွေ့လိုက်ပါဦးဆိုပြီး ဆွဲထားရတာ"

"ဟုတ်လား မောင်ရဲသူ"

"ဟုတ်. . အဲ. . မဟုတ်. . အင်း. . ဟုတ်"

ရဲသူ အထစ်ထစ်အငေါ့ငေါ့တွေ ဖြစ်နေ၏။

"ဟုတ်ရင်လည်း ပြီးတာပဲ။ အန်တီနဲ့ အခုတွေ့ပြီးပြီပဲ။ ပြန်ချင်ပြန်တော့လေ"

"ပြန်ဘူး"

"ခုန ပြန်မလို့ဆို"

"ဟုတ်ဘူး. . ။ သူညာတာ။ အန်တီနဲ့ စကားပြောမလို့ဟာ။ ဘာမှမပြောရသေးဘဲ"

"ကဲ. . ပြောစရာရှိပြော။ တော်ကြာ ရဲတွေလာရင် အမှုတွဲထဲပါနေဦးမယ်"

ဒေါ်မြမြက ခြောက်လှန့်လိုက်သေး၏။ ရဲသူကတော့ အချစ်အတွက်ဆို တစ္ဆေမကြောက်၊ သရဲမကြောက်၊ ရဲမကြောက်ပုံစံမျိုးဖြစ်နေ၏။

ဒေါ်မြမြက စည့်ဧည့်ထောက်ခံနေပြီဖြစ်သောကြောင့် ယမင်းအိပ်ခန်းထဲဝင်သွား၏။

မကြာမီ ဧည်သည့်နှစ်ယောက်ဆက်လာကြ၏။ ဇင်မာနှင့်နုနုလေး



www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ဦးဖြစ်သည်။ ယမင်း၏သူငယ်ချင်းများမှာ ယမင်းထံလာနေကျပင်။

"အန်တီ. . ယမင်းရှိလား"

"အေး. . ရှိတယ်။ အခုပဲ အခန်းထဲဝင်သွားတာ၊ သွားကြလေ"

"ဟုတ်ကဲ့. . အန်တီ"

ဇင်မာနှင့်မွန်လေးတို့က ရဲသူ့ကိုစွေကြည့်ပြီး ယမင်းအခန်းထဲ ဝင်သွားကြ၏။ ဒေါ်မြမြက ရဲသူအား စကားဆက်ပြော၏။

"ဟဲ့. . မောင်ရဲသူ။ အန်တီ့ကို ဘာပြောစရာရှိလို့လဲ"

"ဟို. . ဟို. . တရားစကားပြောချင်လို့"

ရဲသူက ပြောမိပြောရာ ရွတ်ပြောလိုက်၏။ ဒေါ်မြမြက မျက်မှောင်ကုပ်လျက်. .

"ဟဲ့. . တရားစကားပြောချင်ရင် ဘုန်းကြီးကျောင်းကို သွားပါလား။ ဒီလာပြီးတော့. . "

ဟု ပြောလေ၏။ ရဲသူက မျက်နှာပိုးသတ်ပြီး. .

"ဒီလိုပါ. . ။ ကျွန်တော်သိချင်တဲ့ တရားစာလေးတွေ အန်တီ့ဆီမှာ မေးချင်လို့။ အန်တီက ဘုရားတရားနဲ့နေသူဆိုတော့ သိမယ်လေ"

"နည်းနည်းပါးပါးပါကွယ်။ ပါးပါးလေးပါ။ ကဲ. . မေး။ ဘာမေးမလဲ"

"ဟိုလေ. . စိတ်တစ်ခု ယုတ်ကိုးဆယ်ဆိုတာ ဘာလဲဟင်"

"ဒါလေးများကွယ်. . "

ဟု ပြောပြီး ဒေါ်မြမြဆက်မပြောသေး။ အခန်းထဲမှထွက်လာကြသည့် ယမင်းတို့သူငယ်ချင်းတစ်သိုက်ကို လှမ်းကြည့်သည်။

"မေမေ. . သမီးတို့ အပြင်သွားမလို့"

"ဟုတ်တယ်အန်တီ။ ဒီနေ့ သမီးမွေးနေ့။ အဲဒါ သူငယ်ချင်းတွေကို နံနက်စာ ဆိုင်မှာကျွေးမလို့။ ယမင်းကို ခဏခေါ်သွားမယ်နော်။





အန်တီ့ဖို့ ဘဲကင်ဝယ်ပေးလိုက်မယ်"

အိမွန်က လာဘ်ငွေနှင့်ဘက္ခ တင်ပြလိုက်၏။ ဒေါ်မြမြထံမှ ခွင့်ပြုမိန့်ချက်ချင်းကျလာ၏။

"အေး. . အေး. . သွားကြ. . သွားကြ။ သိပ်မကြာကြနဲ့နော်။ သမီးက စာကျက်နေတာ"

"စိတ်ချပါမေမေ။ သိပ်မကြာပါဘူး။ ကိုရဲသူ. . မေမေနဲ့ စကားပြောဦး"

ယမင်းက တစ်ခါတည်းနှုတ်ဆက်ရင်း ခြေလှမ်းပြင်၏။ ရဲသူမှာတော့ မျက်လုံးကြီးပြူးပြီး ငါးရံ့ပြာလူးဖြစ်နေ၏။

"အန်တီ. . ကျွန်တော်ပြန်မယ်"

"ဟဲ့. . နေဦးလေ။ ခုနမင်းမေးတာမှ မဖြေရသေးဘဲ"

"နောက်မှ မေးတော့မယ်၊ ပြန်မယ်နော်"

ရဲသူက ယမင်းတို့နောက် လိုက်မည်အကြံဖြင့် ထရပ်လိုက်၏။ ဒေါ်မြမြက မျက်လုံးပြူးကြည့်ပြီး လေသံမာမာဖြင့်. .

"မပြန်ရဘူး. . ။ ပြန်ထိုင်"

"အန်. . "

"ဘယ့်နှဲ့တော်. . ဘုရားစကား၊ တရားစကားနားထောင်ရမှာကို အခုရုံက များနေတယ်။ ဟဲ့. . ကောင်မလေးတွေ။ သွားစရာရှိတာ မြန်မြန်သွားကြ။ ဒီမှာ ခွာလျှက်နေပြီ"

"ဗျာ. . "

ရဲသူ ခေါင်းစင်းစင်းကြီးဖြစ်နေ၏။ ဒေါ်မြမြ ပေါက်ပေါက်ဖောက်သလို ပြောနေသည်။

"စိတ်တစ်ခု ယုတ်ကိုးဆယ်ဆိုတာ စိတ်ကတစ်ခု၊ ရုပ်ပေါင်း ၉၀ လို့ ပြောတာမဟုတ်ဘူးကွဲ့။ စိတ်ဟာ ကိုးဆယ်ထဲက တစ်ခုမှတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ရှစ်ဆယ့်ကိုးကျန်တယ်။ စိတ်ပေါင်းရှစ်ဆယ့်ကိုးစိတ်ရှိတာကို ဆိုလိုတယ်"

"ဟုတ်"

"မင်းသိအောင် ရှင်းပြရရင် စိတ်တစ်ခုတဲမှာကို စိတ်ပေါင်းရှစ်ဆယ့်ကိုးစိတ်ဖြစ်နေတတ်တာ။ ဘာတွေလဲဆို လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ ကိလေသာစိတ် စသည်ဖြင့်ပေါ့ကွာ။ ရှေ့ဆက်ပြောရင် မင်း သိမှာမဟုတ်ဘူး"

အမှန်တော့ သူလည်းမသိတော့၍ ဆက်မပြောခြင်းဖြစ်၏၊ သို့သော် မှင်အပြည့်ဖြင့် တခြားစကားတွေ ဆက်ပြောနေပြန်၏၊

ရဲသူမှာတော့ ကြက်ကြီးလည်လိမ်ထားသလိုဖြစ်လျက် ဒေါ်မြမြ ရှင်းပြသမျှကို. .

"ဝုတ်ကဲ့. . ပုတ်ကဲ့"

နှင့် ဖြစ်နေရှာလေတော့သတည်း။





"ဒေါ်လေး"

"ဘာတုံး"

"ကျွန်တော်အပြင်သွားမလို့။ ထမင်းအပြင်မှာပဲစားခဲ့တော့မယ်"

"ကောင်းတယ်. . ၊ ညနေစာပါ ပေါင်းစားခဲ့"

ဒေါ်ခင်မမကာ မင်းစိုးအား တစ်ခါတည်း မီးခိုးတိတ်စိမ်ကိန်းကို ရေးပေးလိုက်၏။ မင်းစိုးကတော့ ကိုယ့်အခေါ် အကြောင်း ကိုယ်သိပြီးသားမို့ ဘာမှပြန်မပြောဘဲ ထွက်ခဲ့တော့၏။ သူဦးလေးမရှိလျှင် ဒေါ်ခင်မမကာ ဒီလိုပဲဆက်ဆံတတ်သည်လေ၊ ဦးလေးရှေ့မှာဆိုလျှင်တော့တစ်မျိုး။

ယခု ကြည့်. . ၊

ဦးလှဝင်း အပြင်မှပြန်လာပြီး နံနက်စာစားပြည်လုပ်တော့ မင်းစိုးကိုမမြင်သဖြင့် မေး၏။

"မင်းစိုးတစ်ယောက် မမြင်ပါလား။ ဒီနေ့ ကျောင်းပိတ်ရက်ဟာကို"

"ရှင့်တူမောင်မင်းစိုး အပြင်သွားလေရဲ့၊ နံနက်စာစားပြီးမှသွားပါလားဆိုတာတောင် မစားတော့ဘူးတဲ့။ အပြင်မှာစားမှာတဲ့။ ညနေစာတော့ ဆက်ဆတ်ပြန်ခဲ့မှာလို့ ပြောလိုက်ရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေးကွာ. . ငါတို့ကို ဂရုစိုက်ကျွေးမှာ မင်းပဲရှိတယ်။ ဝရုစိုက်ပါကွာ။ သူ့ခပျာ မိဝေးဖဝေး လာနေရတာ"

ဦးလှဝင်းက ဒေါ်မမအား ပြုံးပြုံးကြီးကြည့်ရင်း ပြော၏။ ဘာပြုံးသည်လဲတော့ မသိ။ ဒေါ်ခင်မမကလည်း "စိတ်ချပါတော်၊ ရှင့်တူဟာ ကျုပ်တူပဲပေါ့" ဟု ပြုံးဖြီးဖြီးပြောလေ၏၊ ဘယ်သူကပြုံးတာလဲတော့ မသိရ၊

ထိုအချိန်တွင် မင်းစိုးတစ်ယောက် သူသူငယ်ချင်းများနှင့်ချိန်းဆိုထားရာ စားသောက်ဆိုင်သို့ ဦးတည်ခြေလှမ်းနေပြီဖြစ်၏၊

အိမွန်က သူမွေးနေ့အတွက် သူငယ်ချင်းများကိုကျွေးရန် 'စတား' စားသောက်ဆိုင်သို့ ချိန်းဆိုဖိတ်ကြားထားပြီးဖြစ်၏။ လူများများတော့ မဟုတ်။ သူတို့သူငယ်ချင်းအုပ်စုလောက်သာဖြစ်သည်။

ဇင်မာ၊ အိမွန်နှင့် ယမင်းတို့သုံးယောက်က စားသောက်ဆိုင်သို့ သွားရင်း သန္တာ့ကိုဝင်ခေါ် သွားကြသည်။ မင်းစိုးပါမည်ဆိုတာသိတော့ သန္တာပျော်နေသည်။ လမ်းမှာ တတွတ်တွတ်ပြောနေသေး၏။

"ကိုမင်းစိုးက သနားဖို့ကောင်းတယ်။ လူအေး. . ။ လက်ကို သူ့ပါးစပ်ထဲထည့်ပေးရင်တောင် ကိုက်မှာမဟုတ်ဘူး"

"မကိုက်ဘဲ အကောင်လိုက်မျိုတော့ ဘယ့်နဲ့လုပ်မလဲ"

အိမွန်က ဝင်ဖောက်၏။ သန္တာက ဘာပြန်ပြောသည်မှတ်လဲ၊

"မျိုတော့ ဘာဖြစ်လဲ။ မျိုလေ ကောင်းလေပဲ"

"သန္တာရယ်. . နင်ကအမျိုခံချင်ပေမယ့် နင့်ကိုမျိုဖို့ဆိုတာ လွယ်တာမှတ်လို့" ဟု ဇင်မာကပြောတော့ အိမွန်က ဝင်ထောင်ပေးသည်။

"ဘာလို့လဲဟ"

"သွားချင်းငြိနေတာနဲ့ကို မျိုကျမှာမဟုတ်ဘူး"

အားလုံး ရယ်ကြသည်။

သန္တာက မရယ်ဘဲ သွားခေါနှင့် အပေါ် နှုတ်ခမ်းကိုကိုက်ထားပြီး





ခပ်တည်တည်စကားဆို၏။

"မင်းတို့ ကိုယ့်ကို စချင်စ၊ လှောင်ချင်လှောင်။ ဒီနေ့ပွဲမှာ သူ့ကိုတော့ မလှောင်ကြပါနဲ့ကွာ။ ချစ်သူမျက်နှာညှိုးမှာ ကိုယ်စိုးတယ်"

"ဘယ်ကချစ်သူ. . ဘယ်သူ့ချစ်သူလဲ"

"ရင်ထဲက မင်းစိုး. . ။ ငါ့ချစ်သူပဲ"

သန္တာက အပြတ်ပြော၏။ အားလုံး ငြိမ်သွားသည်။ သန္တာအတည်ပြောနေ၍ပဲဖြစ်၏။ ကြိုက်မရှက်၊ ငိုက်မရှက် မဟုတ်လား။ မိန်းကလေးချင်း တိုယ်ချင်းစာမိကြသည်၊

"နောက်ပြီး ငါတစ်ခုပြောချင်တယ်"

သန္တာက ဆက်ပြောခြင်းပါ။

အိမွန်က ပြန်ပြော၏။

"နှစ်ခုပြောကွာ"

"ဒီနေ့ အိမွန်မွေးနေ့နော်"

"အင်းလေ. ."

"တို့တတွေ ပျော်ပျော်ပါးပါး စားသောက်ကြရအောင်။ ကုန်ကျစရိတ်တစ်ဝက် ကိုယ်ခံမယ်။ ဘယ်သူမှ စိတ်ညစ်အောင် မလုပ်ကြေး"

"ရပါတယ်။ ကိုယ့်မွေးနေ့ ကိုယ်ပဲကျွေးပါ့မယ်။ ကြိုက်တာသာမှာစားကြ"

"ကောင်းပြီ. . ။ ဒါပေမဲ့ အားလုံးကို ဟစ်ခုပြောချင်တယ်"

သန္တာက အရှစ်ရှည်နေ၏။ ဇင်မာက စိတ်မရှည်။

"နှစ်ခုပြောလို့ ပြောပြီးပြီပဲ"

"ကိုယ်ကြိုက်တာ မှာစားလို့ဆိုပေမယ့် ဒီပွဲမှာတော့ ဘဲကင်မှာစားခွင့် ပိတ်ရလိမ့်မယ်"

"ဟောတော့. . ဘာဖြစ်လို့။ သူများက ဘဲကင်ကြိုက်တာကို



www.burmeseclassic.com

www.burmeseclassic.com



ဇင်မာက စိတ်ပျက်ဟန်ဖြင့်ပြော၏။ သန္တာက ခေါင်းယမ်းလျက်

"ဘဲကင်ဆိုတာ သူ့ကိုနောက်ပြောင်တဲ့နာမည်ဖြစ်နေတယ်။ မင်္ဂလာရှိတဲ့မွေးနေ့ပွဲမှာ တစ်ဖက်သားစိတ်ဆင်းရဲစရာစကားမျိုး မပြောကောင်းဘူး"

ဟု ပြောလေ၏။ ပြောရင်းဆိုရင်း စားသောက်ဆိုင်သို့ ရောက်လာကြလေရာ စားပွဲထိုးလေးများက ကြိုဆို၏။ ဖုန်းဖြင့် ကြိုတင်မှာထားချက်အရ သူတို့အတွက် သီးသန့် နှစ်ဝိုင်းဆက်ပြင်ဆင်ထား၏။

"အစ်မတို့ ဘာသောက်မလဲ"

"ရေသန့်တစ်ဘူး ယူခဲ့"

မွေးနေ့ရှင်၏မှာကြားချက်ကြောင့် အားလုံးနှာခေါင်းရှုံ့သွားကြ၏။

သူတို့ရောက်ပြီး သိပ်မကြာ။ မင်းစိုးတို့ ရောက်လာကြ၏။

"ဟဲလို. . ယမင်းရောက်နေတာ ကြာပြီလား"

မင်းစိုးက ယမင်းကို လမ်းနှုတ်ဆက်၏။ ယမင်းက ပြန်ပြောမည်ဟု ပါးစပ်ဟကာရှိသေး သန္တာက "သန္တာတို့ အခုပဲရောက်တာ။ ကိုစိုးတို့နဲ့ ရှေ့နောက်ပဲ။ ကိုစိုး နေကောင်းလားဟင်"ဟု ဖြတ်ပြောလေရာ ယမင်းပါးစပ်ဟလျက်လေးရှိလေတော့၏။ အိမွန်က ခပ်ချဉ်ချဉ်လေသံဖြင့် "နေကောင်းလို့သာ ရှေ့ငုတ်တုတ်ရောက်နေတာပေါ့ဟဲ့။ နေမကောင်းရင် ဆေးရုံတက်နေမှာပေါ့။ တကတည်း. . "ဟု မျက်စောင်းထိုးကာ ပြော၏။ မင်းစိုးက သမင်းဘေးရှိ ခုံ တွင် ဝင်ထိုင်ရင်း ပြော၏။

"အို. . နေမကောင်းလည်း လာမှာပဲ။ အချစ်ရှိရာ အချစ်လာရတာပဲလေ။ ဟုတ်ဘူးလား သန္တာ"

သန္တာ့ကိုခေါင်းတပ်ပြောသော်လည်း ယမင်းထံ မျက်လုံးများပို့ထားသဖြင့် အားလုံးသဘောပေါက်ကြ၏။ သဘောမပေါက်သောသန္တာက သူပြောသည်မှတ်၍ "အို. . ကိုမင်းစိုးကလည်း။ လူကြားထဲမှာ"ဟု





ခေါင်းကြီးငုံ့၊ လက်ကလေးကိုက်ကာ ပြောနေတော့၏။

"ကဲ. . ကဲ. . စကားပြောကြမှာလား။ အစားစားကြမှာလား။ ကိုယ်စားချင်တာ ကိုယ်မှာကြတော့"

မွေးနေ့ရှင်အိမွန်က ပွဲဝင်ဖြတ်ပေးလိုက်၏။ ထိုတော့မှ အားလုံး ကိုယ်စီ မီနူးကတ်ကြည့်ကာ စားလိုရာမှာကြ၏။

"ဝက်ထမင်းကြော်"

"ဝက်ကြေးအိုးဆီချက်"

"ကြက်ခေါက်ဆွဲကြော်"

"ကြက်ထမင်းပေါင်း"

အားလုံး အသီးသီး စားလိုရာမှာကြသည့်ထဲမှာ မင်းစိုးက တစ်မူထူးမှာကြား၏။

"ဆယ့်ငါးမျိုးဟင်းစုံ"

"အစ်ကို. . ဆယ့်နှစ်မျိုးဟင်းချိုပဲရမယ်လေ"

"အိုကွာ. . နောက်ထပ်သုံးမျိုး ထပ်ထည့်လိုက်ပေါ့"

"တစ်မျိုးပဲ"

စားပွဲထိုးလေး ခေါင်းကုတ်ထွက်သွား၏။ အားလုံး အသီးသီးမှာပြီးသော်လည်း ဇင်မာက ဘာမှမမှာသေး။

"ဇင်မာ. . မှာလေ"

အိမွန်က သတိပေး၏။ ဇင်မာ အိမွန်ကိုလှမ်းကြည့်သည်။ သန္တာ့ကို ကြည့်သည်။ နောက်. . မင်းစိုးကိုကြည့်သည်။

ဇင်မာ့ကိုကြည့်၍ အားလုံးသဘောပေါက်သွားကြ၏။ ဇင်မာက သူကြိုက်သည့်ဘဲကင် မှာချင်နေသည်ကိုး။ သန္တာ့စကားကြောင့် သူမှာရဟာ ခက်နေပုံရ၏။

"ဇင်မာ ဘာစားချင်လို့လဲ။ ကြိုက်တာမှာလေ။ မွေးနေ့ရှင်အ



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးပဲပဲဟာကို"

ပင်းစိုးက ဘုမသိဘမသိ ဝင်ချောင်၏။ ကိုယ့်အန္တရာယ်တော့ ကိုယ်ပပြင်၊ ဇင်မာ မျက်လုံးလေးကျုံ့ယ်သွားပြီ။ မင်းစိုးခွင့်ပြုချက်ဖြင့် သူဟှာနိုင်ပြီဟုသဘောထားကာ မှာတော့မည်ဟု စားပွဲထိုးလေးကို လှမ်းခေါ်သည်။

"ချာတိတ်. . ခဏ"

"ဘာမှာချင်လဲ အစ်မလေး"

စားပွဲထိုးလေးအမေးကို ဇင်မာဖြေဖို့ ပါးစပ်ဟကာရှိသေး. . ။

သန္တာက ဇင်မာ့ကို မျက်စောင်းလှမ်းထိုးသည်။ ဇင်မာတွန့်သွား၏။ စားပွဲထိုးလေးကလည်း ဇင်မာပြောမည့်အရာကို စာရွက်မှာရေးမှတ်ဖို့အသင့်။

"ဘ. . ဘဲ. . အဲ. . အဲ. . ဂတ်ဂတ်ကင် တစ်ခြမ်းလုပ်ကွာ"

သွားပြီ။ စားပွဲထိုးလေး လည်ထွက်သွားပြီ။ ဇင်မာ့ကို မျက်လုံးပြူးကြည့်သည်။

ဇင်မာက စားပွဲထိုးလေးအား ပြန်ကြည့်ကာ ပြုံးပြရင်း လက်ကို ကွေးပြီး တံတောင်နှစ်ဖက်ကိုလှုပ်ပြလျက် "ဂတ်ဂတ်ကင်ကွာ. . ဂတ်ဂတ်ကင်" ဟု အမူအရာပါလုပ်ပြလေရာ စားပွဲထိုးလေးကလည်း လိုက်လုပ်ကြည့်လျက်. .

"ဂတ်. . ဂတ်. . ကင်"

ဟု ရေရွတ်ကာ စဉ်းစားရာမှ သဘောပေါက်သွားဟန်ရှိပြီး. .

"သိပြီ. . သိပြီ. . အစ်မက ဟိုပိန်ခြောက်ခြောက်နေခကောင်ကင်တာကို စားချင်တာမဟုတ်လား။ ဟိုငနာကို အားနာလို့ တည့်တည့် မပြောဘဲ ဂတ်ထဲသွားပြောတာမဟုတ်လား။ ပေါက်သွားပြီ. . ပေါက်သွားပြီ"





ဟု ဆိုကာ ရေးမှတ်ပြီး ထွက်သွားတော့၏။ ဘာရေးမှတ်သွားသလဲတော့ မသိရ။

မင်းစိုး၊ ဇော်မိုးနှင့် မင်းသူတို့သုံးယောက်မှာတော့ ဟိုငနာဆိုတာ ငါ့များပြောတာလားဟု ကိုယ်စီတွေးရင်း ငြိမ်နေကြတော့၏။

မငြိမ်ဘဲ လျှာရှည်လျှင် ပိုနာမည်မဟုတ်လား။

မကြာမီ. .

ပါးရည်နပ်ရည်ရှိလှသော စားပွဲထိုးလေးလာချပေးသည့် ဘဲကင်တစ်ခြမ်းအား ဇင်မာအပြတ်ဖွဲ့နေသည့်အချိန်တွင်. .

မင်းစိုးအပြတ်မဲ့နေသည်ကို မြင်ရမည် ဖြစ်ချေတော့၏။

❦ ♡ ❦



www.burmeseclassic.com

www.burmeseclassic.com



<၆>

ပြောမယ့်သာ ပြောရသည်။

ဘယ်လိုပြောရမှန်းကို မသိ။

မင်းစိုးနှင့် သူသည်ကား ဘာမှန်းမသိ၍ ဘယ်လိုပြောရမှန်း မသိ ဖြစ်နေခြင်းဖြစ်သည်။

"ရှင့်ကိုလေ ခေါင်းခေါက်ပြီး ဗိုက်ခေါက်သာ ဆွဲလိမ်ပစ်လိုက်ချင်တယ်။ သိလား. ."

ယမင်း အားမလိုအားမရ တစ်ယောက်တည်း ပြောနေမိခြင်းဖြစ်သည်။

တကယ်လည်း မင်းစိုးနဲ့သူနဲ့က သူငယ်ချင်းလည်းမက သမီးရည်းစားလည်းမကျ။

ခက်သည်ကား. .

ယမင်းသည် မိန်းကလေးတစ်ဦးဖြစ်နေ၏။ မိန်းမတို့ကကြွေ ဒေါ်လာပေးတိုင်း မရဘဲလေ။

အထူးသဖြင့် ယမင်းတို့ မြန်မာမိန်းကလေးများက ပိုပြီး အရ အကြောက်ကြီးသည်။ ထိုထဲတွင် သဏ္ဌာတော့ သိပ်မပါချင်။ ဆူမကို



www.burmeseclassic.com

www.burmeseclassic.com



ခြင်းချက်ထားရလိပ့်မည်။

သဏ္ဌာက သူများမိန်းကလေးများထက် ထူးသည်ပဲမဟုတ်လား။

သဏ္ဌာကား မင်းစိုးကို တစ်ဖက်သတ်ချစ်နေ၏။ သူချစ်တာကိုလည်း ဟန်မဆောင်။

မင်းစိုးလက်ကိုဆွဲလျက် စွယ်တော်တန်းကြားက နေပူပူ တံလှပ်ရောင်လမ်းမှာ လျှောက်ခဲ့ဖူးလေပြီ။ '

ဒါကို သဏ္ဌာက အဟုတ်ထင်နေရော့လား။

အဲဒီတုန်းကတော့ ဘာရယ်မဟုတ်။

ပျော်စေပျက်စေ ကလက်စေနှင့် ဝိုင်းပြီးဘေးတီးခဲ့ကြခြင်းသာဖြစ်ချေ၏။

ဘာပဲဖြစ်ဖြစ်. .

သဏ္ဌာ့ကိုတော့ ယမင်းစာနာသည်။ မိန်းကလေးတစ်ဦးရဲ့ရင်ထဲက အချစ်ဆိုတာ မိန်းမသားချင်းသာ သိတတ်ပါသည်။

သဏ္ဌာသည် မင်းစိုးကိုချစ်နေ၏။

ယမင်းလည်း. . မင်းစိုးကို. .

ခက်သည်. . ။

သိပ်ကို ခက်လှသည်. . ။

အချစ်တစ်ပွဲ စစ်ပွဲတစ်ရာဆိုတာ ဟုတ်လိမ့်မည်ထင်၏။

သည်ပွဲမှာ ယမင်းအောင်နိုင်ဖို့ သဏ္ဌာ့နှလုံးသားကို နင်းချေဖြတ်ကျော်သွားရမည်လား။

ယမင်းက သဏ္ဌာ့နှလုံးသားကို နင်းချေဖြတ်ကျော်တက်ကာ အချစ်စစ်ပွဲကို နွှဲလိုသည်ပဲထားဦး. . ။

ဘယ်မှာတုံး ပစ်မှတ်. . ။

တစ်ဖက်က ဘာမှမလှုပ်ဘဲနှင့် ကိုယ်ကစတင်ပစ်ခတ်ခွင့် မရှိ။





ပစ်မှတ်က စတင်လှုပ်ရှား ပစ်ခတ်မှသာလျှင် ကိုယ်က ခုခံပစ်ခတ်ရမည်။

သည်နေရာမှာတော့ ယမင်း စိတ်ကြိုက်ခုခံလို့ရပြီ။

ဟိုက တစ်တောင့်ပဲပစ်လိုက်ဦး။ ထိမှန်ချင်ယောင်ဆောင်၍ မာ်ယာဗုံးများဖြင့် လှမ်းထုလို့ရ၏။ မေတ္တာမော်တာကိုလည်း သုံးနိုင်ပြီ။

လိုအပ်လျှင် မျက်ရည်ဗုံးလည်း သုံးခွင့်ရှိပြီ။ တိုက်ပွဲကို ရက်ချိန်းပေးလို့လည်းရပြီ။

တစ်ခါတည်းနှင့် ရင်ခွင်ထဲ ခေါင်းထိုးဝင်ကာ "ရှုက်တယ်ကွာ" ဆိုပြီး အလံဖြူထောင်လိုက်လို့လည်း ရပြီ။

သည်လိုတွေလှုပ်ရှားဖို့ တစ်ဖက်ကစတင်ပစ်ခတ်ခြင်းကို စောင့်ဖို့တော့လို၏။

ဤကား နိုင်ငံတကာအချစ်စစ်ဥပဒေတည်း။

သည်ဥပဒေကိုလိုက်နာနေရပါသော ယမင်းခမျာ မင်းစိုးဘက်က အချစ်ကျည်တစ်တောင့်မှပစ်မလာသေးသဖြင့် ဟာပ်ကော့ကြီးဖြစ်နေ၏။

တိတိကျကျသာ မပစ်ခတ်သေးသည်။ စစ်ပွဲကို ပြင်ဆင်ကျင်းပနေပုံကဖြင့် အသည်းယားစရာ။ ကားမှတ်တိုင်ကနေ စတွေ့ပြီး အသင့်ပြင်ဆင်လာခဲ့သည်မှာ အပစ်အခတ်ခံရမည့်သူပင် ရင်တုန်ရသေး။

ခုထိလည်း တိတိကျကျ တစ်တောင့်မှမပစ်သေး။

လက်ကလေးကိုင်လိုက်၊ ပြန်ချထားလိုက်၊ ယက်သည်းလေးခြစ်လိုက်နှင့် ဘာကြီးမှန်းကိုမသိ။

တကယ်ဆို. .

"ယမင်းကို ချစ်တယ်ကွာ"

ဟု တစ်ခွန်းသာပြောလိုက်။ ပွဲက ပြတ်ပြီးသား။

ယမင်းက "အို. . "ဟုဆိုပြီး ခေါင်းလေးငုံ့ကာ သူ့ရင်ဘတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပစ်ပိုဖို့ တွေးပြီးသား။ စီစဉ်ပြီးသား. . ။

ကျေးဇူးရှင်က ဘာမှမပြောတော့ အစီအစဉ်က ပျက်ချင်သလို လိုဖြစ်နေ၏။

"နောက်. . လိုက်တုန်းကတော့ အူယားဖားယား။ ပြောခါနီးကျတော့ လျှောတောလျှောတောနဲ့။ ဘယ်လိုဖြိုဟ်သားပါလိမ့်"

ယမင်း တွေးရင်း စိတ်တိုနေ၏။ ယမင်း အားမလိုအားမရ နှုတ်ခမ်းကိုကိုက်ထားမိ၏။

ယမင်းထိုင်နေတာ ကျောင်းကအနားယူခုံတန်းလေးမှာဖြစ်၏။ ဘယ်သူမှမရှိ။ ယမင်းတစ်ယောက်တည်း။

သူ့နောက်မှာ မင်းစိုးလာနေသည်ကို သူမသိ။ တွေးချင်ရာတွေးနေသည်။ ငေးချင်ရာ ငေးနေသည်။ စိတ်ထဲရှိနေတာကိုလည်း ပြောချလိုက်သေး၏။

"မင်းစိုး. . ငတုံး"

"ဗျာ. . ယမင်း ဘာပြောတယ်"

"ဟောတော့. . ကိုမင်းစိုး. . ။ ဟို. . ဟို. . ဟိုမှာ တုံးကြီး. . ။ ကျော်လိုက်"

ရုတ်တရက်ရောက်လာသည့် မင်းစိုးအသံကြောင့် ယမင်းလန့်သွားပြီး ပြောမိရာပြောလိုက်၏။ ယမင်းပြောဖြစ်သွားသည်မှာ ငတုံးအစား တုံးကြီးကျော်ခိုင်းပြီး ယက်ကလည်း မင်းစိုးရှေ့ကို ထိုးပြသေး၏။

မင်းစိုးလည်း ယောင်ပြီး ခုန်ကျော်လိုက်၏။

ယမင်းက မုန်လာဥလုပ်လျက် ငတုံးကို တုံးကြီးကျော်လိုက်ပြီတော့ တုံးဆိုတာပဲမြင်သလိုလိုနှင့် ခုန်ကျော်လိုက်ပြီးမှ မင်းစိုး နောက်ပြန်လှည့်၏။

ဘာတုံးမှ မမြင်။ ဘာတုံးမှ မရှိ။





ဘာမှမရှိဘဲ ကျော်လွှားလိုက်ရသဖြင့် မင်းစိုး အူတူတူဖြစ်ပြီး ယမင်းကို ကြောင်တောင်တောင်ဖြင့်ကြည့်နေ၏။

"ဘယ်မှာလဲ တုံး"

ဇဝေဇဝါဖြင့်မေး၏။ ယမင်း ခေါင်းယမ်းရင်းပြောသည်မှာ. .

"မရှိတော့ဘူး. . ။ ပျောက်သွားပြီ"

"ဘယ်လို. . "

"မရှိတော့ဘူး. .။ ပျောက်သွားပြီ။ ခုနကမြင်ပါတယ်။ ကိုမင်းစိုး ကျော်လိုက်မှ တုံးက ပျောက်သွားတာ။ အံ့ဖွယ်သရဲပဲ"

ယမင်းက မုန်လာတစ်ဥထပ်ထည့်၏။ တစ်ခင်းလုံးများ နုတ်လေမလားမသိ။ ထပ်ရွှေသေး၏။

"ကိုမင်းစိုးက တုံးပြီးတယ်နော်။ ဟိုးရှေးရှေးက တုံးပြီးသူရဲကောင်းသေလို့ ဝင်စားလားပဲ"

ဘာမှမဆိုင်။ သက်သက် လွှတ်ရွှေနေခြင်းသာဖြစ်၏။

ဘယ်ခေတ်တုန်းကမှ တုံးပြီးသူရဲကောင်းဆိုတာ မရှိခဲ့။

မင်းစိုးကလည်း ချစ်သူရွှေနေသည်ကို ကန့်လန့်မလုပ်ချင်၍ ဖောလျှောလုပ်လေ၏။

"ဟုတ်မှာ. . ။ တို့ကိုမွေးတုန်းက စဉ်းတီတုံးလေးဖက်လို့ဆိုလား"

"အဲတော့"

ယမင်းမျက်လုံးပြူးသွားသည်။ သူက ကိုယ့်ထက်ပို၍ ဖောနိုင်လှသည်ပဲ။

"စဉ်းတီတုံးကြီးပါ ရော၍ ဘယ်လိုမီးဖွားပါလိမ့်"

ဟု ယမင်းသိချင်သော်လည်း မမေးရဲ။ သူ့အမေ မီးဖွားစဉ် ညည်းညူနေပုံကိုသာ မြင်မြင်မိတော့သည်။

ယမင်း ထပ်မရွှေရဲ။ ကိုယ်က ရွှေရုံရယ်။ သူက ရွှေရော၊ နွှ



www.burmeseclassic.com

www.burmeseclassic.com



ရော၊ ကြေးရော ဖြစ်လာနိုင်သည်မဟုတ်လား။

"ယမင်း ဘာလုပ်နေတာလဲ"

"ဇင်မာတို့ကို စောင့်နေတာ။ အသုပ်သွားစားကြမလားလို့"

အသုပ်စားကြမည်ဆို၍ မင်းစိုး ဗိုက်ကိုပွတ်မိ၏။ သူဗိုက်ဆာနေသည်ပဲ။ သူ့ဗိုက်ကား လေးဆယ့်ရှစ်နာရီ ဆာနေတတ်၏။

"သူတို့လာကြတော့မှာလား"

"အင်း"

"သူတို့မလာခင် ယမင်းကို တစ်ခုပြောပါရစေ"

ပွဲစပြီ။ ပစ်မှတ်ဘက်က စတင်လှုပ်ရှားလာလေပြီ။ ယမင်းနှင့်ချင်နေသည့် အချစ်စစ်ပွဲကို နွှဲရတော့မည်ထင်၏။

ယမင်းက မျက်လုံးထဲမှာ ညှုကလီးဗုံးများ အတွဲလိုက်ထည့်ထားလိုက်သည်။

စစ်ပွဲစသည်နှင့် တစ်လုံးချင်းဖောက်ခွဲမနေဘဲ အတွဲလိုက်ခွဲပစ်လိုက်ရန်ကြံထား၏။ တစ်ဖက်မှ သေချာပေါက်စစ်ဆင်လာစေရန်လည်း စစ်မြှူလိုက်၏။

"ပြောစရာရှိ ပြောလေ။ သူစိမ်းတွေကျနေတာပဲ"

"ယမင်း စိတ်မဆိုးရဘူးနော်"

"စိတ်မဆိုးပါဘူးတဲ့ရှင်။ ယမင်းနဲ့ ကိုမင်းစိုးက အပျိုလူပျိုတွေပဲ။ လွတ်လပ်စွာ ပြောရေးဆိုခွင့်ရှိပါတယ်"

"ကိုယ်ပြောမှာကို ယမင်းရိပ်မိနေသလိုပဲ"

"သိကို သိတာ။ ယမင်းဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ်လေ"

ယမင်းစကားကြောင့် မင်းစိုးမျက်လုံးပြူးကာ ယမင်းဗိုက်လေးကိုလှမ်းကြည့်သည်။ ယမင်းကလည်း ယောင်ပြီး ငုံ့ကြည့်သည်။

"အို. . ဘာကြည့်တာလဲ"





ယမင်း ရှက်စနိုးဖြင့်ပြော၏။ မင်းစိုးက မရှက်မကြောက် ဖြန်ပြောသည်။

"ယမင်းဗိုက်ထဲမှာ ဘယ်တုန်းက ပုဏ္ဏားလေးရှိနေတာလဲဟင်"

"အို. . တင်စားပြောတာကိုဟာ"

"သိပါဘူး။ တကယ်ရှိနေလားလို့ လန့်သွားတာပဲ"

မင်းစိုး စကားမဆက်။ ရှေ့ဆက်ပြောရမည့်စကားအတွက် စဉ်းစားနေပုံရသည်။

ယမင်းကလည်း ဘာပြောမလဲဟု နားစွင့်ထားသည်။ နားစွင့်ရတာ အားမရသဖြင့် ပစ်ကွင်းရှေ့ ထရပ်လိုက်သည်။

"ကို. . ဘာပြောမလို့လဲ။ ပြောလေ"

"ပြောသင့်၊ မပြောသင့် စဉ်းစားနေတာ။ တစ်ဖက်သား မိန်းကလေးကို စော်ကားသလိုများ ဖြစ်သွားမလားလို့"

"မဖြစ်ပါဘူး. . ပြောပါ။ အပျိုလူပျိုတွေပဲ"

ယမင်းက ကြော်ငြာပါဝင်နေသေး၏။ ဟိုကဘာပြောမည်မသိ။

"ယမင်းကို ပြောရမှာက နှလုံးသားကိစ္စပါ"

"သိပါတယ် ကို. . ။ ပြောပါ"

ဟိုက တစ်တောင့်မှမပစ်ရသေး။ ယမင်း ကျည်သင့်နေပါပေါ့လား။ မင်းစိုးကိုများ 'ကို' တဲ့။

မင်းစိုးက လွယ်အိတ်ကြီးကို စလွယ်သိုင်းလိုက်ရင်း ပြောဖို့ပြင်သည်။ သူ့ပုံက အခြေအနေမဟန်လျှင် လစ်မည့်ပုံ။

"ကိုကလည်း အပျိုလူပျိုစကားပြောမှာများ နပမ်းသတ်မှာ ကျနေတာပဲ"

"ယမင်းစိတ်ဆိုးမှာစိုးလို့။ ယမင်းစိတ်ဆိုးပြီး ပေါက်ကွဲရင် ပြေးနိုင်အောင် အသင့်ပြင်ထားရတာ"



www.burmeseclassic.com

www.burmeseclassic.com



ပင်းစိုးက ပစ်ပြေးပြေးရန် ကြံနေ၏။ ယမင်းကလည်း ရင်ဘတ်တည့်တည့် ချစ်ကျည်အပစ်ခံဖို့ ကြံနေ၏။

"ပြောလေကွာ. . ။ အသည်းယားအောင်လုပ်နေတယ်။ တိုရှင်းလိုရင်းသာ ပြောလိုက်။ ချစ်ရင်ချစ်တယ်ပေါ့"

"ဟုတ်တယ်. . ။ သိပ်ချစ်တာပဲ. . တဲ့။"

"အို. . "

ယမင်းက 'အို' ဟုဆိုကာ အစီအစဉ်အတိုင်း ခေါင်းကြီးငုံ့လျက် မင်းစိုးရင်ဘတ်ကြီးဆီ တိုးဝင်လိုက်၏။

"ဒုန်း"

သွားပြီ။ မင်းစိုးက ကပျာကယာရှောင်လိုက်ရာ ယမင်းနဖူးသည် မင်းစိုးဘေးကတိုင်နှင့် မိတ်ဆက်သွားတော့၏။

ယမင်း လန့်သွား၏။ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဖြစ်ရမှာက. .

သူ့ဦးခေါင်းလေးသည် ထွေးနွေးသောရင်ခွင်ထဲသို့ရောက်. .

နူးညံ့သောလက်ကလေးများက သူ့ကိုဖွဖွဆုပ်ကိုင်. .

"သိပ်ချစ်တာကွယ်"ဟူသည့် သံစဉ်ကလေးများက တိုးဖွဖွခုန်ချလာ. . ။

ယမင်းက "ရှက်တယ်ကွာ. . မကဲနဲ့"လို့ပြော. . ။

ကဲ. . ဘယ်လောက်ကောင်းလဲ။ လပ်ဆင်းပဲ။

ဒါရိုက်တာကောင်းကောင်းနဲ့ ရိုက်တတ်ရင် ကြည့်ကောင်းမယ့်. အခန်း။

ချစ်ရည်ရွှန်းလဲ့နေတဲ့ ယမင်းရဲ့မျက်လုံးလေးတွေကိုရိုက်ပြ. . ။

ရင်ဘတ်ကြီးထဲတိုးဝင်လာနေတဲ့ ယမင်းရဲ့မျက်နှာနဲ့ ရှည်လျားနက်မှောင်နေတဲ့ ဆံပင်များလှုပ်သွားပုံကို စလိုးမိုးရှင်းရိုက်ပြ. . ။





ယမင်းမျက်နှာလေး ချစ်သူ့ရင်ခွင်မှာ ညင်သာစွာခိုနားသွား. . ။

သိပ်ကြည့်ကောင်းမယ့်ပွဲ။

အခုတော့ ဘယ့်နှဲ့. .

"ဒုန်း" တဲ့။

ယမင်း အံ့သြတုန်လှုပ်စွာ နဖူးကိုစမ်းရင်း မင်းစိုးကိုကြည့်လိုက်၏။

စူးရှရှလေး ကြည့်ခြင်းတည်း။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

ယမင်း ချက်ချင်းလေသံပြောင်းသွားပြီ။ ခုန 'ကို' ပျောက်၍ 'ရှင်' ဖြစ်သွား၏။ ပဋ္ဌင်းတက်ဖို့ပဲလိုတော့သည်။

မင်းစိုးကလည်း ကြောင်တောင်တောင်ကြည့်ရင်း. .

"ကိုယ်လုပ်တာမဟုတ်ဘူး။ သူလုပ်တာ"

တိုင်ကို လက်ညှိုးထိုးပြနေတော့သည်။

"ရှင် တိုင်မပတ်နဲ့။ ချစ်တယ်ဆိုပြီး ဘာလို့ နောက်ဆုတ်သွားတာလဲ"

"ဘယ်သူပြောလို့လဲ"

"ရှင်ပဲ ပြောပြီး. . "

"ဟောဗျာ. . ဆုံးအောင်နားမထောင်ဘဲ။ အဲဒါ ကိုရဲသူကပြောခိုင်းတာကို ပြောတာ"

"ဘာ. . "

"ဟုတ်တယ် ယမင်းရယ်။ တစ်နေ့က ကိုရဲသူ ကိုယ့်ဆီလာတယ်။ ရင်ဖွင့်တယ်။ ယမင်းကို သူတကယ်စွဲလမ်းကြောင်း၊ သိပ်ချစ်ကြောင်း ပြောပြီး ကိုယ့်ကို အကူအညီတောင်း. . "

"ဟင်. . "

ယမင်းအော်လိုက်၏။ ယမင်း ပေါက်ကွဲသွားလေပြီ။ မင်းစိုးကို



www.burmeseclassic.com

www.burmeseclassic.com


စကားဆက်ပြောခွင့်မပေး။

ရှက်လည်း အတော်ရှက်သွား၏။ မင်းစိုးမျက်နှာကို စေ့စေ့ကြည့်သည်။

ပြီး. . တုန်ယင်အက်ကွဲစွာဖြင့် စကားဆိုသည်။

"ကြော်. . ရှင်က ကိုရဲသူနဲ့တွေ့ပြီးပြီပေါ့။ ဟိုက ရှင့်ရဲ့နှလုံးသားကိုတောင်းတော့ ရှင်က, ပေးမယ်ပေါ့"

"ဟင့်အင်း. . သူ ကိုယ့်ဆီက နှလုံးမတောင်းပါဘူး။ သူ့မှာရှိတာပဲဟာ။ သူ အကူအညီတောင်းတာက ယမင်းနဲ့သူနဲ့ ပြေလည်စေဖို့ ကူညီဖို့. ."

"တိတ်"

"ဗုဒ္ဓေါ. . ။ သိမ်မအော်ပါနဲ့ ယမင်းရယ်"

"အော်တယ်. . ။ ရှင့်ကို အရေဆုတ်ချင်လို့ အော်တာ။ ကျွန်မ တစ်ခါတည်း အဖြေပေးလိုက်မယ်"

"ကျေးဇူးပါပဲ ယမင်း"

မင်းစိုးက အထူအပါးနားမလည်စွာ ကျေးဇူးလုပ်နေသေး၏။ ယမင်းက မဲ့လျက်ပြော၏။

"ကျွန်မ အဖြေနှစ်မျိုးပေးလိုက်မယ်။ မုန်းတယ်။ ချစ်တယ်။ ဒါပဲ"

"အန်. . နှစ်မျိုးကြီးတောင်"

"ဟုတ်တယ်. . မုန်းတာက ရှင့်ကို။ ချစ်တာက သူ့ကို။ ကဲ. . ရှင် အဖြေယူသွားပြီး သွားဖြေလိုက်တော့"

ပြောမယ့်သာပြောရသည်။ ယမင်းရင်ထဲမှာ မချိ။ သူမျှော်လင့်စောင့်စားနေခဲ့သော အချစ်စစ်ပွဲလေးကို မနွှဲလိုက်ရဘဲ ရုတ်တရက် ဟိုက်ဒရိုဂျင်ဗုံးကြဲခံလိုက်ရသလိုဖြစ်သွားတော့ ယမင်း ခြေမကိုင်မိ၊





လက်မကိုင်မိ ဖြစ်သွားရရှာသည်။

သွေးရူးသွေးတန်း ပြောမိပြောရာ ပြောချလိုက်မိတော့သည်။

မင်းစိုးခမျာရော ဘာထူးပါသနည်း။

ရဲသူကို ယောကျ်ားချင်းကိုယ်ချင်းစာကာ ကူညီမည်ဟု ကတိပြုမိလိုက်ရသည်။ ရင်ထဲမှာဖြင့် မချိ။

ယမင်းကို သူချစ်သည်။ ဟိုးရှေးမဆွကတည်းက ချစ်ခဲ့သည်။

သို့သော်. .

သူ့အချစ်က တစ်မျိုး။

ရယူပိုင်ဆိုင်လိုခြင်းမဟုတ်။ ကြွေရုပ်လေးတစ်ရုပ်ကို အရိပ်တကြည့်ကြည့်ကြည့်ကာ ချစ်နေလိုခြင်းပါ။

နောက်. . ယမင်းအား သူ၏ နုံနဲ့သောဘဝထဲသို့ ဆွဲမသွင်းလို။

သူ့ဘဝက ခိုင်မာမှုမရှိ။

အမေအိုကို ရွာမှာထားခဲ့၍ သူ ဘွဲ့ရအောင် ရန်ကုန်ရှိ ဦးလေး၏ကူညီထောက်ပံ့မှုဖြင့် ကျောင်းနေခဲ့ရသည်။

နောက်. . သူ့ဝါသနာက ကဗျာရေးခြင်း၊ စာရေးခြင်း။ ထမင်းနပ်မှန်ဖို့မလွယ်မှန်းသိသော်လည်း ဝါသနာကို မစွန့်နိုင်။

ထို့ကြောင့်. .

သူသည် ယမင်းကိုချစ်၏။ မနှစ်လိုသဖြင့် မချစ်ခဲ့။

ချစ်၍လည်း မနှစ်လို။ မနှစ်တာ ချစ်လို့။

ရှုပ်သလိုလိုတော့ရှိ၏။ သူ့ဟာသူတော့ ရှင်းလို့။

ယခုတော့ ရှင်းရုံတင်မဟုတ်။

ပြတ်သွားပြီ။

ယမင်းအဖြေက ပြတ်သား၏။

ယမင်းအကြည့်က စိမ်းကားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယပင်း သူ့ကိုကျောခိုင်းသွားလေပြီ။

ယပင်းကျောပြင်ကိုကြည့်ရင်း သူတွေကျန်ခဲ့ရ၏။

"ဝ"

မျက်ရည်ကျလုဖြစ်နေသော မင်းစိုးအား ဗိုက်ထဲမှ ပြင်ပအခြေအနေကို လှမ်းဖုန်းဆက်မေးသည်။

မင်းစိုးက ဗိုက်ကိုအသာပွတ်ကာ. .

"တိတ်တိတ်နေကွာ။ ငါမှားသွားတယ်။ အသုပ်စားပြီးမှ ပြောလိုက်ရရင် ကောင်းမှာ"

ဟု နှစ်သိမ့်စကားပြောကြားရင်း စွယ်တော်ပင်တန်းကြားမှာ ဗိုက်ဆာသူအလွမ်းသမားလေးအဖြစ်. .

တစ်လှမ်းချင်း. .

တစ်. . လှမ်း. . ချင်း. . ။





"တောက်. . သေလိုက်ပါတော့ကွာ။ ကိုယ့်အတွက်ကျထားတဲ့ ခွဲတမ်းကို သူများအတွက် သွားပြောရတယ်လို့"

"ယမင်း မင်းကို ပါးပါရိုက်မသွားတာ ကံကောင်း။ ခု ဘယ်လို လုပ်ကြမလဲ"

"မသိတော့ပါဘူးကွာ။ ငိုချင်တာပဲ ငါသိတယ်"

ဇော်မိုးနှင့် မင်းသူက တဗျစ်တောက်တောက်ပြော၏။ မင်းစိုးက ညောင်နာနာဖြစ်နေ၏။

"မင်းကွာ. . ။ ရဲသူလာပြောတိုင်း ပြောပေးရတယ်လို့"

"ဒါကတော့ကွာ. . ကိုရဲသူက ယမင်းကို ရိုးသားစွာ တကယ်ချစ်ခဲ့မှန်းလည်းသိ၊ ငွေကြေးပြည့်စုံသူလည်းဖြစ်တော့ ယမင်းဘဝ သာယာစေချင်တဲ့ဆန္ဒကြောင့်. . "

"မင်းရဲ့နှလုံးသားကို စတေးပစ်လိုက်တယ်ဆိုပါတော့"

"ဒါကတော့ကွာ. . ယမင်းကိုချစ်လို့ပါ။ ကိုရဲသူက ယမင်းအတွက် အတိအကျကို အာမခံသွားတာ"

"ကိုရဲသူက အာမခံရုံးမှာ လုပ်လို့လား"

"ဟာကွာ. . ယမင်းရဲ့ ဘဝရှေ့ရေးအတွက် အာမခံချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးသွားတာကိုပြောတာ။ ဒီလိုကွာ. . "

ပင်းစိုးက သူထံကို ရဲသူရောက်လာပုံကို အစမှအဆုံး ဇော်မိုးတို့အား ပြောပြလေတော့၏။





"ကိုမင်းစိုးဆိုတာ. . "

"ဩော်. . ဟုတ်ကဲ့။ ကျွန်တော်ပါ"

"အစ်ကိုက ရဲသူပါ။ ညီလေးနဲ့ စကားနည်းနည်းပြောချင်လို့။ အချိန်ရပါတယ်နော်"

"ရပါတယ်အစ်ကို။ ဘာကိစ္စများပါလိမ့်"

ရဲသူက စကားမဆက်။ မင်းစိုးအား ခြေဆုံးခေါင်းဆုံးကြည့်ပြီး

"မဆိုးပါဘူး"

ဟု တိုးတိုးမှတ်ချက်ချလေရာ မင်းစိုးက ရှက်ကိုးရှက်ကန်းဟန်ဖြင့်. .

"ဟာ. . အစ်ကိုကလည်း။ ယောက်ျားချင်း"

ဟု ပြန်ပြောလေ၏။

"မဟုတ်ပါဘူး။ အစ်ကိုက ညီလေးရဲ့ ယောက်ျားပီသတဲ့အနေအထားကို ပြောတာပါ"

"ဟီး. . လူတိုင်းက အဲဒီလိုပြောကြတာပဲ"

ဟိုကမြှောက်၍ မင်းစိုးမြောက်သွား၏။ ရဲသူက မင်းစိုးအားပြုံးပြုံးကြီးကြည့်ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ညီလေး။ ဒီနေ့ညနေစာကို အစ်ကိုကျွေးမယ်။ စားရင်းသောက်ရင်း စကားပြောကြတာပေါ့"

"အားနာစရာကြီး"

"အားနာစရာမလိုပါဘူးကွာ။ အချင်းချင်းတွေပဲ"

"ဟင်. . ခုမှ သိတာကိုး"

"ညီလေးကိုခုမှသိပေမယ့် အစ်ကိုက အရင်တည်းကသိပါတယ်"

"အရင်ကတည်းက သိတယ်။ ခုမှ သိတယ်။ နှစ်မျိုးပါလား"

မင်းစိုးက အူတူတူပုံစံလုပ်နေ၏။ ဘာပဲဖြစ်ဖြစ် ညနေစာကောင်းကောင်းတွယ်ရတော့မည်မို့ ကျိတ်ဝမ်းသာနေ၏။'

ရဲသူက ကကတစ်စီးငှား၍ စားသောက်ဆိုင်သို့မောင်းစေ၏။ သူတို့ကားလေး ထိုးရပ်လိုက်သည့်ဆိုင်ကား ယမင်းတို့၊ ဇင်မာတို့နှင့် စားသောက်ကြရာ 'စတား' စားသောက်ဆိုင်။

ဆိုင်ထဲဝင်လာသော မင်းစိုးနှင့်ရဲသူတို့ကို စားပွဲထိုးလေးက နေရာချပေး၏။

ထိုစားပွဲလေးကား မင်းစိုးကို ကောင်းကောင်းမှတ်မိပုံရ၏။ မင်းစိုးမမြင်ရန် တံတောင်နှစ်ဖက်ကိုမြှောက်ချည်ချချည်လုပ်ကြည့်ရင်း. .

"ဂတ်. . ဂတ်ကင် ဆရာပဲ" ဟု တိုးတိုးလေးရေရွတ်၏။

မင်းစိုးတို့ထိုင်မိသည်နှင့် စားပွဲထိုးလေးက အနားလာရပ်၏။

ရဲသူက မီနူးကတ်ကိုကြည့်နေ၏။ စားပွဲထိုးလေးက မင်းစိုးကိုကြည့်နေ၏။ မင်းစိုးက စားပွဲထိုးလေးအား မျက်စိမှိတ်ပြ၏။ တံတောင်ကိုမြှောက်ပြီး လက်ခါပြ၏။

စားပွဲထိုးလေး ပေါက်၏။

ရဲသူက ထမင်းကြော်နှင့်ဘဲကင်မှာလေရာ စားပွဲထိုးလေးက မင်းစိုးကို လှမ်းကြည့်၏။ မင်းစိုးက စားပွဲထိုးလေးအား မျက်စိမှိတ်ပြ၊





လက်ခါပြပြန်၏။

စားပွဲထိုးလေး ပေါက်ပါသည်။ ရဲသူအား အမြန်ပင်ပြန်ပြော၏။

"ဆရာ. . ဘဲကင်မရဘူး။ ဂတ်ဂတ်ကင်ပဲရမယ်။ ဟုတ်တယ်နော်ဆရာ"

စားပွဲထိုးလေးက မင်းစိုးကိုပါဆက်ပြောလိုက်၏။ မင်းစိုးလည်း ယောင်ပြီး. .

"အေး. . ဟုတ်တယ်"

ဟု ပြောလေရာ ရဲသူမျက်မှောင်ကြုတ်သွားလျက်. .

"အေး. . ဂတ်ဂတ်ကင်ပဲယူခဲ့။ မစားဖူးသေးဘူး။ စားကြည့်ရအောင်"

စားပွဲထိုးလေးက ရေးမှတ်ပြီး ထွက်သွားမှ ရဲသူစကားဆက်၏။

ရဲသူပြောသည်မှာ သူ ယမင်းကို ဘယ်ထိချစ်ကြောင်း၊ သူ့ကို ယမင်းက မချစ်ကြောင်း၊ ယမင်းမှာ ချစ်သူရှိသည်ဟုသိရကြောင်း၊ ထိုသူမှာ မင်းစိုးပင်ဖြစ်သည်ဟု သိရကြောင်း ပြောလေ၏။ ထိုအခါ မင်းစိုး ထူထဲလှစွာ၊ ရိုးသားစွာ ဤသို့ပြောလေ၏။

"ကျွန်တော်နဲ့ယမင်းဟာ ချစ်သူတွေမဖြစ်ကြသေးပါဘူး"

"ဘယ်လို. . ညီလေး"

"ဟုတ်တယ် အစ်ကို။ အများအထင်မှာတော့ ချစ်သူတွေလို့ထင်မှာပါ။ ကျွန်တော်နဲ့ယမင်း သွားသွားလာလာရှိနေကြပေမယ့် ချစ်ခွင့်မပန်လို့ ချစ်သူတွေမဖြစ်ကြသေးပါဘူး"

"ညီလေး တကယ်ပြောနေတာလားဟင်"

မင်းစိုး ခေါင်းညိတ်၏။ ထို့နောက် တစ်ဆက်တည်း ခေါင်းခါ၏။

ခေါင်းညိတ်ခြင်းမှာ ရဲသူကိုညိတ်ခြင်းဖြစ်၍ ခေါင်းခါခြင်းမှာ ဘဲကင်ပန်းကန်ဆွဲလာသော စားပွဲထိုးလေးကိုမြင်သဖြင့် ခေါင်းခါပြခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ဘဝပိုင်းက ဘဲကင်မယူလာနှင့်သဘောမျိုး။

ဘာပဲပြောပြော. .

ဘဲကင်ကတော့ စားပွဲပေါ် ရောက်လာချေပြီ။ ရဲသူက မင်းစိုး ကိုကြည့်နေရာမှ ဘဲကင်ကိုမြင်၍ အာရုံပြောင်းသွား၏။

"ဟင်. . ဂတ်ဂတ်ကင်ကလည်း ဘဲကင်ကြီး"

ရဲသူက မဲ့ရွဲ့ကာပြောရာ စားပွဲထိုးလေးက မင်းစိုးကိုလက်ညှိုး ထိုးပြပြီး. .

"အစ်ကို. . အဲဒါ ဘဲကင်မခေါ် ကောင်းဘူး။ ဂတ်ဂတ်ကင်. . ဂတ်ဂတ်ကင်လို့ခေါ်"

ဟု ပြောလေ၏။ ရဲသူလည်း စိတ်မရှည်သလိုကြည့်ကာ. .

"မင်းတို့ဘာသာမင်းတို့ ဘဲချင်ဘဲ၊ ဂတ်ချင်ဂတ်ပါတော့။ ကိုင် ပဟော့"

ဟု ပြောလျက် ဘဲကင်ကို ကောက်ဝါးလေတော့၏။

"ကောင်းလိုက်တဲ့ ဘဲကင်။ ညီလေး. . စား။ ဒီဆိုင်က ဘဲကင် ကောင်းတယ်"

ရဲသူဘယ်လောက်ကောင်းတယ်ပြောပြော မင်းစိုးမစားပါ။ ဘဲ ကင်ကိုကြည့်နေသည်မှာ ခပ်စိမ်းစိမ်းရယ်။

မင်းစိုးက ဘဲကင်ကို စိမ်းလေတော့ ဘဲကင်တစ်ခြမ်းလုံး ရဲသူ ဗိုက်ထဲရောက်သွား၏။ ရဲသူကလည်း ဘယ်နှရက် ထမင်းမစားရသေး သည်မသိ။ ထမင်းကြော်ကိုလည်း အားရပါးရစားလေ၏။

မင်းစိုးခမျာမှာတော့ ဘဲကင် လုံးဝမစား။ ထမင်းကြော်လည်း ဟုတ်တိပတ်တိမစားနိုင်ရှာ။ အားရပါးရင့်စားနေသော ရဲသူကိုကြည့်၍ မေးမိ၏။

"အစ်ကို. . စားကောင်းလားဟင်"





"သိပ်ကောင်းတယ်ကွာ"

"ထပ်မှာရဦးမှာလားဟင်"

"ရပြီညီလေး. . ရပြီ။ ပြည့်စုံတယ်"

"အစ်ကို့ကို မေးစရာလေးရှိလို့"

"မေးကွာ"

"အစ်ကို ဒီဆိုင်လာတာ ကျွန်တော့်ကို ညနေစာကျွေးဖို့လား၊ အစ်ကိုညနေစာစားဖို့ လာတာလားဟင်"

"နှစ်ခုလုံးပဲ ညီလေးရ။ စားကွာ. . ။ မင်းမစားလို့ ငါ တစ် ယောက်တည်းစားနေရတာ"

မင်းစိုးဆက်မပြောရဲတော့။ ဆက်ပြောလျှင် ကိုယ်ကတောင် တောင်းပန်ရဦးမည့်ကိန်း။

စားသောက်ပြီးတော့ ရဲသူက မင်းစိုးရင်ကို ထိခိုက်သွားစေမည့် စကားတစ်ခွန်းကို ပြောလိုက်သည်။

"ကိုယ့်မှာ အမွေရဖို့ဟာ သိန်းရှစ်ရာဖိုးလောက်ရှိပါတယ်။ ဒီ အမွေတွေအားလုံး ယမင်းဘဝသာယာလှပရေးအတွက် ယမင်းကို စာချုပ် နဲ့လွှဲပေးထားဖို့ ကိုယ် ဆုံးဖြတ်ထားတယ်။ တကယ်လို့များ ညီလေးက ယမင်းကို ကိုယ့်ထက်သာအောင်ထားနိုင်မယ်ဆိုရင်တော့ ကိုယ်နောက် ဆုတ်ပေးပါ့မယ်။ အဓိကကတော့ ယမင်းဘဝချမ်းမြေ့ဖို့ပဲ"

ရဲသူ၏ ပွဲသိမ်းထိုးချက်ကြောင့် မင်းစိုးနောက်ကောက်ကျသွား ရ၏။ ပြန်ထိုးဖို့မကြိုးစားမိ။ ရဲသူစကားများက နားထဲမှာပဲ့တင်ထပ်နေ၏။

"အဓိကကတော့ ယမင်းဘဝ ချမ်းမြေ့ဖို့ပဲ"

"အဓိကကတော့ ယမင်းဘဝ ချမ်းမြေ့ဖို့ပဲ"

"အဓိကကတော့ ယမင်းဘဝ ချမ်းမြေ့ဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပါပဲ သူငယ်ချင်းတို့ရာ။ ယမင်းဘဝ ချမ်းမြေ့ဖို့အပွက် ငါ့နှလုံးသားကို စတေးလိုက်တာ ငါ မှားလား၊ မှန်လား ပြောကြလေကွာ"

မင်းစိုးအသံက ကြေကွဲတုန်ရင်နေ၏။

မဇော်မိုးတို့လည်း ဘာမှပြန်မပြောနိုင်ကြတော့။

မင်းသူက မိုးကောင်းကင်ကိုမော့ကြည့်လျက်. .

"မိုးနတ်မင်းကြီးရယ်. . တကယ်ချစ်ကြတဲ့ ချစ်သူတွေ ရှင်ကွဲ မကွဲကြစေဖို့ စောင့်ရှောက်တော်မူပါ"

ဟု တမ်းတလေ၏။

သည်ပွဲမှာတော့ သူတို့မရယ်မောနိုင်ကြသည်မှာ အမှန်။

မင်းသူရော၊ ဇော်မိုးပါ နှုတ်ခမ်းသားကိုက်၍ ငိုင်နေကြသည်။

ထိုစဉ်. .

"ဂွီ"ဟူသော ဖုန်းသံက မင်းစိုးဗိုက်ထဲမှ ပေါ်လာ၏။

မင်းစိုးက ဗိုက်ကိုပွတ်ရင်း. .

"နေဦး. . ။ ငါကြဲလိုက်ဦးမယ်"

ဟု ဆိုကာ ဇော်မိုးတို့မမြင်အောင် မျက်လုံးသို့ တံတွေးများ သွတ်လိုက်၏။





"တောက်"

နှာကျင်စွာ တောက်ခေါက်လိုက်သံကြောင့် ဇော်မိုးရော မင်းသူပါ မင်းစိုးကို ကြည့်လိုက်ကြတယ်။

"ဟင်. . သူငယ်ချင်း။ မင်းငိုနေတယ်"

"မင်းစိုး. . မင်းငိုနေတယ်။ ကွာ. . မိန်းမတစ်ယောက်အတွက် မျက်ရည်ကျရတယ်လို့။ မင်းစိုး မင်းအတွက် တို့ဘာလုပ်ပေးရမလဲ ပြော"

လက်သီးလက်မောင်းတန်း၍ ပြောလာကြသော သူငယ်ချင်း များကိုကြည့်၍ မင်းစိုးက အားတက်သွားဟန်ဖြင့်. .

"မင်းတို့ရဲ့စေတနာကို ငါနားလည်ပါတယ်ကွာ။ ငါ့ဟိုက်နဲ့ငါ သာ ရှိပါစေတော့"

ဟု ညောင်နာနာဖြင့် ပြော၏။

မင်းသူက ခေါင်းကိုယမ်းလျက်. .

"အို. . မဟုတ်တာ။ မင်းစိတ်ဆင်းရဲတာ တို့မကြည့်ရက်ဘူး။ ဘာလုပ်ပေးရမလဲ. . ။ ပြော"

ဟု ပြော၏။

မင်းစိုး မျက်နှာငယ်လေးဖြင့် တိုးဖွဖွလေးပြောလိုက်သည် မှာတော့. .


"ငါ့ကိုချစ်ရင် တစ်ခုခုလိုက်ကျွေးကြပါလားကွာ" တဲ့။

※ ▽ ※



www.burmeseclassic.com

www.burmeseclassic.com



<၇>

မိုးစက်လေးများ ကျနေ၏။

မိုးက အငြိုးနှင့် သည်းသည်းကြဲးရွာနေသည်တော့မဟုတ်။ ဖွဲဖွဲလေးမျှ ကျနေခြင်းပါ။

မိုးနတ်မင်းများ ငိုနေရော့လား။

မိုးနတ်မင်းငိုမငိုတော့မသိ။ ယမင်းက မျက်ရည်ကျချင်နေ၏။

ထွက်လုလုမျက်ရည်တို့ကို လက်ဖဝါးနှင့်သုတ်လိုက်ပြီး ယမင်း တီးတိုးပြောလိုက်သည်။

"အဖြစ်မရှိတဲ့ယောကျ်ားတစ်ယောက်အတွက် မျက်ရည်မကျနဲ့ ယမင်း။ သူကြောင်ပေမယ့် ကိုယ်ငေါင်ဖို့မလိုဘူး။ လုပ်သင့်တာဆက်လုပ်"

ကိုယ့်ကိုယ်ကိုယ်အားပေးသော်လည်း ဘာဆက်လုပ်ရမည်ကို ယမင်းမသိ။ မေးခွန်းလေးထုတ်မိသည်။

"ငါ ဘာလုပ်သင့်သလဲ"

"ဆိုင်လိုက်ထွက်သင့်တယ်"

"ရှင်. ."

ယမင်း ပါးစပ်လေးဟသွား၏။ ဘယ်အချိန်က အနားရောက်



www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိရသော ဒေါ်လေးက ဝင်ပြောခြင်းဖြစ်၏။ ယမင်းတီးတိုးပြောနေတာကို ဒေါ်လေးကြားသွားပြီကော"

"ဒေါ်လေးကလည်း အသံမပေး ဘာမပေးနဲ့"

"ယမင်းကို ပြောမလို့ လာတာပဲ။ ယမင်းတစ်ယောက်တည်း ဘာတွေပြောနေမှန်းမသိလို့ နားထောင်နေတာ"

"ဒါဆို ဒေါ်လေး အကုန်ကြားတယ်ပေါ့"

"ကြားတယ်"

"ဒါဆို ယမင်းဘာလုပ်သင့်သလဲ"

"ဒေါ်လေးနဲ့ ဆိုင်ကူထွက်သင့်တယ်"

"ဘာဆိုင်လဲ"

"အထည်ဆိုင်ဆိုတာကို သိသားနဲ့။ ယမင်း ဒိန္နေအားနေတာပဲ။ ဒေါ်လေးနဲ့ ဆိုင်ကူထွက်ပေး။ ဒန်ပေါက်ကျွေးမယ်"

ယမင်း နှစ်ခါမခေါ်ရ။ စိတ်ပြေလက်ပျောက် ဒေါ်လေးနှင့် ဆိုင်ကူထွက်ပေးရန် ဆုံးဖြတ်လိုက်၏။

ယမင်း ပြင်ဆင်ပြီး ဒေါ်လေးနှင့် ဆိုင်ဂိုင်းကူထွက်ပေးရန် လိုက်ခဲ့တော့သည်။ ယမင်းတို့အိမ်နှင့် ဆိုင်က သိပ်မဝေးပါ။

ယမင်းတို့နေသည်မှာ ဗိုလ်တထောင်ဘုရားတစ်ဖက်ကမ်း သမ္ဗတကမ်းခြေမှာဖြစ်၏။ ယမင်းကျောင်းတက်လျှင် စက်သမ္ဗန်ဖြင့်ကူး၍သွားရသည်။ ကျောင်းကြီးပို့ကားက လမ်း၅၀ မှတ်တိုင်မှ စောင့်စီးရ၏။

"ယမင်းရေ. . ညနေပြန်လာရင် ဘုရားပန်းလေးဝယ်ခဲ့စမ်းပါ"

"ဟုတ်ကဲ့ မေမေ"

ယမင်းမေမေက ဘုရားပန်းလှမ်းမှာနေသေး၏။ မေမေက ဘုရားစင်မှာ အမြဲတမ်း ဘုရားပန်းလန်းမှ ကြိုက်သည်။

ယမင်းတို့တူဝရီးနှစ်ယောက်သား ဆိုင်ရောက်တော့ မိုးက





လုံးဝတိတ်သွားပြီ။ နေရောင်လည်း ထွက်လာပြီ။

ယမင်း ဆိုင်ကူထွက်ရင်း ရင်ထဲကဝေဒနာကို မေ့နေသည်။ ယမင်းလိုက်လာလို့လားမသိ။ ဈေးဝယ်သူတွေကလည်း များသည်။

ထမင်းစားချိန်ကျမှ လူရှဲသွား၏။ ယမင်းတို့တူဝရီးနှစ်ယောက် ထမင်းချိုင့်ဖွင့် စားနေတုန်း ဧည့်သည်ရောက်လာ၏။

တခြားသူဟုတ်ရိုးလား။ ကိုရဲသူပင်ဖြစ်နေ၏။

"ဟယ်. . မောင်ရဲသူ။ ဘယ်က မျက်စိလည်လာလဲ။ လာ. . ထမင်းဝင်စား"

"ဒေါ်လေးကသာကျွေးတာ။ ယမင်းက ခေါ်ဖော်တောင်မရဘူး"

ရဲသူက ထမင်းငုံ့စားနေသည့် ယမင်းအားကြည့်ရင်း ပြောလေ၏။ ယမင်းက ခေါင်းမော့ကြည့်ပြီး အားနာလှစွာသောဟန်ဖြင့် ပြော၏။

"လာလေ. .။ ဝင်စားဦး"

"ယမင်းတကယ်ကျွေးရင်တော့ စားမှာပေါ့"

ရဲသူက အရှက်မရှိ သရက်ဈေလိုပင် ဟင်းတစ်ဖတ်နှိုက်စား၏။ အမှန်ကတော့ ဟင်းကိုတကယ်စားချင်၍မဟုတ်။ ယမင်းကိုစားချင်၍. . အဲလေ. . ယမင်းကို ရင်းနှီးမှုယူချင်၍ဖြစ်၏။

"ကဲ. . မောင်ရဲသူ။ စကားပြောဦး။ ဒေါ်လေး ဟိုနားခဏ. ."

ဒေါ်လေးက ယမင်းကိုစိတ်ချလက်ချထားခဲ့၍ ထွက်သွားတော့သည်။ ထမင်းစားချိန်ဆိုတော့ ဆိုင်ကလည်း လူပါးနေသည်။ ငါကိုက ရဲသူတို့အကြိုက်ဖြစ်တော့၏။

မင်းစိုးနှင့်ယမင်းတို့ ခွာပြဲပြီးကတည်းက ရဲသူခွာစိပ်လာသည်။

ဒါလည်း ရဲသူ၏အကြံနှင့် မင်းစိုး၏စနက် မကင်းချေ။

တွေးမိတိုင်း ယမင်း မင်းစိုးကိုစိတ်နာသည်။ အချစ်ကြီးတော့ အမျက်ကြီးဆိုသလို ဖြစ်နေခြင်းပါ။ တကယ်တမ်းမှာ ယမင်းနှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ကို စာတ်ခွဲကြည့်မည်ဆိုလျှင်တော့ MS ဆိုသော စာလုံးနှစ်လုံး တွေ့ရမည်သာဖြစ်သည်။ MS ကား မင်းစိုးတည်း။

သို့တစေ. .

ဒေါသစေတသိက်ကြောင့် မင်းစိုးကို မုန်းသလိုဖြစ်နေကာ ရဲသူကို အရေးပေးမိသလို ဖြစ်နေ၏။

တစ်ခါတစ်ရံ ရဲသူ၏လက်ကိုဆွဲ၍ မင်းစိုးရှေ့မှာ လျှောက်ပြလိုက်ချင်သေးတော့. . ။

ရဲသူနှင့်ယမင်းတို့စကားပြောနေတုန်း ဆိုင်သို့ ဈေးဝယ်သူတစ်ဦး ရောက်လာသည်။ ရောက်လာသူမှာ အိမွန်ဖြစ်နေသည်။

အိမွန်က ရဲသူကိုမြင်တော့ အံ့အားသင့်သွားသည်။

ဘာမှတော့ မပြော။

ရဲသူအား ငြိုးကြည့်ပဲကြည့်သွားသည်။ ပိတ်စနှစ်ကိုက်ဝယ်ပြီး ပြန်သွားသောအိမွန်တစ်ယောက် အစာမကြေဖြစ်သွားမှန်း ယမင်းရိပ်မိလိုက်၏။

မတတ်နိုင်. . ။

နောက်မှရှင်းပြပါမည် သူငယ်ချင်း။

ဘာရယ်တော့မဟုတ်။

ထိုနေ့က ယမင်း ရဲသူနှင့် စကားတွေအတော်ပြောဖြစ်သွား၏။

သူနှင့်ရဲသူ ယခုလို စကားဘွေပြောဆိုနေတာကိုလည်း မင်းစိုးမြင်လှည့်စေချင်သည်။

အဲဒါ ဘာကြောင့်လဲ။ ယမင်း မသိ။

ယမင်း ကိုယ့်ကိုယ်ကိုယ်ပင် တကယ်မသိပါ။ ယမင်း တကယ်ပဲ မင်းစိုးကို မုန်းနေပြီတဲ့လား။





"မင်းကို ယမင်း တကယ်မမုန်းပါဘူးမင်းစိုးရာ"

"မဖြစ်နိုင်ပါဘူးကွာ။ မုန်းသွားလို့ အတွေ့တောင်မှ မခံတော့တဲ့ဟာ"

"ဒါက ခဏပါကွာ။ မိန်းမတို့မာယာပါ။ မင်းကို မခံချင်စိတ်နဲ့ သူတမင်လုပ်နေတာ"

မင်းသူက ပညာရှိလေသံဖြင့် ပြောနေသော်လည်း မင်းစိုးမယုံကြည်ပါ။

ယမင်းရဲ့မျက်လုံးစိမ်းစိမ်းတွေကိုပဲ သူမြင်ယောင်နေသည်။

သည်ရက်များအတွင်းမှာလည်း ယမင်း သူ့ကို ရှောင်ရှားတင်မက ရဲသူနှင့်ပါ တွဲပြနေသေးသည်။ ယမင်း နောက်ဆုံးနှစ်စာမေးပွဲဖြေပြီးသည့်နေ့က ယမင်းအား ရဲသူလာစောင့်ကြိုသွား၏။

ဒါကိုမြင်တော့ မင်းစိုးရင်ထဲမှာ အူနုကျွဲခတ်သလို ခံစားရသည်။

သို့သော်. .

မင်းစိုးတစ်ယောက်. .

သူ့ကိုချစ်စိတ်. . တသိမ့်သိမ့်ရယ်သာ ဖြေလိုက်သည်။

သူတို့နှစ်ဦး ယှဉ်တွဲသွားတာကို အဝေးမှကြည့်ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ချစ်သူကောင်းစားရေး... ...ဲ့သလျှင် အနစ်နာခံမည်"

ဟု ရေရွတ်လိုက်သည်။ သီချင်းဆိုသည်းတာလည်းမဟုတ်။ စကားပြောလည်းမဟုတ်။ ဘာကြီးမှန်းလည်းမသိ။ ဘာကြီးမှန်း သိသိ မသိသိ ယမင်းတို့ ကျောင်းပြီးသွားပြီ။

မင်းစိုးကတော့ တစ်နှစ်ကျန်နေ၏။ မင်းသူနှင့် ဇော်မိုးတို့လည်း ကျောင်းပြီး၍ အလုပ်ဝင်နေကြပြီ။

ဘယ်သူသတိရရမရရ မင်းစိုးအားသတိရသူတစ်ဦးတော့ရှိနေ၏။

သန္တာရယ်လေ။

သန္တာက မင်းစိုးနှင့်ယမင်းအဖြစ်ကိုသိတော့ ပထမ ပြုံးသည်။

နောက်တော့ မဲ့သည်။

"အစ်ကိုကို သန္တာသနားတယ်။ အစ်ကိုရင်ထဲက ဝေဒနာတွေကို သန္တာမျှဝေခံစားချင်ပါတယ်" ဟုလည်း ဆိုလျက် မင်းစိုးနံ...ကို တိုးကပ်သည်။ မင်းစိုးက နောက်ဆုတ်၏။

ထိုအချိန်တွင်. .

"ချစ်သူ ဝေးဝေးသွားပါနဲ့လားကွယ်. ."

ဆိုသော သီချင်းသံက ပျံ့လွင့်လာ၏။

သန္တာက သီချင်းသံကို နားစွင့်လျက်. .

"ကြားလား. . ကို"

ဟု မေး၏။ မင်းစိုးအဖြေက တုံးတိတိ။

"ကြားဘူး"

သန္တာက သူ့ပိုက်ဆံအိတ်ထဲမှ တစ်စုံတစ်ရာကိုထုတ်၍ မင်းစိုး...အားပေးလိုက်သည်။ မင်းစိုးလည်း ယူလိုက်မိ၏။ ကြည့်လိုက်တော့ ...ားဖာကလော်လေး။





သန္တာတို့က ရှားသည်။ ကျောင်းပြီးပြီဖြစ်သော်လည်း ကျောင်းကို မကြာမကြာလာပါသည်။ လာလျှင် လက်ချည်းမလာ။ ခြေနှင့်လာသည်။ လက်ထဲမှာ ထမင်းချိုင့်လေးပါသည်။ ထမင်း၊ ဟင်းတင်မက မုန့်များလည်းပါတတ်သည်။

မင်းစိုးထမင်းစားချိန်ရောက်လျှင် သန္တာရောက်လာ၍ ထမင်းချိုင့်ကို ဖွင့်ကျွေးသည်။

မင်းစိုးက သန္တာ့ကိုမချစ်သော်လည်း ထမင်းချိုင့်ကိုတော့ ချစ်ပါသည်။ ကျွေးတိုင်းစား၏။ ပေးတိုင်းယူ၏။

ချစ်သလားမေးလျှင်တော့ "ဟင့်အင်း" ပဲ။ အတော်ကျွေးဖို့ကောင်းသည့်အမျိုး။

ဒါလည်း သန္တာတို့က အမှတ်မရှိ။ လမ်းမသိ။ ရပ်ကွက်မတွေ့။ မြို့ရွာမရေး

ရောက်လာမြဲ. . ကျွေးမြဲ။ ကျေးဇူးရှင်ကလည်း စားမြဲ. . ဝါးမြဲ။

"မင်း. . သန္တာကျွေးနေတာကို မစားသင့်ဘူး"

"အန်. ."

"အေး. . အန်ပစ်လိုက်ရင်ကောင်းမယ်။ ကိုယ်မချစ်နိုင်မယ့် မိန်းကလေးကို မျှော်လင့်ချက်ပေး၊ ဒုက္ခပေးသလို မလုပ်ကောင်းဘူးကွ"

"ငါဘာလုပ်လို့လဲကွ။ ဗိုက်ဆာလို့ သူကျွေးတာ စားတာပဲ"

"မင်း သူကျွေးတာစားရင် သူ့ကို တစ်ခုခုပြန်ပေးရလိမ့်မယ်"

"ပေးမယ်ကွာ။ ကဗျာစာအုပ်ပေးလိုက်မယ်"

"မင်းရဲ့ ရောင်းမကုန်တဲ့စာအုပ်ကို အစွံမထုတ်ချင်နဲ့။ မင်းပြန်ပေးရမှာက ချစ်ခြင်းမေတ္တာတေးသံ"

"ဒါတော့ မဖြစ်နိုင်ဘူးကွာ။ ငါမှ သူ့ကိုမချစ်နိုင်တဲ့ဥစ္စာ"

"အေး. . မချစ်နိုင်ရင် မစားနဲ့။ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် မင်းစိုးလည်း သင်္ကြန်ကိုပါရှောင်ခဲ့ရတော့သည်၊

သင်္ကြန်က မင်းစိုးအားမမြင်လျှင် စောင့်စားရှာဖွေသည်။ အချိန်ကုန်မှ အိမ်ပြန်သွားရရှာ၏။

ယနေ့တော့ မင်းစိုးကျောင်းအသွားလမ်းမှာ မင်းသူနှင့်ဆုံသဖြင့် ယမင်းအကြောင်း ပြောဖြစ်ကြခြင်းပင်။

မင်းသူက ယမင်း မင်းစိုးအား မမုန်းကြောင်း အခိုင်အမာဆိုသည်။ မင်းစိုးကလည်း ယမင်း၏မျက်လုံးစိမ်းများကို ကွန်ပျူတာထဲထည့်၍ အဖြေထုတ်ကြည့်သည်။

ထွက်လာသည့်အဖြေက. .

"မျက်ရည်ရွှဲရွှဲ လက်တွဲရမည်" တဲ့။

ပျော်ပျော်ကြီးလက်မတွဲဘဲ မျက်ရည်များတောင် ရွှဲရဦးမတဲ့။

"ယမင်း ငါ့ကိုမမုန်းဘူးဆိုတာ မင်းဘယ်လိုသက်သေပြမလဲ မင်းသူ. . ပြော"

မင်းစိုးကအထောက်အထားပြခိုင်းနေသဖြင့် မင်းသူတွေသွား၏။

"သက်သေတော့ မပြနိုင်ဘူးပေါ့ကွာ။ ဒါပေမဲ့ ငါ့ရင်ထဲမှာ ယမင်း မင်းကိုမမုန်းဘူးဆိုတာတော့ သိနေတယ်"

"အို. . ဘာပဲဖြစ်ဖြစ် ယမင်း ငါ့ကိုမုန်းရမယ်။ မုန်းကို မုန်းရမယ်။ မုန်းလည်း မုန်းသင့်တယ်။ မုန်းမှလည်း ဖြစ်မယ်"

မင်းစိုးပေါက်ကွဲလုလုဖြစ်ကာ ပေါက်ပြလာပြီမို့ မင်းသူငိုင်လျှို့သွားသည်။

"ကဲ. . ငါအလုပ်သွားတော့မယ်ကွာ"

ဆိုကာ မင်းသူ လစ်တော့သည်။

ထိုနေ့က လမ်းပေါ်မှာ မင်းစိုးတစ်ယောက်တည်း။



<ဈ>

နေ့ကို လစား။

လကို နှစ်စား၍ နှစ်ကို ပြက္ခဒိန်က စားခဲ့ပြီ။ ပြက္ခဒိန်ကိုလည်း ဘောက်ဘယ်ကုလား စားခဲ့ပြီဖြစ်၏။

မင်းစိုးလည်း နောက်ဆုံးနှစ်ဖြေပြီး၍ ရွာပြန်တော့မည်ဖြစ်ရာ မပြန်ခင် အကြံထုတ်နေ၏။

"ယမင်းကို ငါ နောက်ဆုံးအနေနဲ့ သွားနှုတ်ဆက်သင့်တယ်"

"အို. . သံယောဇဉ်ဖြတ်လက်စနဲ့ ဖြတ်ထားတာပဲ ကောင်းမယ်ထင်ပါတယ်"

မင်းစိုး ပါဝပ်တာသာ ဖြတ်ခြင်းဖြစ်၏။ ခြေထောက်က မဖြတ်သဖြင့် ယမင်းရှိရာသွားမိသည်။

ယခုအချိန်တွင် ယမင်းသည် သူ့အဖေါ်နှင့်အတူ ဈေးအနီးရှိ အထည်ဆိုင်ကို တိုးခွဲ့ကာ ကိုယ်တိုင်ရောင်းနေပြီဖြစ်၏။

မင်းစိုးလည်း ဇော်မိုးကိုအဖော်ခေါ်ကာ ယမင်းရှိရာသို့ ခြေဦးလှည့်မိတော့သည်။

ဗိုလ်တထောင်ဆိပ်ကမ်းမှ စက်တပ်သမ္ဗန်စီး၍ ကူးခဲ့ရာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



တပ်းချေသို့ ရောက်ခဲ့၏။ ယမင်း အထည်ဆိုင်မှာရှိမည်ဆိုတာ သိသဖြင့် ဆိုင်သို့တန်းသွားခဲ့သည်။

ဆိုင်မှာ ယမင်းကိုမတွေ့။ ယမင်း၏ဒေါ်လေးကိုသာတွေ့ရ၏။

"ဒေါ်လေး. . ယမင်းရှိလား"

"ထမင်းဆိုင်က ဟိုဘက်မှာကွဲ့"

လွဲပြီ။ ယမင်းဒေါ်လေး နားကြားလွဲပြီ။ ဇော်မိုးကလည်း စိတ်မရှည်စွာ ဝင်မေးသည်။

"ယမင်းရှိသလား မေးတာ အဒေါ်ရဲ့။ ယမင်း ရှိသလားလို့"

"မရှိဘူး. . ။ ဈေးသွားဝယ်တယ်"

"ဟုတ်လား. . ။ ဒါဆို ထိုင်စောင့်မယ်"

ပြောပြောဆိုဆို ဇော်မိုးရော၊ မင်းစိုးပါ ဆိုင်ရှေ့က ခုံလွတ်များမှာ ဝင်ထိုင်ကြသည်။ ခွင့်ပြုချက်မရသေးဘဲ ဝင်ထိုင်သော လူရွယ်နှစ်ယောက်ကိုကြည့်၍ ဒေါ်လှလှမျက်စောင်းထိုးသည်။

"ကလေးတို့က ယမင်းသူငယ်ချင်းတွေလား"

"ဟုတ်ကဲ့"

"ဘာကိစ္စရှိလို့လဲ"

"ရုတ်တရက်ခွဲသွားတော့မှာမို့ နှုတ်ဆက်ဖို့ လာတာပါ။ နှုတ်မဆက်ဘဲ ရုတ်တရက်ခွဲမသွားသင့်ဘူးလည်း ထင်လို့ပါ"

ဇော်မိုး ကာရန်နဘေတွေနှင့် လုပ်နေ၏။ ဒေါ်လှလှကတော့ မျက်လုံးပြူးကြည့်နေမိတော့သည်။

"ကြည့်ထားမှ၊ ငါ့အထည်တွေ ရုတ်တရက်ဆွဲသွားရင် ဒုက္ခ"

ဟူ၍လည်း တွေးလိုက်သေး၏။ ပြန်ခိုင်းလိုက်တာ ကောင်းမည်ဟုလည်း တွေးကာ. .

"သားတို့. . ယမင်းက ကြာမှာ။ အဒေါ်ကိုမှာခဲ့။ နှုတ်ဆက်သွား





တယ်လို့ ပြောလိုက်မယ်။ အဲ. . ရုတ်တရက်တော့ ဆွဲမသွားပါနဲ့ကွယ်"

"ဟုတ်ကဲ့ဒေါ်လေး။ မလစ်ရင် မဆွဲပါဘူး။ စိတ်ချပါ"

ဇော်မိုးစကားကြောင့် ဒေါ်လှလှမြူးသွားသည်။ တစ်ရေးလောက်မေ့မည်ကြံကာရှိသေး။ မမေ့ရဲတော့။

ပေကပ်ကပ်ထိုင်နေသည့် ဇော်မိုးနှင့်မင်းစိုးကိုသာ မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်။

မကြည့်၍လည်းမဖြစ်။ သူတို့က နှုတ်မဆက်ဘဲ ရုတ်တရက်ဆွဲထွက်သွားကြလျှင် အခက်သား။

မယုံပါဘူးဆိုမှ ဇော်မိုးက အထည်စများကိုလိုက်ကြည့်နေ၏။ ဇော်မိုးကြည့်ရာသို့ ဒေါ်လှလှပါ လိုက်ကြည့်သည်။ ဇော်မိုးက ဒေါ်လှလှကိုလှမ်းကြည့်တော့ ဒေါ်လှလှက. .

"အဟီး" ဟု ဖြီးပြသည်။ ဇော်မိုးကလည်း. .

"အဟဲ" ဟု ပြန်ဖြီးပြသည်။

ဒေါ်လှလှနှင့် ဇော်မိုးတို့ "အဟီး" "အဟဲ" တွေဖြစ်နေခိုက် ယမင်းလာတာမြင်သဖြင့် မင်းစိုးရေရွတ်မိသည်။

"ထမင်းဆာပြီ"

ပြောတုန်းကတော့ "ယမင်းလာပြီ" ပါ။ ထမင်းဆာနေတာကို တွေးရင်းမို့ အသံထွက်သွားတာက "ထမင်းဆာပြီ" ဖြစ်သွားရခြင်း။ ဒါကို ဒေါ်လှလှက အခွင့်ကောင်းထင်ကာ ဖွက်နှင်၏။

"ထမင်းဆာရင် ဟိုဘက်မှာ ဆိုင်ရှိတယ်။ သွားစားကြ. . သွားစားကြ"

"မဟုတ်ပါဘူး ဒေါ်လေးရဲ့။ ယမင်းလာပြီလို့ ပြောတာ။ ဟိုမှာ ယမင်း အထုပ်အပိုးတွေမနိုင်မနင်းနဲ့။ ကျွန်တော်သွားကူဆွဲပေးလိုက်မယ်"

မင်းစိုးက ယမင်းကိုမြင်မိသည်နှင့် စစ်ရေးအခြေအနေကိုမေ့



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ပဟာပိတ်ထင်မှတ်ကာ ကူညီဖို့ ထလိုက်၏။

အဲဒါကိုက မင်းစိုးရဲ့အမှား။

သူ ခုနထိုင်နေတာ သစ်သားကုလားထိုင်ဖြစ်သည်။ ထိုင်ရင်း အငြိမ်မနေသဖြင့် သူ့လုံချည်စက ကုလားထိုင်ခြေထောက်အောက် ရောက်နေတာသူမသိ။ ဝမ်းသာအားရ ဝုန်းခနဲထလိုက်သည်ဆိုလျှင်ပဲ. .

"ဟိုက်. . ကျွတ်ပဟ"

အသံက နောက်။ ပုဆိုးက အရင်ကျွတ်နှင့်နေပြီ။

မင်းစိုးအသံကြောင့် မျက်လုံးများက မင်းစိုးထံရောက်ကုန်ကြ၏။

မင်းစိုးကား ပုဆိုးကျွတ်ကာ ကို့ယို့ကားယား။ ဒေါ်လှလှက မျက်နှာကို လက်ဝါးနှင့်အုပ်လိုက်သည်။ ဇော်မိုးက မျက်လုံးပြူးနေ၏။

ယမင်းက ပါးစပ်အဟောင်းသားနှင့် လက်ထဲကအထုပ်အပိုးတွေ ပြုတ်ကျကုန်သည်။

မင်းစိုးအဖြစ်ကလည်း စိတ်မအေးစရာ။ အတွင်းခံ ဘောင်းဘီတိုလေးပါလို့သာ တော်တော့သည်။ နို့မို့ဆိုလျှင် တစ်ဈေးလုံးမီးလှန့် အချက်ပေးသံချောင်းတွေ လှိုင်သွားနိုင်၏။

ပုဆိုးကို လျော့လျဲစွာဝတ်ထားသော မင်းစိုးခမျာ ပုဆိုးကိုတစ်ဖက်ကိုင်ရင်း လေးဖက်ကုန်းကုန်းကြီးဖြစ်နေ၏။

"မင်းကလည်း ဖြစ်လိုက်ရင် အသည်းအသန်ပဲ"

ဟု ဇော်မိုးက ဆူရင်း မင်းစိုးကို ကူသည်။ မင်းစိုးက ပုဆိုးကို ပြန်ဝတ်သည်။ မျက်နှာကြီးလည်း နီရဲလို့။

"ဇော်မိုး. . လာ. . ပြန်မယ်"

ဟုလည်း ဇော်မိုးကိုခေါ်ကာ ယမင်းနှင့်ဝေးရာဘက်သို့ ထွက်သွားတော့၏။

"ဟဲ့. . ယမင်းကို နှုတ်ဆက်မလို့ဆို။ ဘာလို့ နှုတ်မဆက်ဘဲ





ရုတ်တရက်လဲ. . အဲ. . ပြန်သွားရတာတုံး"

ဟု ဒေါ်လှလှက လှမ်းပြောနေသည်ကို ပြန်ပြောဖော်မရ။ တစ်ချိုးတည်းလစ်ကြလေတော့၏။

ထိုအချိန်တွင်. .

ရဲသူသည်လည်း ယမင်းနောက်မှ ရောက်လာပြီး ယမင်းကို မြင်သွားလေရာ. .

"ဟိတ်"

ဟု အော်လိုက်သည်ဖြစ်ရကား ယမင်းလန့်သွားပြီး. .

"အမယ်လေး. . သောက်ခွေး"

ဟု အော်မိကာ လက်ထဲမှအထုပ်ကြီးကို နောက်လှည့်ပစ်လိုက်ရာ အထုပ်က ရဲသူရင်ဘတ်ဆီသို့ တန်းတန်းမတ်မတ်ကြီး ဝင်ရောက်ထိမှန်လေတော့၏။

"ဘုတ်"

"အမယ်လေးဗျာ"

"ဟောတော့. . ကိုရဲ. . ဆောရီး. . ဆောရီး. . ရုတ်တရက်နောက်က ခွေးမှတ်လို့"

ယမင်းစကားကြောင့် ရဲသူမှဲ့သွားသည်။ ရဲသူ နှစ်ခါနာဆိုတာ ဒါပဲဖြစ်လိမ့်မည်။ သို့သော် ရဲသူမနာနိုင်ပါ။ ပြုံးဖြဲဖြဲဖြင့်. .

"ရပါတယ်. . ရပါတယ်။ ယမင်း ဘယ်နာသွားသေးလဲ"

ဟု ပြန်မေးနေသေး၏။ ယမင်းက စပ်ဖြဲဖြဲလုပ်နေသော ရဲသူကို အမြင်ကပ်ကပ်ဖြင့်. .

"နာဘူး ကိုရဲသူ. . နာဘူး"

ဟု ပြောလိုက်လေရာ ရဲသူ သုံးခါနာသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"ဘာပြောမလို့လဲသား။ ပြောလေ. ."

"အမေ့ကို သားခွဲနေရတာ ကြာပြီ။ သားငယ်ငယ်တုန်းကဆို အမေက ပုံတွေပြောပြတယ်"

"ဟုတ်တယ်လေ. .။ အိပ်ရာထပုံပြင်တွေ ပြောခဲ့တာပဲ"

"အိပ်ရာဝင်ပုံပြင်ပါ အမေရာ"

"ဟဲ့. . နင်က ပုံနားထောင်ရင်း မအိပ်ဘဲ ထထပြီးမေးလွန်းလို့ အိပ်ရာထပုံပြင်ဖြစ်သွားတာ"

"အခုလည်း သား အမေ့ကိုမေးချင်တာတွေရှိတယ်။ အမေဖြေပေးပါ"

မင်းစိုးက သူ့အမေကို အင်တာဗျူးလုပ်မည့်ပုံစံဖြင့် အစပျိုးနေ၏။

မင်းစိုး သူ့ရွာပြန်ရောက်နေတာ မကြာလှသေး။ ရွာရောက်နေသော်လည်း ဘာအလုပ်မှမလုပ်သေး။ သူတို့မှာ ယာခင်းတွေရှိရာ သူ့ညီက လုပ်နေရ၏။ သူကတော့ မြို့ကပြန်လာတဲ့ မြို့ကျောင်းသားကြီးဆိုတော့ ရွာမှာ ပေါ်ကြော့နေ၏။

သူ့ညီကလည်း သူ့အစ်ကိုအား ဘာမှလုပ်မခိုင်းပါ။ လုပ်ခိုင်း





လျှင်လည်း အဆင်ပြေမည်မဟုတ်မှန်း သိ၍ပါ။

တစ်ခါကလည်း ငရုတ်ပျိုးဖို့ ယာထွန်ခိုင်းမိရာ ထယ်သွားတွေ မတပ်ဘဲ တစ်နေကုန်ထွန်ခဲ့ရာ ယာတစ်ခင်းလုံး ပြားပြားဝပ်သွား၏။

နွားတွေက တစ်ခုခုမှားနေပြီဆိုတာ သိပုံရ၏။

"ဘွတ်ထရိန်း. . ဘွတ်ထရိန်း"

ဟု အော်ပြီး အရိပ်အကဲပြတာတောင် မင်းစိုးက အော်ရပ့်မလားဆိုပြီး ကြိမ်နှင့်ဆော်၏။ နွားတွေမအော်ရဲ၊ သိသိကြီးနှင့် ထွန်သွားမပါသော ထွန်တုံးကြီးကို ဆွဲပေးနေရတော့၏။

နောက်နေ့တွင် မင်းစိုးနွားကောက်တော့ နွားများက မလိုက်။ မင်းစိုးက စိမ်းစိမ်းကြီးကြည့်ကာ. .

"ဘွတ်အဲ"

ဟု ဝိုင်းအော်ကြ၏။ နွားတွေအော်ပုံ၊ ကြည့်ပုံများအရ မင်းစိုးအား "ဖွတ်. . ငနဲ" ဟု ဆိုလိုချင်ပုံရသည်။

ထိုနေ့မှစ၍ မင်းစိုးအား သူ့အမေရော၊ သူ့ညီကပါ ဘာထယ်မှ မထွန်ခိုင်းတော့ပါချေ။

"အမေ ဖြေလေ"

"ဟဲ့. . သားက ဘာမေးသေးလို့လဲ"

"ဆောရီး အမေ. .။ သား စိတ်စောသွားတာ"

"မစောပါဘူးကွယ်. . မင်းညီယာထဲသွားတာတောင် ကြာလှပေါ့"

"ထားပါလေ. . အမေ့ကို မေးချင်တာက အချစ်မှာ မျက်စိရှိသလားဆိုတာပဲ"

"သား. . ရူးနေလား။ အချစ်မှာ မျက်စိရှိတာပေါ့"

သူ့အမေအဖြေကြောင့် မင်းစိုးအားတက်သွားသည်။

"ဒါဆိုရင် အဖြစ်မှန်ကိုလည်း ခွဲခြားသိမြင်နိုင်မှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေက ချက်ချင်းမဖြေဘဲ ခေါင်းလေးတဆတ်ဆတ်ညိတ်သည်။ ပြီးမှ လေးတွဲ့စွာဖြေလေ၏။

"အင်း. . ဒါကတော့ မလွယ်ဘူးထင်တယ်။ အချစ်က မျက်စိရှိပေမယ့် မျက်မှန်တပ်ထားရတာ။ မျက်မှန်မပါရင် သူ ဘာကိုမှ ခွဲခြားနိုင်စွမ်းမရှိဘူး သားရဲ့"

"အမေ ဘာပြောနေတာလဲ"

"အချစ်လေ. . အချစ်အကြောင်းပြောနေတာဟာကို"

"အချစ်က မျက်မှန်တပ်ရလို့လား"

"သားမှ မသိဘဲကိုး။ အချစ်မျက်မှန်တပ်ထားရတာ ကြာပေါ့"

"အမေ ဘာတွေပြောနေတာလဲ"

"အချစ်အကြောင်းလေ. . သားကရော ဘာလို့ အချစ်ကို မေးနေရတာလဲ။ စိတ်ဝင်စားလို့လား။ စိတ်ဝင်စားရင်လည်း ပြော။ အမေ တောင်းရမ်းပေးမယ်"

"ဟာ. . အမေကလည်း။ သားပြောတာက ရွာထိပ်က အချစ် မဟုတ်ဘူး။ ရင်ဘတ်ထဲကအချစ်"

မင်းစိုးက အားမလိုအားမရ သူ့ရင်ဘတ်ကြီး ပုတ်ပြ၏။ သူ့အမေကလည်း စိတ်မရှည်တော့ဟန်ဖြင့်. .

"ငါသိတာ ရွာထိပ်ကအချစ်ပဲသိတာ။ ကြိုက်ရင်ပြော။ တောင်းပေးမယ်။ ရင်ဘတ်ထဲက အချစ်တော့ မသိဘူး။ ပေါက်တီးပေါက်ရှာ"

ဟု ပြောရင်း တစ်ဖက်လှည့်သွား၏။ ဆေးလိပ်ကြီးကောက်၊ မီးခြစ်၊ ဖွာရှိုက်ရင်း ဗျစ်တောက်ဗျစ်တောက်ဆက်ပြောသေး၏။

"ခုခေတ်လူငယ်တွေများ ထူးလည်းထူး၊ ဆန်းလည်းဆန်းပါရဲ့၊ ရင်ဘတ်ထဲကအချစ်၊ ကလီစာထဲကအချစ်နဲ့ ရှုပ်ယှက်ခတ်နေတာပဲ၊ ငါသိခဲ့တာက ကောက်ရိုးပုံထဲကအချစ်ပဲသိတာ။ ဟင်း. . ကောက်ရိုးပုံ





ကြားက လူဖြစ်လာရတဲ့ကောင်တွေကများ အခုမှ ကြီးကြီးကျယ်ကျယ် ရင်ဘတ်ထဲက အချစ်တဲ့"

သူ့အမေက ပွစိပွစိနှင့် ဆေးလိပ်ဖွာရင်းပြော၊ ပြောရင်း ဆေးလိပ်ကြီးညှပ်ထားသည့်လက်ကို ဘေးဘက်လှည့်ထားရာ ဘေးတွင် တစ်ဖက်လှည့်ငေးနေသော မင်းစိုးဆံပင်များကို ထိုးထားမိလျက်သားဖြစ်နေ၏။

"အမေ. . ညှော်နံ့ရတယ်။ ဆံပင်မီးလောင်တဲ့ အနံ့ပဲ။ အမေ ဆေးလိပ်ကြီးတကားကားနဲ့ ကိုယ့်ဆံပင် ကိုယ်ကြည့်ဦး"

မင်းစိုးက နှာခေါင်းကိုပွစိပွစိလုပ်ရင်း သူ့အမေကိုသတိပေး၏။ သတိပေးရင်း မသင်္ကာသဖြင့် သူ့ခေါင်းကို စမ်းကြည့်မိရာ. .

"အမယ်လေး. . ကုန်ပါပြီဗျ။ အမေ သားကိုလုပ်ကြံတယ်"

ဟူသော ဝမ်းခေါင်းသံကြီး ဟိန်းထွက်လာလေတော့၏။

သူ့အမေလည်း လန့်သွားပြီး. .

"ဟဲ့. . သောက်ခွေး"

ဆိုပြီး ဆေးလိပ်ကြီး ပစ်ချလိုက်ရာ မင်းစိုးပေါင်ပေါ် တိုက်ရိုက်ကျသွားသည်ဖြစ်ရကား. .

"အမယ်လေးဗျ. . ကျွန်တော့်အမေ ကျွန်တော့်ကို နှစ်ခါတိတိ လုပ်ကြံနေပါတယ်ဗျ"

ဟု အော်ကာ ထပြေးလေတော့၏။

သူ့အမေခမျာမှာတော့ ကြောင်ကြည့်၊ ကြက်ကြည့် ကျန်ခဲ့ရှာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



<၉>

ယနေ့ ယမင်းအတွက် ရင်ခုန်ရသောနေ့။

ရင်လှည်းတုန်ရသောနေ့ပါတည်း။

အကြောင်းမူ. .

ယနေ့ ရဲသူ၏မိဘများက ယမင်း၏မိဘများထံ လာရောက် စေ့စပ်ကြောင်းလမ်းကြသောကြောင့်ဖြစ်၏။

ရဲသူ၏တောင်းဆိုချက်၊ မိခင်၏သဘောတူညီချက်၊ ဒေါ်လေး၏တိုက်တွန်းချက်တို့ကြောင့် စေ့စပ်မည်ကို ယမင်း ခေါင်းညိတ်လက်ခံမိလိုက်ပါ၏။

သွက်သွက်ကြီးကား မဟုတ်။

တကယ်တမ်း တစ်ပါးသူရင်ခွင်မှာ ခိုဝင်ရတော့မည်ဆိုတော့လည်း ယမင်းရင်မှာ နာကျင်လာသလို ခံစားရပါသည်။

ယမင်း သူ့ကို သတိရနေမိသည်။

"မင်းစိုးရယ်. . နင်ဘယ်မှာလဲ။ နင့်နဲ့ငါ တကယ်ဝေးကြရတော့ ပယ်နော်"

ယမင်း လှိုက်မောစွာတမ်းတနေမိသည်။ တကယ်တော့ အချစ်



ကို ညာ၍မရ။

အချစ်စစ်သည် အချစ်စစ်သာဖြစ်၍ အချစ်တုသည် အချစ်တုသာဖြစ်ကြောင်း ယမင်းအခုမှသိရတော့၏။

ယမင်း ရဲသူကိုမချစ်။ သို့သော်. .

ယမင်း မင်းစိုးကိုသာ ချစ်ပါသည်။ သို့သော်. .

ဩော်. . ရင်မောလှပါဘိ။

အချစ်ဆိုတာ ဒီလိုပဲလားကွယ်။

အချစ်ရဲ့ ချိုမြိန်ခြင်းဆိုတာ ဘာတဲ့လဲ။

အချစ်ကို ပန်းသီးတစ်လုံးနှင့်သာ တင်စားကြမည်ဆိုလျှင်. .

ယမင်းအတွက် ထိုပန်းသီးသည် ခါးသက်သောအရသာကိုသာ ပေးစွမ်းသည်ဖြစ်ပါလိမ့်မည်။

"မင်းစိုးဆိုတဲ့ပန်းသီးလေးရယ်. . ။ နင့်ကို ငါ တစ်ကိုက်မှလည်း ကိုက်မကြည့်လိုက်ရပါလား"

အရေးထဲ ယမင်းက ပန်းသီးကိုက်ချင်နေသေး၏။

ပန်းသီးကလည်း ကိုက်ချင်စရာ။ ယမင်းရှေ့ ဆက်တီစားပွဲပေါ်မှာက ပန်းသီးနီနီကြီးတွေနှလ.

စေ့စပ်ပွဲကြွလာသူများအတွက် တည်ခင်းထားသည့် သစ်သီးပွဲထဲမှ ပန်းသီးများနေလ။

ဒါကို ယမင်းက စိုက်ကြည့်ရင်း မင်းစိုးနှင့်ပန်းသီး ရောနှောကာ ပြဿနာရှာနေခြင်းဖြစ်၏။

သတို့သမီးက ပန်းသီးကိုစိုက်ကြည့်နေတော့ သတို့သားက ဖားလျားပြီး. .

"ယမင်း ပန်းသီးစားချင်လို့လား"

ဟု မေးလေရာ ယမင်းရှက်သွားပြီး ခေါင်းလေးငုံ့သွား. .



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . အစ်ကိုပဲစား"

ဟု ပြောလိုက်လေ၏။ ယမင်းပြော၍မှ စကားမဆုံးသေးခင် ရဲသူက. .

"အင်း. . စားမယ်"

ဟုဆိုပြီး ပန်းသီးကိုလှမ်းကိုင်ရာ သူ့အဖေက ခြေထောက်ကို ကျိတ်နင်းလိုက်သဖြင့် တွန့်သွားပြီး. .

"အယ်. . နာတယ်"

ဟု အော်၍မှ မဆုံးသေးမီ သူ့အမေကပါ ပေါင်ကိုဆွဲဆိတ်လိုက်ပြန်ရာ. .

"အဲ. . ဆိတ်သဗျ"

ဟု ထပ်ဆင့်အော်ပြန်လေ၏။ ယမင်း၏သူငယ်ချင်းများဖြစ်သော အိမွန်နှင့်ဇင်မာတို့က ရဲသူကိုကြည့်ပြီး သဘောကျစွာရယ်ရင်း မေး၏။

"ခစ်. . ခစ်. . ပန်းသီးကိုင်ရုံနဲ့ နာတယ်ဆိုတော့ ကိန္ဒရာနာ ပေါက်နေတယ်ထင်တယ်"

"ဟုတ်ပ့ါ. . ။ ဘယ်ကဆိတ်လဲ ပါလာသေး"

ရဲသူက မျက်နှာပိုးသတ်ပြီး ဖြီး၏။

"ယမင်းကြိုက်တဲ့ပန်းသီးကို စိတ်မထားတာ နာတယ်။ စိတ်ပေးမယ်လို့ ပြောတာပါဗျာ။ ဟဲ. . "

ရဲသူက ပါးစပ်ကြီးဖြဲပြီး တဟဲဟဲလုပ်ရာမှ ယောင်ပြီး ပန်းသီးကြီးကို ကိုက်လိုက်မိလေရာ အိမွန်မျက်လုံးပြူးသွားပြီး. .

"ဟောတော့. . ကိုက်စားနေပြီ။ ယမင်းကို စိတ်ပေးမလို့ဆို"

"ဟီး. . စားမရှိလို့ဗျ။ ကိုက်ပြီးသားကြီး ယမင်းစားမှာလည်း မဟုတ်ပါဘူး။ ကိုရဲပဲ စားလိုက်တော့မယ်"





ဟု ဆိုကာ ပန်းသီးကို ဆက်ကိုက်စားရတော့၏။

သတို့သားလုပ်ပုံကို မျက်လုံးပြူးကြည့်နေကြသည့် ဧည့်သည်များအား ရဲသူ၏အမေက မျက်နှာချိသွေးကာ. .

"ဟီး. . ဟီး, . သားကတော့ ဒီလိုပဲ။ အစားပေါ့ဆို အငမ်းမရ။ မိန်းမပေါ့ဆိုလည်း အရငမ်း။ သူ့အဖေနဲ့တူလို့"

ဟုပြောလေရာ ရဲသူ့ဖခင်သည်လည်း သားကိုတစ်လှည့် မယားကိုတစ်လှည့်ကြည့်ရင်း ဒေါသတွေထွက်လျက် ဖားဖိုကြီးအဲ့သကဲ့သို့ ရှုံ့ရှဲ ရှုံ့ရှဲဖြစ်နေလေတော့၏။

အခြေအနေကိုထိန်းသောအားဖြင့် ဒေါ်လှလှက ဧည့်သည်များအား ကော်ဖီနှင့်မုန့်များသုံးဆောင်ရန် ပြောရလေတော့၏။

ပရိသတ်မျက်လုံးများ စားစရာသောက်စရာရှိရာသို့ အာရုံရောက်သွားတုန်း ဒေါ်မြမြနှင့် ဒေါ်လှလှတို့က ရဲသူကို မျက်စောင်းပစ်ထိုးလိုက်လေရာ ရဲသူလည်း ယောင်ပြီး ပန်းသီးကြီးကို ပစ်ချလိုက်တော့ သူ့ဖခင်က ပန်းသီးမြေမကျခင် ဆွဲဖမ်းလျက် အားရပါးရကိုက်စားလျက်ရှိလေတော့၏။

အဖေကပဲ သားနှင့်တူသလား. . ။

သားကပဲ အဖေနှင့်တူနေသလား. . ။

တူတာတော့ တူလှသည်ပဲ။

* ♡ *



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့. . အချစ်"

"ရှင်. . အဲ. . တော်"

"နင်ဘယ်လိုဖြစ်နေတာလဲ။ ရှင်ချင်လည်း ရှင်၊ တော်ချင်လည်း တော်ပေါ့"

"ဟီး. . ကိုမင်းစိုးကြီးကလည်း။ ရှင်လည်းရှင်ချင်တယ်၊ တော်လည်းတော်ချင်တယ်။ ဒါကြောင့် ရှင်တော်. . ။ ကဲ. . ဘာလဲ. . ပြော"

"နင့်မျက်မှန်ကြီး ဘယ်တုန်းကတပ်လိုက်ရတာလဲ"

"မကြာသေးပါဘူး"

"ပါဝါများသလား"

"များမှများ။ မျက်စိရောဂါဖြစ်နေလို့ တပ်လိုက်ရတာ"

အချစ်က စွတ်ပြောနေခြင်းပါ။ တကယ်တော့ သူ့မှာ ဘာမျက်စိရောဂါမှမဖြစ်။ မျက်မှန်ရောဂါထပြီး မျက်မှန်ဝယ်တပ်ထားခြင်းဖြစ်၏။ အချစ်က မင်းစိုးအား ဆက်ဖောနေသေးသည်။

"အချစ်ရဲ့မျက်လုံးတွေက နှစ်မျိုးမြင်နေလို့လေ။ အမေနဲ့သား အတူတွဲလာရင် အမေကိုမမြင်ဘဲ သားကိုပဲ မြင်မြင်နေလို့"

"အယ်. ."





"တကယ်ပြောတာကိုမင်းစိုးရဲ့။ တစ်ခါကများ ရွာလယ်လမ်းမှာ မောင်ဇော်နဲ့ သူ့အမေကြီးနဲ့လာတာ အချစ်က မောင်ဇော့်ကိုနှုတ်ဆက်ပြီး သူ့အမေကြီးကို ဝင်တိုက်မိလို့ ပြဿနာတက်ရသေးတယ်"

အချစ်ပြောသည့်ကိစ္စ ဟုတ်မဟုတ်တော့မသိ။ မင်းစိုးက သူပြောသည့်ဖြစ်စဉ်ကို တွေးကြည့်ရင်း ပြုံးရသေး၏။ မောင်ဇော်လေးက ဖြူချောချောလေး။ သူ့အမေ တရုတ်မကြီးက ဝတုတ်ပြီစွာလန်ကျဲလေ။

"ဒါနဲ့ နင်မျက်မှန်တပ်တော့ အဆင်ပြေသွားရောလား"

"ပြေတယ်. . ။ မျက်မှန်တပ်ထားရင် အမေရော၊ အဖေရော၊ အဘိုးအဘွားတွေရော မမြင်တော့ဘူး။ ကောင်လေးတွေပဲ သီးသန့်မြင်တော့တယ်။ ရှယ်ပဲ"

"အခု ငါ့ရော ဘယ်လိုမြင်လဲ"

"မတ်တတ်လမ်းလျှောက်နေတာမြင်တယ်။ ဘယ်သွားမလို့လဲ"

"ယာခင်းထဲသွားမလို့ပါဟာ"

"ဘာသွားလုပ်မှာလဲ"

"သွားလွမ်းမလို့"

"ဘာရယ်. ."

"လွမ်းမလို့ဟာ. . ။ ရှမ်းရိုးမတောင်တန်းကြီးတွေကိုကြည့်မယ်။ ပွန်ပျပျမြူနှင်းတွေကိုကြည့်မယ်။ နောက်ပြီး ငါလွမ်းမယ်"

"ဘာကို လွမ်းမှာလဲ"

"ရန်ကုန်ကချစ်သူကို လွမ်းမှာ"

"အိမ်မှာ လွမ်းလို့ မရဘူးလား"

"မရဘူးဟာ. . ။ အမေက ပွစိပွစိနဲ့"

"ဒါဆို အချစ်လည်း လိုက်လွမ်းကြည့်ချင်တယ်"

အချစ်က လမ်းပြောင်း၍ မင်းစိုးသွားရာဘက် ခြေဦးလှည့်၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းစိုးက ပျာပျာသလဲတား၏။

"ဟော့. . ဟော့. . မလိုက်နဲ့။ နင့်ဟာနင် တခြားသွားလွမ်း။ လိုင်းမပူးနဲ့။ ရှော့ဖြစ်တတ်တယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့"

"ဖြစ်လို့မရဘူး။ ငါ့အလွမ်းက သီးသန့်လွမ်း၊ ရှယ်လွမ်း။ ဝတ္ထုတွေထဲကလို အစားထိုးလို့မရဘူး။ အချစ်ရယ်. . မင်း ငါနဲ့မပတ်သက်ချင်စမ်းပါနဲ့။ ငါ့ရင်ထဲမှာ အချစ်ရှိတယ်။ ဒါပေမဲ့ မင်းမဟုတ်ဘူး။ မင်း ကိုယ့်လမ်းကိုယ်သွားတော့"

မင်းစိုးစကားကြောင့် အချစ် မျက်မှန်ကိုပင့်လျက် မျက်စောင်းထိုး၏။ မဲ့ရွဲ့ကာလည်း ပြောသေး၏။

"ဟွန့်. . ဘယ်လိုလူကြီးလဲမသိဘူး။ သူကပဲ စခေါ်ပြီးတော့။ အမျိုးမျိုး"

အချစ်က ပွစိပွစိလုပ်ရင်း လမ်းခွဲသွား၏။ မင်းစိုးလည်း ရွာပြင်ဘက် ဆက်လျှောက်ခဲ့တော့၏။

ရွာပြင်ရောက်မှ သူလွမ်းတော့မည်။ ဘယ်ကစလွမ်းရမည်နည်း။

"လွမ်းတယ် ယမင်းရယ်"

အစပျိုးထားလိုက်ပါပြီ။

"ခုလောက်ရှိ မင်းတစ်ယောက် ကိုရဲသူရဲ့ရင်ခွင်မှာမှီလို့ ပျော်နေလောက်ပြီပေါ့နော်"

လွမ်းဇာတ်ရှိန်ကို မြှင့်လိုက်လေပြီ။

ရွာပြင်လည်းရောက်နေပြီ။ ယာခင်းစပ်သို့လည်း ရောက်ပြီ။

ရှမ်းရိုးမတောင်တန်းကြီးများကို လှမ်းကြည့်ရင်း ရင်ထဲက ဝေဒနာများကို ကြေညာနေမိသည်။ သူ့မျက်လုံးများက တောင်တန်းကြီးများဆီမှာ။





"ဝုန်း"

"အမယ်လေးဗျ"

သွားပြီ။ မင်းစိုး အလွမ်းကောင်းကောင်းဖြင့် ငေးလျှောက်ခဲ့ရာ ရေအိုင်ထဲပြုတ်ကျသွားခြင်းဖြစ်၏။ ရေအိုင်က မနက်လှ၍ ပြဿနာမဖြစ်သော်လည်း တစ်ကိုယ်လုံးရေတွေရွှဲလို့။

အိုင်ထဲမှ လူးလဲထရင်း ပြန်တက်လာတော့ မြင်မကောင်း။ ရေစိုရုံတင်မက နွံများလည်းပေလို့။

ဆက်လွမ်းရန် ဘယ်လိုမှမဖြစ်တော့ပြီဖြစ်၍ လာလမ်းလှည့်ပြန်ရတော့သည်။

လေပြည်လေးက တဟူးဟူး။ မင်းစိုး လက်လေးပိုက်လို့ သုတ်ခြေတင်ရှာသည်။ သူ့အဖြစ်တွေကို ယမင်းမြင်လှည့်စေချင်လှပါသည်။

ယမင်းကို သတိရရင်း ရင်ထဲမှခံစားချက်သံစဉ်လေးများက သူ့နှုတ်ဖျားမှ ခုန်ချလာ၏။

"ကိုယ်အရမ်းချမ်းတယ် ယမင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘွတ်အဲ"

"ဘွတ်. . ထရိန်း"

"ဘွတ်. . အဲ"

"ဟဲ့. . သား. . ကိုမိုး။ မင်းခွားတွေ ဒီမနက်အော်လှချည်လား။ ဘာဖြစ်နေကြလဲ"

မင်းစိုးမိခင် ဒေါ်ပုက သားငယ်ကိုလှမ်းမေး၏။ မင်းစိုးကတော့ အထုပ်ပိုးတပြင်ပြင်နှင့် ရွာလမ်းကို မျှော်နေ၏။ ညီငယ် ကိုမိုးကတော့ မနက်စောစော ထမင်းကြမ်းစားတုန်း။

ဒီနေ့ မင်းစိုး ရန်ကုန်သို့သွားတော့မည်။ ရွာမှာ ယာမလုပ်လိုသဖြင့် ရန်ကုန်သို့သွားရောက်အလုပ်လုပ်ရန် မိခင်ထံ တပူပူလုပ်၏။

မိခင်မှာ မလွှတ်လိုသော်လည်း နားပူလွန်းသဖြင့် လွှတ်လိုက်ရတော့သည်။ ရန်ကုန်သို့ပြန်သွားရတော့မည်ဆို၍ မင်းစိုးပျော်နေသည်။

မိခင်ဒေါ်ပုကတော့ မပျော်နိုင်။ သားကြီးမို့ အားကိုးရမလားတ်သည်။ သူ့ကိုပဲ ပြန်ပံ့ပိုးနေရသည်။ ရန်ကုန်မှာပဲ အလုပ်လုပ်ချင်လှည်ဆို၍ စီစဉ်ပေးရသည်။

ယနေ့နံနက်တွင် ရန်ကုန်သို့ သူသွားရန် ပြင်ဆင်ပြီးနေပြီ။





ထွေလာဂျီအလာ သူစောင့်နေခြင်းပါ။

ကျီစုရွာမှာ ထွေလာဂျီနှစ်စီးရှိသည်။ နေ့စဉ် နံနက်(၇)နာရီခန့် ရွာမှထွက်သည်။ ရမည်းသင်းမြို့သို့ (၉)နာရီခန့်မှရောက်၏။ ဈေးဝယ်ကြ၊ လည်ပတ်ကြပြီး နေ့ခင်း(၁)နာရီခန့် ပြန်ထွက်၍ ရွာသို့ ညနေ(၄)နာရီခန့် ပြန်ရောက်သည်။

မင်းစိုးကတော့ ထွေလာဂျီစီး၍ ရမည်းသင်းသို့သွားမည်။ ရမည်းသင်းမှ ရန်ကုန်သို့ ရထားဆက်စီးမည်။

"ဘွတ်. . ချက်. . ဘွတ်ချက်"

လာပါပြီ. . ။ ထွေလာဂျီလာပြီ။

"အမေ. . ထွေလာ လာပြီ။ သားသွားတော့မယ်။ ညီလေး. . သွားမယ်"

မင်းစိုးက မိခင်ကိုနှုတ်ဆက်သည်။ ညီဖြစ်သူကိုလည်းပြော၏။

ညီဖြစ်သူက ထလာပြီး မင်းစိုး၏အိတ်ကြီးကို သယ်သည်။ မင်းစိုးကတော့ အထုံးကြီးကြီးထုံးထားသည့် လွယ်အိတ်ကြီးကိုလွယ်ကာ အိမ်ပေါ်မှဆင်းခဲ့၏။

ထိုအချိန်တွင် အချစ်က ကမျောသောပါးဟန်ဖြင့် ခြံထဲပြေးဝင်လာ၏။ မင်းစိုးအား နှုတ်ဆက်ရန်လာခြင်းပါ။ လက်ထဲမှာလည်း ပဲကြီးလှော်ထုပ်ကြီးနှင့်။ မင်းစိုး ရထားပေါ်စားရင်း အလွမ်းလေလေးများလည်နိုင်စေရန် လက်ဆောင်ပေးဖို့တည်း။

"ကိုမင်းစိုး. . ဒီမှာ. . ဒီမှာ"

"ဝုန်း"

သွားပြီ။ အချစ်ပြိုလဲသွားပြီ။ ဒေါ်ပုနှင့်တိုက်မိခြင်းဖြစ်၏။ ဒေါ်ပုလည်း ယိုင်သွားသည်။ လဲနေသောအချစ်ကိုမေးသည်။

"ဟဲ့. . ငါ့တောင် မမြင်ဘူးလား။ မျက်စိလေးလုံးနဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . မမြင်ဘူး။ ကိုစိုးနဲ့ကိုမိုးကိုပဲမြင်တယ်။ အဲဒါ မျက်မှန်ကြောင့်"

အချစ်စကားကြောင့် ဒေါ်ပုမဲ့သွား၏။ ကြာကြာမမဲ့နိုင်။ မင်းစိုးက ထွေလာဂျီပေါ် တက်တော့သည်။ ကိုမိုးကလည်း အထုပ်ကိုဆွဲ၍ ထွေလာဂျီထံသွားနေပြီ။ ဒေါ်ပုလည်း သားဆီသွား၍ မှာစရာရှိတာမှာ . . ။

အချစ်လည်း ပဲလှော်ထုပ်ကိုကိုင်၍ ထွေလာဂျီဆီသွား . . ။

ထွေလာဂျီက ထွက်ပြီ။

အချစ်လက်ထဲမှာ ပဲလှော်ထုပ် . . ။

အချစ်က ပဲလှော်ထုပ်ကို မင်းစိုးထံလှမ်းပစ်ပေးလိုက်၏။ လေထဲပျံဝဲလာသော ပဲလှော်ထုပ်ကို ဂိုးသမားတစ်ယောက်ဟန်ဖြင့် လှမ်းဖမ်းလိုက်သည်။

"ဝုန်း . . ဒိုင်း"

မင်းစိုး ထွေလာဂျီပေါ်မှာ လဲပြိုကျသွား၏။ ဘေးကလူများ ဝိုင်းဆွဲထား၍ တော်တော့သည်။ လဲပြိုသွားသော မင်းစိုး၏နှုတ်ဖျားမှ လန့်အော်လိုက်သံကြောင့် ဒေါ်ပုမဲ့သွား၏။ မင်းစိုးလန့်အော်လိုက်ပုံက . .

"အို . . ယမင်း"တဲ့။

ဒေါ်ပုက မဲ့ရင်း မှတ်ချက်ပြု၏။

"မွေးရကျိုးနပ်ပါပေ့ . . မွေးရကျိုး နပ်လှပါပေ့"

ထွေလာဂျီပေါ်မှာ ယိုင်လဲသွားသော မင်းစိုးက ကိုယ်ကိုပြန်ထိန်းရင်း အားလုံးကိုလက်ပြနှုတ်ဆက်ရင်း အော်လိုက်သေး၏။

"အမေ . . သားသွားပြီ။ ညီလေး . . အစ်ကိုသွားပြီဟေ့။ အချစ်ရေ . . တာ့တာ"

မင်းစိုးအား မိခင်နှင့်ညီငယ်က လက်များဝှေ့ယမ်းပြနေသည်။ အချစ်က ပါးစပ်တွင် လက်နှစ်ဖက်ကာ၍ ကြုံးအော်၏။





"ကိုမင်းစိုး . . ရွာမှာလွမ်းတာ အားမရလို့ ရန်ကုန်သွားလွမ်းမှာလား။ လမ်းမှာ ပဲလှော်စားသွား။ လေကောင်းတယ်"

အချစ်၏အသံက ရွာလမ်းမှာ ပျံ့လွင့်နေ၏။

ဘွတ်ချက် . . ဘွတ်ချက် အသံနှင့်တူသော အသံကချို့လည်း မင်းစိုးအိမ်ခြံတွင်းမှ ဆူညံစွာထွက်ပေါ်လာ၏။

"ဘွတ်အဲ . . ဘွတ်အဲ"

"ဘွတ်ထရိန်း . . ဘွတ်ထရိန်း"

နွားများ အော်ဟစ်မြူးထူးခုန်ပေါက်နေကြသဖြင့် အချစ်အံ့သြလှစွာကြည့်နေမိသည်။

နွားများမှာ အတော်လေးပျော်နေပုံရ၏။ အချစ်နားလည်သည်မှာ နွားများသည် အလွန်သိတတ်ကြ၏။ လူနှင့်အနေနီး၍ လူအကြောင်းသိတတ်လှသောနွားများသည် သခင်အဝေးသို့သွားသည်ကို လွမ်းရမှာဖြစ်၏။ ကြေကွဲအားငယ်ရမှာဖြစ်၏။ ယခုတော့ ခုန်ပေါက်မြူးထူးလို့။

အချစ်က နားမလည်စွာ ကိုမိုးအားမေးလိုက်၏။

"ကိုမိုးတို့နွားတွေ ဘာလို့မြူးနေကြတာလဲဟင်"

ကိုမိုးက လိုရင်းပဲဖြေ၏။

"ဟိုကောင် ရန်ကုန်ပြန်သွားလို့"



www.burmeseclassic.com

www.burmeseclassic.com

## ‹၁၀›

မင်းစိုး ရန်ကုန်ပြန်ရောက်လာပြီဆိုသောသတင်းက မြို့မီးပမာ ကူးစက်ပျံ့နှံ့သွား၏။

သည်သတင်းကို ဇော်မိုးက ဦးစွာလက်ခံရရှိသည်။ မင်းစိုး ကိုယ်တိုင် ဇော်မိုးအလုပ်လုပ်ရာကုမ္ပဏီသို့ သွားရောက်တွေ့ဆုံ၍ဖြစ်၏။

ဇော်မိုးတစ်ယောက် ပါးစပ်ဟောင်းလောင်းကြီးဖြစ်သွား၏။ ယင်ကောင်ဝင်မည်စိုး၍ အမြန်ပြန်ပိတ်ပြီး နှုတ်ဆက်၏။

"အိုး. . မင်းစိုး. . ဟောင်းလောင်း"

"နိုး. . နိုး. . မဟောင်းလောင်းဘူး။ အပြည့်ပါတယ်။ အမေ ငရုတ်ရောင်းပေးလိုက်တာ"

မင်းစိုးက သူ့အိတ်ကိုပုတ်ပြပြီး ပြန်ပြော၏။ ကြွားလည်းကြွား လိုက်သေး၏။

ဇော်မိုးက မင်းစိုးအားလက်တို့ပြီး တိုးတိုးမေး၏။

"မင်း. . ယမင်း သတင်းကြားပြီးပြီလား"

"ဟေ. . အေး"

"ဒါဆိုလည်း ပြီးရော"





"ဟ. . ဘာလဲဟ။ ဘာမှမသိရသေးတာ"

"မင်းပဲ. . ဟေအေးဆို"

"ဟေအေးဆိုတာ ဟင့်အင်းရဲ့အစ်ကိုလေကွာ"

"မင်း နောက်မနေနဲ့။ ယမင်းရဲ့အခြေအနေက ဒီလိုကွ. . "

ဟု ဆိုကာ ယမင်းအကြောင်းကို ရဲသူနှင့်စေ့စပ်သည်မှ အစပြု ၍ ယနေ့လက်ရှိအခြေအနေထိ တင်ပြလိုက်၏။

ယမင်းသည် ရဲသူနှင့်စေ့စပ်ပြီးသော်လည်း မင်းစိုးကိုမေ့ပုံမရ။

ရဲသူကတော့ ယမင်းကိုချစ်ရှာ၏။ လက်ထပ်ပွဲကို ခမ်းနားစွာ ကျင်းပဖို့ စီစဉ်ထားခဲ့၏။ လက်ထပ်ရန် သုံးလခန့်အလိုတွင် ရဲသူခရီး ဝေးထွက်သွားရ၏။

သပိတ်ကျင်းဘက်ရှိ ကုမ္ပဏီ၏ ရွှေလုပ်ငန်းလုပ်ကွက်များသို့ သွားရောက်တာဝန်ထမ်းဆောင်ရခြင်းဖြစ်၏။

သူ့အစီအစဉ်မှာ နယ်တွင်သုံးလခန့်နေပြီး ပြန်ရောက်ပါက လက်ထပ်ကြရန်ဖြစ်၏။

သို့နှင့် ရဲသူ နယ်တွင်တာဝန်ထမ်းဆောင်ရင်း ငှက်ဖျားမိရ၏။ သပိတ်ကျင်းဒေသသည် ရွှေ ကျောက်များထွက်၏။ တောတောင်ထူထပ် ၍ ငှက်ဖျားလည်းပေါများ၏။

နောက်ဆုံး ရဲသူသည် ရန်ကုန်မပြန်ဘဲ ငှက်ဖျားဒဏ်ဖြင့် အပြင်းအထန်ဖျားနာကာ သေဆုံးခဲ့ရ၏။

ယမင်းခမျာ မုဆိုးမတစ်ပိုင်း၊ အပျိုရိုင်းလိုလိုနှင့် မုဆိုးမတစ် ဝက်ဖြစ်နေရကြောင်းပင် ဖြစ်တော့၏။

ယမင်းသတင်းကြားတော့ မင်းစိုးငိုင်သွား၏။ တိကျပြတ်သား သော စကားတစ်ခွန်းကိုလည်း ပြောလိုက်၏။

"ယမင်းဘာတွေပဲဖြစ်ဖြစ် ငါကတော့ ချစ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ယမင်းထံသွားမည်လုပ်နေသဖြင့်ဆွဲထားရ၏။

"ချက်ချင်းကြီး သွားမတွေ့ပါနဲ့ဦး။ ယမင်းက ရှက်လွန်းလို့ဆိုပြီး အိပ်ထဲကမထွက်ဘူး။ ဘယ်သူနဲ့မှလည်း အတွေ့မခံတော့ဘူးကွ။ ခေါင်းအေးအေးနဲ့ စဉ်းစားကြတာပေါ့ကွာ"

ဇော်မိုးက ချွေးသိပ်ကာ ချော့မော့ထားလိုက်၏။ မင်းစိုးကတော့ ငိုင်လို့။

"ဖြစ်ရလေ ယမင်းရယ်။ ယမင်း ဘာမှမပူနဲ့။ ကိုယ်ပြန်လာပြီ ယမင်းဆီ။ ယမင်းပျော်ရပြီမှတ်တော့"

မင်းစိုးတိုးတိုးလေးရေရွတ်၏။ ယမင်းကို သူတွေ့ချင်လှပါပြီ။

"ကဲ . . မင်းစိုး။ မင်း ဘယ်မှာနေလဲ"

"ဦးလေးဆီမှာပဲ"

"ကောင်းပြီ . . ။ မနက်ဖြန် ငါအလုပ်အားတယ်။ မင်းသူလည်း ရွှေ့နေပေါက်စဖြစ်နေပြီ။ မနက်ဖြန် သူလည်းအားတယ်။ ငါ သူ့ကိုချိန်းလိုက်မယ်။ မနက်ဖြန်မနက် မင်းငါ့အိမ်လာခဲ့။ အဲဒီတော့မှ မင်းနဲ့ယမင်းကိစ္စ ဆက်ဆွေးနွေးကြတာပေါ့"

ဇော်မိုးက အစီအစဉ်ဆွဲပြီး မင်းစိုးကိုပြန်လွှတ်လိုက်၏။ မင်းစိုးပြန်သွားတော့ သူ မင်းသူဆီဖုန်းဆက်လိုက်၏။

ထို့နောက် နီးစပ်ရာစခန်း အဲ . . သူငယ်ချင်းအသီးသီးဆီသို့ ဆက်လက်သတင်းပို့လိုက်သေး၏။ ထိုအထဲမှာ ခေါပိန်(ခ)သန္တာလည်းပါ၏။ မင်းစိုးက သန္တာနှင့် အဆက်အသွယ်ရှိ၏။ သန္တာကလည်း ကုမ္ပဏီမှာ အလုပ်ဝင်နေလေပြီ။ ဇော်မိုးဖုန်းဆက်တော့ ပျော်သွားပုံရ၏။

"ဟယ် . . ကိုစိုးပြန်ရောက်ပြီ။ ဝမ်းသာလိုက်တာ။ သူ သန္တာ့ကို မေးသေးလားဟင်"

"မေးတာပေါ့"





"ဟုတ်လား . . လူဆိုး . . ။ ထွက်သွားတုန်းက သန္တာ့ကိုတောင် နှုတ်ဆက်မသွားဘူး။ တွေ့မှ ရင်ဘတ်ကြီးကို ထုပစ်လိုက်ရဦးမယ်"

"ကဲ . . ထုချင်လည်း ဖုန်းခွက်ကိုသာထုတော့။ ဖုန်းချလိုက်ပြီ။ အသိပေးတာ။ နီးစပ်ရာကို ဆက်သတင်းပို့လိုက်ဦး"

"အင်း . . အင်း . . အိမွန်တို့ ဇင်မာတို့ဆီလည်း ဖုန်းဆက်လိုက်မယ်။ ဘဲကင်ပြန်လာပြီဆိုတာသိရင် သူတို့လည်း ဝမ်းသာမှာ"

သန္တာလည်း ဘဲကင်ကိုမမေ့။ ဘဲကင် အသည်းကျင်နေတာကိုတော့ မသိ။ ဘဲကင်ဆိုတာနှင့် တို့ဖို့ ဆိတ်ဖို့ ဖဲ့ဖို့လောက်ပဲ တွေးနေလေသလားမသိ။

မင်းစိုးရောက်နေသောသတင်းက မီဒီယာဇော်မိုးကောင်းမှုကြောင့် အတော်များများသိသွားကြလေပြီ။ မင်းစိုးကို တွေ့ချင်ကြသူများအတွက် ဇော်မိုးကပင် အစီအစဉ်ဆွဲပေးလိုက်သေးသည်။

မင်းစိုးကိုတွေ့လိုပါက သူ့အိမ်သို့ မနက်ဖြန်မနက် အရောက်လာကြရန်နှင့် အားလုံးကို သူက မနက်စာဖြင့်ဧည့်ခံမည်ဖြစ်ကြောင်းလည်း ပါချေသေး၏။

ဘာပဲဖြစ်ဖြစ် . .

မင်းစိုးကို တွေ့ချင်တာ၊ မတွေ့ချင်တာ အပထား . . ။

အစားအသောက်မျက်နှာ အားနာရသောအားဖြင့် အားလုံးကြွရောက်ကြလိမ့်မည်ဟု ဇော်မိုးမျှော်လင့်ထားသည်။

ဇော်မိုးဖိတ်ကြားသည့်ထဲတွင် ယမင်းမပါချေ။

ထိုကိစ္စက လူစုံမှပဲ ဆွေးနွေးညှိနှိုင်းကြရဦးမည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်း ဇော်မိုးအိပ်သို့ သူငယ်ချင်းများ စုံညီရောက်ရှိလာကြသည်။

သန္တာက စောစွာရောက်၏။ ဇင်မာနှင့် အိမွန်က နောက်မှ ရောက်သည်။

မင်းသူက နောက်ကျစွာရောက်လာရင်း ညည်း၏။

"ရွှေနေဖြစ်မယ်မှ မကြာသေးဘူး။ အမှုတွေကလည်း များမှများပဲ။ အမှုသည်တွေနဲ့ ချိန်းထားတာဖျက်ပြီး လာရတာ။ ဒီကောင့်ကို တွေ့ချင်လွန်းလို့။ ဘယ်မှာလဲ ဒီကောင်"

သူငယ်ချင်းများစုံညီရောက်ရှိနေသော်လည်း မင်းစိုးမရောက်သေး။ ဇော်မိုး မျက်စိမျက်နှာပျက်နေပြီ။

"ငါ သေချာမှာထားတာပါ"

ဟု ပြောရင်း တမျှော်မျှော်ဖြစ်နေ၏။ အားလုံးလည်း မင်းစိုး လာမည့်လမ်းသို့ မျှော်နေမိကြ၏။

လာပါချေပြီ။

မင်းစိုးရယ်. . ။ ထုံးစံအတိုင်း အထုံးကြီးကြီးထုံးထားသည့် လွယ်အိတ်ကြီးလွယ်လျက် တစ်လှမ်းချင်းလာနေပါပြီ။





သူက တစ်လှမ်းချင်း လာနေသလို သူငယ်ချင်းများ၏ မျက်လုံးများကလည်း သူ့ဆီစုပြုံရောက်နေကြ၏။

မင်းစိုးကတော့ မှုင်အပြည့်၊ ဂိုက်ပြည့်ဆိုက်ပြည့်။

အံမယ်. . လမ်းလျှောက်နေရင်း ပြူးစစလုပ်ရင်းမှ လေထဲသို့ လက်တစ်ဖက်ဆန့်တန်းလိုက်သေး၏။ ဘာလဲတော့မသိ။

သန္တာက မင်းစိုးကိုကြည့်ရင်း. .

"အိုး. . ချစ်သူ"

ဟု ရေရွတ်၏။ သန္တာ့အသံကြားတော့ ဇင်မာက. .

"ဟယ်. . ဘဲကင်"

ဟု ရေရွတ်၏။ သန္တာက ဇင်မာ့ကို မျက်စောင်းထိုးပြီး ဆက်ပြော၏။

"ကိုစိုးတစ်ယောက် ပိန်ပြီး မည်းသွားသလိုပဲ"

အိမွန်က မဲ့ကာ ဝင်ထောက်၏။

"ဘယ်တုန်းကများ ဝပြီး ဖြူဖွေးလို့လဲ"

သန္တာက အိမွန်နှင့်ဇင်မာတို့ကို မဲ့ပြပြီး. .

"ဘာပဲဖြစ်ဖြစ် တို့ကတော့ ချစ်မှာပဲ"

ဟု ပြောရင်း ထရပ်လိုက်၏။ လက်နှစ်ဖက်ကို ဆန့်တန်းရင်း မင်းစိုးအား ပြေးကြိုဖို့လုပ်၏။

သူမ၏ရည်ရွယ်ချက်မှာ ရုပ်ရှင်ထဲကလို ခွဲခွာနေရသောချစ်သူနှစ်ဦး ပြန်ဆုံတော့ အပြန်အလှန်ခေါ်ကြပြီး စလိုးမိုးရှင်းနှင့် ပြေးဖက်ရန် အချိုးချိုးလိုက်ခြင်းပင်။

လက်တွေ့လည်း လုပ်၏။ လက်နှစ်ဖက်ဆန့်တန်းရင်း ထလာကာ အော်၏။

"ကိုစိုး ပြန်လာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



မင်းစိုးက သူ့ကိုမြင်တော့ သူထင်ထားသည့်အတိုင်းပင် ရုတ်တရက်ပြေးသည်။ နောက်လှည့်ပြေးခြင်းဖြစ်၏။

ဇော်မိုးက ထအော်၏။

"သူငယ်ချင်း မင်းစိုး။ မပြေးနဲ့. . မပြေးနဲ့။ ရုပ်ရှင်ထဲကလို ကားတိုက်လို့ အသက်ထွက်သွားရင် ငါ့မှာတာဝန်မကင်းဘူး။ ပြန်လာခဲ့။ အထဲမှာ ထမင်းရှိတယ်"

"အထဲမှာ ထမင်းရှိတယ်"

ဆိုသံကြောင့် မင်းစိုးရပ်လိုက်၏။ ယမင်းလား၊ ထမင်းလား သူမသဲကွဲသဖြင့် လှည့်မေး၏။

"ဟော့ကောင်. . အထဲမှာရှိတာ ယမင်းလား၊ ထမင်းလား။ ရှင်းရှင်းပြော"

ဇော်မိုးက ဟက်ဟက်ပက်ပက်ရယ်လိုက်၏။

"ဟား. . ဟား. . ရယ်ရတယ်။ ထမင်းပဲဖြစ်ဖြစ်၊ ယမင်းပဲဖြစ်ဖြစ် မင်း စိတ်မဝင်စားဘဲ နေနိုင်လို့လား"

"အေး. . ဟုတ်တယ်ကွ။ ငါက ယမင်းတင်မက ထမင်းပါချစ်တဲ့ကောင်ဆိုတော့ ပြန်လာရမှာပဲ။ ဗိုက်တောင်ဆာပြီ"

မင်းစိုးက ထုံးစံအတိုင်း ဗိုက်လေးပွတ်ရင်း ပြန်ဝင်လာ၏။

သန္တာက မင်းစိုးအား ချစ်ရည်ရွှန်းလဲ့ မျက်ဝန်းလဲ့ပြာပြာဖြင့် ကြည့်နေ၏။ ဇင်မာက သန္တာ့ကိုကြည့်ကာ. .

"သန္တာ. . စိတ်ကိုထိန်းထား။ နင့်ဘဲကင်ကြီး ထပြေးဦးမယ်"

"စိတ်ချဇင်မာ။ ချစ်သူစိတ်ညစ်မယ့်အပြုအမူမျိုး ကျွန်မမလုပ်တော့ဘူး။ ချစ်သူစိတ်ချမ်းသာစေဖို့ သန္တာ လိုသမျှဖြည့်ဆည်းပေးသွားမယ်လို့ ကျွန်မဆုံးဖြတ်ထားပါတယ်"

သန္တာက ရင်ထဲမှစကားလုံးများကို အလှပဆုံးစီကာ ပြောနေပါ





သည်။ သူ တကယ်လည်း သဘောပေါက်သွားပြီထင့်. . ။

အချစ်ဆိုသည်မှာ ကြမ်း၍မရ။ အတင်းခြွေ၍ မကြွေ။ သူကြွေချင်မှ ကြွေသည့်သဘာဝကို သန္တာနားလည်ရှာပြီထင့်။

ဤသို့ နှစ်ထင့်ထင့်ပြီးသည့်နောက် သန္တာငြိမ်သွားသည်။ လှုပ်လှုပ်ရွရွမလုပ်တော့ဘဲ ငြိမ်သက်စွာနေတော့သည်။

"ချစ်သူအတွက်သာဆို ကျွန်မရဲ့အသည်းကိုထုတ်၊ ပါးပါးလှီး၊ မီးရဲရဲမှာကင်လို့ ကျွန်မကိုယ်တိုင်ခွံ့ကျွေးဝံ့ပါတယ်။ ကျွန်မသိတာ ချစ်တာတစ်ခုတည်းပါ"

မွန်းကားယားဝတ္ထုထဲမှ ဒိုင်ယာလော့များကို ရွတ်နေခြင်းမဟုတ်ပါ။ သန္တာ့ရင်ဘတ်ကြီးထဲမှ စကားများတီးတိုးဆိုနေခြင်းဖြစ်ပါ၏။

သန္တာတီးတိုးစကားဆိုကာ မင်းစိုးအား ပွဲကြွရင်း ငေးနေဒိုက်. .

မင်းစိုးကတော့ စားဖွယ်ရာတို့ကို အမှည့်ခြွေကာ ကောင်းကောင်းလွေးနေပါပြီ။ ထမင်းစားကြရင်း သူတို့ ယမင်းကိစ္စကိုဆွေးနွေးနေကြ၏။

အားလုံး ထမင်းပွဲမှာ လက်မလည်စွာ ခူးခပ်စားနေပါသော်လည်း သန္တာကတော့ ခေါင်းလေးငုံ့ကာ ထမင်းဟင်းတို့ကို တို့ကနန်းဆိတ်ကနန်းသာရှိချေ၏။

"ကျွန်မရင်ထဲကဝေဒနာတွေကို သူတို့မသိကြဘူး။ ကျွန်မ ကို မင်းစိုးကို ဘယ်လောက်ချစ်တယ်ဆိုတာ မျက်ရည်နဲ့သက်သေပြလိုက်မယ်"

သန္တာက ရင်ထဲမှာစကားဆိုရင်း မျက်ရည်ကျအောင်လုပ်ကြည့်၏။ မျက်ရည်က ကျမလာ။ တံတွေးဆွတ်ဖို့ကလည်း လူမလစ်။ သူငယ်ချင်းတွေကတော့ ပျော်ပျော်ပါးပါး စားကြသဲပါ။ မင်းစိုးက ပလုပ်ပလောင်းစားနေရာမှ သန္တာ့ကိုကြည့်လိုက်ပြီး "စားလေ" ဟု မျက်ရိပ်ပြ၏။ သန္တာက ပါးပါးလေးပြုံးပြပြီး ရင်ထဲမှာ စကားဆိုပြန်၏။

"ကျွန်မဘယ်လိုခံစားနေရတယ်ဆိုတာ သူတို့မသိကြဘူး။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုချစ်ကဲ့အချစ်က ဘယ်လောက်ကြီးမားတယ်ဆိုတာ သူသိသင့်တယ်"

"ကျွန်မကိုယ်ကျွန်မ အံ့ဩနေမိတယ်။ ကျွန်မ ဘာကြောင့် သူ့ကို သိပ်ချစ်နေမိတာလဲ။ ကျွန်မရဲ့ဘဝမှာ သူဟာ ပထမဆုံးနဲ့ နောက်ဆုံးချစ်သူပါပဲ။ သူကလွဲရင် ကျွန်မ ဘယ်သူ့ကိုမှ ချစ်လို့ရမှာမဟုတ်ဘူး ဆိုတာ ကျွန်မသိပါတယ်"

တကယ်တော့ သူလည်း ဘယ်သူမှ ချစ်မည့်ပုံမပေါ်မှန်းသိ၍လည်း ဤသို့တွေးဟန်တူ၏။

သန္တာအတွေးကောင်းသလောက် သူငယ်ချင်းတစ်သိုက်မှာ အစားမက်နေကြသဖြင့် သန္တာတင်းသွားသည်။ ထကောပစ်လိုက်၏။

"ကဲ. . ကဲ. . ဒီပွဲမှာ ကိုစိုးကောင်းစားရေး ဆွေးနွေးမှာလား။ မင်းတို့ အကောင်းစားရေး လွေးနေကြမှာလား။ လိုရင်းကိစ္စဖြစ်တဲ့ ကိုစိုးကိစ္စကို ပြောကြ။ အစားကို လျှော့စားကြ။ ဒါပဲ. ."

အားလုံးကြောင်သွား၏။ ပါးစပ်ထဲသွင်းအံ့ဆဲဆဲ လက်တွေ ရပ်တန့်ကုန်၏။ အိမွန့်က ရေရွတ်၏။

"ဟောတော့. . ဘလိုင်းကြီး"

"သူရင်ပြည့်နေတိုင်း ငါတို့ကို. ."

အားလုံး ပွစိပွစိဖြစ်ကုန်၏။ ရှေ့နေပေါက်စမင်းသူက ဓာတ်ပေါက်၏။ ဝင်၍ထောက်ပေး၏။

"ကဲ. . ဘာစရာရှိတာ စားကြပါ။ သန္တာလည်းစား။ ဒီနေ့ ဆွေးနွေးကြရမယ့်ခေါင်းစဉ်က လှယမင်းနှင့်မောင်မင်းစိုး. . ဘာလဲ၊ ဘယ်လဲ၊ ဘယ်လိုလုပ်ကြမလဲ။ ဟုတ်တယ်ဟုတ်"

"ဟုတ်တယ်. . ဟုတ်"

"မနောက်ပါနဲ့"

"မနောက်ပါဘူး။ မင်းကို ထောက်ခံတာ"





ဇော်မိုးက ဝင်ဖောက်ခြင်းပါ။ မင်းစိုးက ဘာမှမပြော။ သူ့ခမျာ မလွှမ်းအားသေး။ ထမင်းစားကောင်းတုန်း"

မင်းသူက ဆက်ပြော၏။

"မင်းစိုးကိစ္စကတော့ မင်းစိုးဆုံးဖြတ်ဖို့ပဲ။ ယမင်းရဲ့အခြေအနေနဲ့အနေအထားကို မင်းစိုးသိပြီးပြီပဲ။ ကဲ. . မင်းစိုး။ မင်းရဲ့သဘောက"

"ချစ်မှာပဲ"

မင်းစိုးက အစားမဂျက်ဖြေသဖြင့် မင်းသူတင်းသွား၏။

"ဟေ့ကောင်. . ။ ဒါ. . ပေါ့တော့တော့ကိစ္စမဟုတ်ဘူး။ မင်းကို လေးလေးနက်နက်မေးနေတာ"

"ငါကလည်း လေးလေးနက်နက်ဖြေတာပါ။ ချစ်မှာပဲ. . ။ ချစ်နေမှာပဲ"

"ဟေ့ကောင်. . ထိုင်ချစ်နေလို့ မပြီးဘူး"

"ထချစ်မှာပဲ"

"ဟေ့ကောင်. . ဒါနဲ့လည်း မပြီးသေးဘူး"

"ပြေးချစ်မယ်ကွာ"

"အေး. . ဟုတ်တယ်။ ပြေးချစ်ရမယ်။ ယမင်းကို မင်းပြေးတွေ့ရမယ်"

"ဟေ့ကောင်. . ရိုးရိုးလမ်းလျှောက်ပြီး တွေ့လို့မရဘူးလား။ ပြေးတွေ့ရင် မောမှာပေါ့"

သူငယ်ချင်းတွေ အချီအချပြောနေတာကို နားစွင့်ရင်း သန္တာတွေးနေပြန်၏။

"ကျွန်မကိုဘေးမှာထားပြီး ကျွန်မရဲ့နှလုံးသားကို တူးဆွဖြိုဖျက်နေလိုက်ကြတာ။ ကျွန်မ သူ့ကိုတကယ်ချစ်တယ်ဆိုတာကို ပြိုကျပျက်စီးနေတဲ့ ကျွန်မရဲ့နှလုံးသားတွေနဲ့ပဲ သက်သေပြရမှာပဲ။ ကျွန်မရဲ့အသည်း



www.burmeseclassic.com

www.burmeseclassic.com



ချက်က လွှပ်းသက်သေမျက်ရည်မကျတတ်တာပဲ။ ကျွန်မရဲ့မျက်ရည်ကန်ကလည်း ငွေပရောက်သေးခင် ခန်းချင်နေပြီ။ ကျွန်မ ဘာလုပ်ရမလဲ။ တံတွေးအွတ်လိုက်ရမှာလား"

သန္တာက လူအလစ်မှာ မျက်လုံးကိုတံတွေးဆွတ်လိုက်၏။ နောက်တစ်ဖက်ဆွတ်မယ်လုပ်တော့ လူမိသွား၍ မဆွတ်လိုက်ရ။ သည်တော့ သန္တာ့မျက်လုံးအိမ်တစ်ဖက်ထဲမှာ မျက်ရည်စတွေနဲ့။

"ဟင်. . သန္တာ။ သူငယ်ချင်း ငိုနေတယ်"

ဇင်မာက မျက်ရည်မြင်၍မေး၏။ အိမွန်က သန္တာကိုကြည့်ကာ..

"ဟင်း. . သန္တာ။ ငိုရင်လည်း အပြည့်ငိုချလိုက်။ ဘာလို့ တစ်ဝက်တည်းငိုရတာလဲ။ မျက်ရည်မလောက်လို့လား"

ဟု မေးလေတော့ သန္တာက မဖြေပါ။ တစ်ဖက်တည်းစွတ်စိုနေသည့် မျက်ရည်ကိုသာ လက်ဖမိုးဖြင့်သုတ်ပစ်လိုက်ရှာတော့၏။ မျက်ရည်သုတ်ရင်း ဆင်ခြေက ပေးလိုက်သေးသည်။

"ကျွန်မမျက်လုံးအိမ်တစ်ဖက်က ငိုနေတာ ကျွန်မအတွက်ပါ။ မငိုတဲ့ဘက်က မင်းစိုးအတွက်ပါ။ ယမင်းနဲ့ပြန်ဆုံရမယ့် မင်းစိုးအတွက် ကျွန်မငိုလို့ဖြစ်ပါ့မလား။ အဲဒီအတွက် မျက်ရည်တစ်ဖက်တည်းကျရတာပါ"

သန္တာ၏ အမူအရာရော၊ အပြောတွေပါ ပြောင်းသွားသဖြင့် ဇင်မာတို့အံ့ဩနေကြ၏။ အိမွန်က မေးထောက်စဉ်းစားရင်း ပြော၏။

"သန္တာ. . မင်းစကားလုံးတွေက ပြောင်းလွဲပြောင်မြောက်နေပါလား။ မင်း မွန်းကားယားဝတ္ထု ဖတ်လာပြီမဟုတ်လား"

"ဟုတ်ကဲ့. . ကျွန်မဖတ်မိပါတယ်။ ဝတ္ထုဖတ်တာ ကျွန်မမှာအပြစ်ရှိတယ်ဆို ရှင်တို့ပေးတဲ့အပြစ်ကို ကျွန်မလည်းစင်းခံပါ့မယ်"

သန္တာက မှင်သေသေ ငေါင်စင်းစင်းနှင့်ပြောနေ၏။ အိမွန်က သန္တာ့ကိုကြည့်ကာ. .





"ကဲ. . ကျွန်မတို့ ရှင့်ကို ဘာအပြစ်မှမပေးတော့ပါဘူး။ ရှင့်ပါးစပ်သာ ပိတ်ထားလိုက်ပါတော့"

ဟု အငေါ်တူးတော့၏။ ဒါတောင် သန္တာက ရစ်နေသေး၏။

"ဟုတ်ကဲ့. . ကျွန်မရဲ့နှလုံးသားတံခါးကို ပိတ်ရုံတင်မဟုတ်ပါဘူး။ ကျွန်မကိုယ်တိုင်သော့ခတ်လိုက်ပါပြီ။ ကျွန်မကိုနားလည်ခွင့်လွှတ်ပါ"

ဒီတစ်ခါတော့ မင်းသူက ဝင်ပြော၏။

"ခွင့်တော့ လွှတ်တယ်။ နားတော့မလည်ဘူး။ ကျွန်မ. . ကျွန်မနဲ့ ဘာဖြစ်သွားရတာလဲ"

"ဝတ္ထုထဲက ဇာတ်ကောင်ရဲ့စတိုင်လ်ပါ"

"အဲဒါ နင်နဲ့ဘာဆိုင်လို့လဲ"

"ကျွန်မအဖြစ်နဲ့ ဝတ္ထုထဲကဇာတ်ဆောင်ရဲ့အဖြစ်က တူနေလို့ပါ"

"နင့်ဇာတ်ကောင်က သူငယ်ချင်းတွေကိုရော ကျွန်မကျွန်မနဲ့ ပြောသလား"

"ပြောပါတယ်။ လူတိုင်းကို ပြောပါတယ်"

မင်းသူဝင်၍တိုင်ပတ်နေသဖြင့် သန္တာကဆက်ပြောလေတော့၏။ ဇော်မိုးက စိတ်မရှည်တော့ဘဲ. .

"ကဲ. . ဒေါ်ကျွန်မသန္တာရေ။ နောက်မှပဲ ဆက်ကျွန်မတော့။ အခုအစည်းအဝေးမှာ မင်းစိုးအနေနဲ့ ယမင်းဆီသွားတွေ့ဖို့ ဆုံးဖြတ်လိုက်တယ်။ သဘောတူလား"

ဟု အပြတ်မေးတော့. .

"ဟုတ်ကဲ့. . ကျွန်မရဲ့နှလုံးသားကို အတူးအဆွခံမယ်လို့ ကျွန်မ ခုနကတည်းက ဆုံးဖြတ်ပြီးသားပါ"

ဟု ဖြေရှာသည်။ ဇော်မိုးက တစ်ချက်ပြုံးလိုက်ပြီး ဆက်မေး၏။

"ဒါဆို သဘောတူတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သဘောတူပါတယ်"

"ဒါဆို ပြတ်ပြီ။ ကန့်ကွက်မယ့်သူ ရှိပါသေးလား"

"မရှိပါဘူး"

"မရှိပါဘူး"

အားလုံးပြိုင်တူဖြေကြလေ၏။ သန္တာမှမကန့်ကွက်လျှင် မည်သူ ကန့်ကွက်ပါမည်နည်း။

သို့နှင့် . .

ယမင်းထံသို့ မင်းစိုးသွားရောက်ရန် ရက်ရွေးလိုက်ကြ၏။

ထိုနေ့က မင်းစိုး ရင်တွေတဒိတ်ဒိတ်ခုန်နေ၏။

သန္တာကတော့ အသံများပင်တုန်နေတော့သည်။ အားလုံးကို လည်း စကားတစ်ခွန်း ပြောဖြစ်အောင် ပြောလိုက်သေး၏။

"ကျွန်မ သိပ်ပျော်ပါတယ်။ ချစ်သူရဲ့ချမ်းမြေ့မှုအတွက် ကျွန်မ ရင်ဘတ်ထဲက နှလုံးသားကို ထုတ်ပေးလိုက်ရတာ ကျွန်မဂုဏ်ယူပါတယ်။ ကျွန်မကို အားလုံးနားလည်ကြပါ"

ဇင်မာက ခေါင်းခါလျက် ပြန်ပြောလိုက်သည်မှာ . .

"နားတော့ မလည်နိုင်ဘူးဟေ့။ ရင်ဘတ်ထဲမှာ နှလုံးသားမရှိမှ တော့ လဲသာသေလိုက်တော့"

အားလုံး ခိုးခိုးခစ်ခစ်ရယ်ကြသည်။ မင်းစိုးကတော့ မရယ်ပါ။

သန္တာ့ကို သေချာကြည့်သည်။

သန္တာရယ် . .

သူမရဲ့ ခေါင်ထွက်နေသောသွားနှစ်ချောင်းဖြင့် နှုတ်ခမ်းသားကို ပြတ်လုမတတ် ကိုက်ထားလို့ပါလား။

မင်းစိုး ရင်တွေခုန်နေသည်။

ချစ်သူကို ရင်ဆိုင်ရမှာ သူ ကြောက်နေသေးသည်။ တွေ့လည်း တွေ့လိုလှပါ၏။

အစည်းအဝေးဆုံးဖြတ်ချက်အရ သူ ယမင်းရှိရာသို့ လာခဲ့ရ သည်။ သိပ်တော့ ဝံ့ရဲလှသည်မဟုတ်။

ယမင်း၏အိမ်တွင် ယမင်း၏မိခင်ကိုသာ တွေ့ရ၏။ ယမင်းကို မမြင်မိ။

ယမင်း၏မိခင် ဒေါ်မြမြအား မင်းစိုးက သူ့ကိုယ်သူ မိတ်ဆက် ပေးလိုက်သည်။

ယမင်းနှင့် သူ၏ဇာတ်ကြောင်းကိုလည်း ရိုးသားစွာရင်ဖွင့်လိုက် သည်။ ယမင်းဘဝကောင်းစားရေးအတွက် ရဲသူနှင့်နီးစပ်စေရန် သူရှောင် ပေးခဲ့ရပါကြောင်း နတ်သံနှော၍ ပြောပြလေတော့၏။ နောက်ဆုံးပြော ဖြစ်လိုက်သည်ကတော့ . .

"တကယ်တော့ ယမင်းကို ကျွန်တော်အချစ်မပြယ်ပါဘူး။ အမြဲ ချစ်နေမှာပါ။ ဒါကြောင့် ယမင်းကို ကျွန်တော်လက်ထပ်ပါရစေ"

သည်စကားကြားတော့ ဒေါ်မြမြတွန့်သွား၏။ မင်းစိုးအစ





www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြုံးပြသားလေးပါလိမ့်ဟူသောအကြည့်ဖြင့် ကြည့်လေ၏။

မင်းစိုးကတော့ ရောမစစ်သူရဲကောင်းကြီးပုံစံဖြင့် ရင်ကော့ထားလျက်ရှိချေ၏။ ဒေါ်မြမြ၏အဖြေကို နားစွင့်လျက်ရှိလေ၏။

ဒေါ်မြမြက ခေါင်းလေးညိတ်လျက် တိုးညင်းစွာပြောပါသည်။

"သားရဲ့ မေတ္တာ၊ စေတနာကို လေးစားပါတယ်။ သားအနေနဲ့ ယမင်းရဲ့အခြေအနေအရပ်ရပ်ကို သေချာလေ့လာပြီးမှ ဆုံးဖြတ်ပါကွယ်။ သားဘက်က နစ်နာမှာစိုးလို့ပါ"

မင်းစိုးက ခေါင်းယမ်း၏။ ဆုံးဖြတ်ချက်ကို မပြင်တော့။ နောက်ပြန်မလှည့်တော့မည့် စစ်သူရဲကောင်းကြီး၏မျက်နှာပေးဖြင့် ဆက်ပြော၏။

"ကျွန်တော်ဆုံးဖြတ်ပြီးသားပါ။ ယမင်းနဲ့ကိုရဲသူတို့ ဇာတ်လမ်းကိုလည်း သိပြီးသားပါ။ ယမင်းဘယ်ဘဝရောက်ရောက်၊ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော်ချစ်နေမှာပါ။ ယမင်းဘယ်မှာလဲမေမေ"

မင်းစိုးတို့လုပ်ချလိုက်ပုံကဖြင့် ဒေါ်မြမြကို မေမေတဲ့။

ဒေါ်မြမြခမျာ ပြုံးရမလိုလို၊ ငိုရမလိုလို ဖြစ်သွားပြီး . .

"ယမင်း အိမ်ထဲမှာရှိပါတယ်။ ဒေါ်လေးတော့ မပြောတတ်တော့ပါဘူး။ သားတို့လူငယ်ချင်း ဆွေးနွေးကြပေါ့ကွယ်။ သမီးသဘောပါပဲ"

ဟု ပြောကာ အိပ်ခန်းထဲ မျက်စပစ်ပြပြီး အိမ်ရှေ့ပေါက်မှဆင်းကာ ခြံထဲသွားနေလေတော့၏။

အိပ်ခန်းထဲရှိခုတင်ပေါ်မှာ လဲလျောင်းနားစွင့်နေသော ယမင်း၏မျက်လုံးအိမ်မှာတော့ မျက်ရည်များကျလျက်ရှိပါသည်။

"ခုမှ လာရသလား မင်းစိုးရယ်"

ဟုလည်း တိုးတိုးလေးညည်းမိလေ၏။

မင်းစိုး ဝင်လာလေမလားဟုလည်း အခန်းဝသို့ လှမ်းကြည့်နေမိသည်။





မင်းစိုးကလည်း သိပ်မနေးလှ။ ဒေါ်မြမြခြံထဲဆင်းသွားသည်နှင့် သူခိုးတကျပြားလို ခြေဖော့နင်းလျက် အိပ်ခန်းထဲဝင်ဖို့ ကြံပြီးသား။

အခန်းဝမှနေ ယမင်းအားမြင်သည်ဆိုလျှင်ပဲ ကြေကွဲဆို့နင့်စွာ ခေါ်လိုက်၏။

"ယမင်း"

"မင်းစိုး . . နင် လိုက်လာတယ်"

"အေး . . နင်အားမငယ်နဲ့။ မေမေ့ကို အကုန်ပြောပြပြီးပြီ။ မေမေက လူငယ်ချင်းဆွေးနွေးတဲ့"

ယမင်း ခေါင်းလေးငုံ့သွား၏။

"အကုန်ကြားပါတယ်"

ဟုလည်း တိုးဖွဖွလေးဆို၏။ ယမင်းသည် လူမမာတစ်ယောက်လို အိပ်ရာထဲမှာ လှဲနေခြင်းဖြစ်သည်။ စောင်ကိုလည်း ခြုံထားသေး၏။

မင်းစိုးက ယမင်းကိုကြည့်ကာ မေး၏။

"ယမင်းနေမကောင်းဘူးလားဟင်"

"ကောင်းပါတယ်"

"ကောင်းတယ်သာဆို အိပ်ရာထဲ စောင်ကြီးခြုံလို့။ ကိုယ်စိတ်ပူတာပေါ့"

ယမင်းက ဘာမှပြန်မပြော။ ခေါင်းကိုငုံ့ထားဆဲ။ မင်းစိုးက ညာတာပါတေးဖြင့် အနားကပ်လာပြီး ယမင်းနဖူးကို စမ်းကြည့်၏။

"အင်း . . ကိုယ်ကတော့ မပူပါဘူး"

မင်းစိုးစကားကြောင့် ယမင်း မျက်လုံးလေးဝိုင်းသွား၏။

ကိုယ်ကတော့ မပူပါဘူးဆိုတော့ ဘာကပဲပူနေသလိုလို။

မင်းစိုးက နဖူးကိုင်ကြည့်ရာမှ လက်ကိုပြောင်းကိုင်ကာ စမ်းကြည့်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"အဖျားသွေးလည်းမရှိပါဘူး။ ယမင်းကို ကိုယ်လက်ထပ်ပါရစေ"

ဘာမှမဆိုင်။ အဖျားသွေးမရှိတာနဲ့ လက်ထပ်ချင်ရသတဲ့။ ဖျားနေလျှင် ဘိုင်းငံ့ထားမယ့်သဘောရှိ၏။

ယမင်း ခေါင်းခါသည်။ လက်ကိုရုန်း၍ မျက်နှာမှာအုပ်ကာ ငိုတော့သည်။

"အီး. . ဟီး. . ဟီး. . ရှုတ်"

ယမင်း ရှုတ်တရက်ငိုတော့ မင်းစိုးလန့်သွားသည်။

"ယမင်း. . မငိုနဲ့လေ။ တော်ကြာ ကိုယ် အမှုပတ်နေပါဦးမယ်။ ကိုယ်ဘာမှမလုပ်ဘူးနော်။ ဖတိတ်. . တိတ်. . "

ယမင်း မတိတ်ပါ။ ကြေကွဲဆို့နင့်စွာပင် ပြောနေပါသေးသည်။

"မင်းစိုးရယ်. . နင် ငါ့ကို လက်မထပ်ချင်ပါနဲ့။ နင့်လိုဖြူစင်တဲ့လူနဲ့ ငါနဲ့မတန်တော့ပါဘူး"

မင်းစိုး ခေါင်းယမ်းပြန်သည်။ လက်နောက်ပစ်၍ ကျောပေးသည့်စတိုင်ဖြင့် ဒိုင်ယာလော့တွေ အတွဲလိုက်ပစ်တော့သည်။

"ဒီမှာ ယမင်း. . ။ တကယ်ချစ်ရင် အနစ်နာခံရသတဲ့။ နင့်ကိုသိပ်ချစ်လို့ နင့်ဘဝကောင်းစားရေးအတွက် ငါ့နှလုံးသားကိုစတေးခဲ့တာနင်အသိ။ အေး. . အခုအချိန်မှာလည်း နင့်ဘဝအတွက် ငါဟာ ရှေ့ကရပ်မယ်လို့ဆုံးဖြတ်ပြီးသား။ ပြီးခဲ့တာတွေမေ့ပစ်ပြီး ဘဝသစ်မှာ တို့တတွေလက်တွဲလျှောက်လှမ်းကြပါစို့။ ရှေ့မှာရောင်နီပျိုးနေပြီယမင်း. ."

"မဟုတ်သေးဘူး မင်းစိုးရယ်။ ငါလေ. . ငါ. . "

"ငါကိုအသာထား။ ဆင်ခြေတွေပေးပြီး ချေမျှားမနေနဲ့ယမင်း၊ ချစ်၍ခေါ်ရာ လိုက်ဖို့သာပြင်ပေတော့"

"မင်းစိုး"

"ပြော. . ယမင်း။ ငါနားထောင်နေပါတယ်"



BURMESE CLASSIC .com



"ငါ့ကို နင်တကယ်ချစ်တယ်ဆိုတာ ငါယုံပါတယ်။ နင့်ကို ငါလေးလေးနက်နက်မေးချင်တာက ပကတိအခြေအနေမှာ နင် ငါ့ကိုချစ်နိုင်ပါ့မလားဆိုတာပါ"

"ဟား. . ဟား. . ဒီမေးခွန်းကို မင်းစိုးကလည်း ကတ္တရာသုတ်ဖြေပါ့မယ်။ ယမင်းဘာပဲဖြစ်နေဖြစ်နေ ချစ်မှာပဲ. . ချစ်မှာပဲလို့လေ။ ဟဲ. . ဟဲ. . "

"ဒါဆိုရင် နင်ဟိုဘက်ခဏလှည့်။ ငါကြည့်ဆိုမှကြည့်။ ကြည့်ပြီးမှ နင်ဆုံးဖြတ်။ ငါ့ရဲ့လျှို့ဝှက်ချက်ကို နင်သိချိန်မှာ ကြိုက်သလိုဆုံးဖြတ်နိုင်တယ်"

"ကောင်းပြီလေ. . ။ ငါ့ရဲ့ဆုံးဖြတ်ချက်ကတော့ ပြင်လိမ့်မယ်မထင်နဲ့"

မင်းစိုးက ခါးထောက်ကာ တစ်ဖက်သို့လှည့်နေလိုက်၏။ သူ့စတိုင်က ဓာတ်ရှင်မင်းသားလိုလို ဘာလိုလို။

ယမင်းက စောင်ကိုခွာရင်း ခုတင်ပေါ်မှ အသာလေးဆင်း၏။ ယမင်း၏လှုပ်ရှားမှုများက ညင်သာလှသည်။

မင်းစိုးကတော့ လှည့်မကြည့်ရသေးဘဲ ဆီမန်းမန်းသလို ပြောနေ၏။ သူပြောနေသည်များမှာ. .

"ဟဲ. . ဟဲ. . ယမင်းက တို့ကို အချစ်စမ်းတာလေ။ သူ အရင်ကလိုမဟုတ်ဘဲ ပိန်သွားလို့၊ မလှလို့ မချစ်မှာစိုးလို့ ပူပင်နေတာဗျ။ မင်းစိုးတို့ကတော့ ပိန်လည်းချစ်မှာပဲ။ ဝလည်းချစ်မှာပဲ။ မင်းစိုး ဘယ်လောက်ချစ်တတ်တယ်ဆိုတာ ယမင်းသိသွားစေရမယ်။ ဟဲ. . ဟဲ. . "

မင်းစိုးတစ်ယောက်တည်း တဟဲဟဲလုပ်နေစဉ် ယမင်းက အသံပြုလိုက်၏။

"မင်းစိုး. . လှည့်ကြည့်လို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



မင်းစိုးက ရှိုးရှိုးလှည့်မကြည့်ဘဲ ပြုံးပြုံးကြီး ကိုယ်ကို စလိုးမိုးရှင်း ပတ်ကာ လှည့်ကြည့်၏။

ယမင်းကလည်း ခုတင်ဘေးကစားပွဲကိုမှီ၍ ပြုံးပြုံးလေးရပ်နေ၏။

ယမင်း၏ ပြုံးနေသောမျက်နှာလေးအား မင်းစိုးက ကြည့်ရင်း ပြုံးပြသည်။ ယမင်းကလည်း ပြုံးပြ၏။

မင်းစိုးက ယမင်း၏မျက်နှာလေးမှသည် တစ်ကိုယ်လုံးသို့ ခြုံကြည့်သည်။

"ဟိုက်. ."

မင်းစိုး ဟိုက်ခနဲ ဖြစ်သွား၏။ ပြုံးရာမှ မဲ့သွား၏။ ယမင်းလည်း လိုက်မဲ့၏။

မင်းစိုးက ယမင်းကို သေချာပြန်ကြည့်သည်။ ပြီး စိတ်မသက်သာစွာဖြင့်. .

"ဘယ်လိုဖြစ်ပြီး တုတ်ကောက်ကြီးနဲ့ဖြစ်နေရတာလဲ ယမင်းရယ်"

ဟု တီးတိုးမေး၏။ မင်းစိုး၏အခြေအနေကိုကြည့်ကာ ယမင်းက နှုတ်ခမ်းကိုက်၍ တိုးဖွဖွလေးပြောသည်။

"ဟုတ်တယ် မင်းစိုး။ ငါဟာ လေတစ်ခြမ်းဖြတ်ခံရလို့ မသန်စွမ်းတဲ့ ဒုက္ခိတကြီးဖြစ်နေပြီလေ။ ဟင်း. . ဟင်း. . ဘာတွေဖြစ်နေဖြစ်နေ ချစ်မှာပဲဆိုတဲ့လူကြီး အခုတော့ တွန့်သွားပြီမဟုတ်လား။ ရပါတယ်။ နင်ပြန်နိုင်ပါပြီ။ ငါ့ထိုက်နဲ့ငါပဲရှိပါစေ"

ယမင်းက ဝမ်းနည်းသံနှင့်ပြောနေခြင်းပါ။ မင်းစိုးကတော့ ပါးစပ်ကြီးဟောင်းလောင်းနှင့် ကျောက်ရုပ်ကြီးလိုဖြစ်နေသည်။

ထိုအချိန်တွင်. .





အချိန်းအချက်ပြုထားကြပြီး ရောက်နေကြသည့် ဇော်မိုး၊ မင်းသူနှင့် အိမွန်တို့သူငယ်ချင်းတစ်သိုက်မှာ မင်းစိုးတို့ကို ချောင်းကြည့်နေကြသည်ဖြစ်၏။

သူတို့အားလုံးလည်း မလှုပ်ရဲကြ။ မင်းစိုးတို့အခြေအနေက ပွဲမပြတ်သေး။ မင်းစိုး ငေါင်နေဆဲ။

ယမင်းက မင်းစိုးကိုကြည့်ကာ မျက်ရည်များစီးကျလာရင်း ပြောရှာ၏။

"မင်းစိုးရယ်. . နင့်ကို ငါ တကယ်ချစ်ခဲ့ပေမယ့် နင့်ကြောင့် ငါ နင်နဲ့လွဲခဲ့ရတာပါ။ အခု ပြန်ဆုံခွင့်ကြုံပေမယ့် ဘဝချင်းခြားနားနေပြီမို့ နင် ငါ့ကို မချစ်နိုင်တော့တာကို ငါ စိတ်မဆိုးပါဘူး။ နင် ငါ့ကို မချစ်တော့တာ နစ်မှန်ပါတယ်။ ပြန်တော့နော်"

မင်းစိုး ခေါင်းယမ်းသည်။ စလိုးမိုးရှင်းနှင့် ယမ်းနေရာမှ မြန်မြန်ယမ်းသည်။ ယမ်းနေရာမှ ရပ်လိုက်ပြီး ဝမ်းခေါင်းသံကြီးဖြင့် ဟစ်ကြွေးလိုက်သည်ကား. .

"ငါမပြန်ဘူး ယမင်း။ နင့်ကို ငါချစ်တယ်။ နင် ဘာတွေဖြစ်ဖြစ် ငါချစ်နေမှာပဲ. . ချစ်မှာပဲ"

မင်းစိုးက ဟစ်ကြွေးပြီး လက်နှစ်ဖက်ကို ဆန့်တန်းပေးလိုက်သည်။ ရုပ်ရှင်ထဲမှာလို နှစ်ယောက် ပြေးဖက်လို့ကတော့ မဖြစ်။

ယမင်းက ယခင်ယမင်းမှမဟုတ်တော့လေပဲ။ သူ့ဒုက္ခနှင့်သူ ဖြစ်နေ၏။

"ဝမ်းနည်းမနေပါနဲ့ ယမင်းရယ်။ နင် ဘာတွေဖြစ်နေဖြစ်နေ ချစ်မှာပဲလို့ ငါ ထပ်ပြောပါရစေ"

ဟု ပြောရင်း မင်းစိုးက ယမင်းအနားသို့ တိုးကပ်၍ ကြင်နာစွာ



www.burmeseclassic.com

www.burmeseclassic.com



လက်ကမ်းကာ ယုယစွာပိုက်ထွေးမည်အလုပ်. .

"ဟေး. . ဟေး. ."

"ဟေး. ."

အိမ်ရှေ့မှ ချောင်းကြည့်နေသူများ ဝိုင်းအော်ပြီး အခန်းထဲ ပြေးဝင်လာကြလေတော့၏။

ယမင်းလည်း ရှက်ပြီး အနားရောက်နေသည့် မင်းစိုး၏ရင်ခွင် ထဲသို့ ခိုဝင်ကာ မျက်နှာဝှက်ရင်း ဖက်လိုက်မိသည်ဖြစ်လေရာ. .

ယမင်းလက်မှ တုတ်ကောက်ကြီးသည် အော်တိုစနစ်ဖြင့် မင်းစိုးခြေခုံပေါ်သို့ ပြုတ်ကျသည်ဖြစ်ရကား မင်းစိုး ယောင်ယမ်း၍ အော်လိုက်မိသည်မှာ. .

"အား. . . ချစ်မှာပဲဗျ. ."

"အား. . နာလိုက်တာ"

မင်းစိုးခမျာ အားနာ၍လားမသိ ယမင်းကို တင်းကျပ်စွာ ဖက်ထားလိုက်လေတော့သတည်း။ ။

လူသားအားလုံးကို ရယ်မောစေလိုတဲ့. .

အချော့တော်



BURMESE CLASSIC .com


ဂမ္ဘီရသည်းဖို လုံးချင်းဝတ္ထုဖတ်လိုကြသူများအတွက်

မောင်သွေးရင့်

စမ်းချင်ရာစမ်း ဆရာဂျမ်း

(ဂမ္ဘီရသည်းဖိုလုံးချင်းဝတ္ထုသစ်)

* ရေခဲတုံးနှင့် စီးကရက်မီးညှိနည်း...

* တံတွေးနှင့်ထွေးရုံနှင့် စက္ကူများမီးထတောက်စေနည်း..

* မီးခဲရဲရဲကို ဝါးစားပြနည်း...ပြဒါးမှရွှေဖြစ်ပုံများ...

စသည်

သိပ္ပံနည်းကျ လက်တွေ့စမ်းသပ်နိုင်မည့်နည်းများကို ဖော်ထုတ်ရေးသားထားချက်များနှင့်အတူ ရေးဖွဲ့ထားသော ဂမ္ဘီရရင်ထိတ်သည်းဖိုဇာတ်လမ်းကောင်းတစ်ပုဒ်

စာဖောင် (၂၀)ကျော်၊ ထူထူခန့်ခန့်

မကြာမီထွက်မည်။

(စာမူခွင့်ပြုချက် - ၅၀၁၆၈၁၀၅၁၂)

ဝါသနာစာပေ


www.burmeseclassic.com

www.burmeseclassic.com

ဟာသလုံးချင်းဝတ္ထုသစ်

# အချော့ပေါက်

ချစ်မှာပဲ

♡ ကောင်မလေးရေ..
အချစ်ဆိုတာ ချိုမြိန်ပါသတဲ့

♡ ဒါဆို..
မင်းကသကြား ..ငါကမင်းကျွတ်သီးဖြစ်
ကဲ..တို့နှစ်ယောက်ဘယ်လိုချစ်ကြမလဲ
ပြော..

♡ ဘာပဲဖြစ်ဖြစ် ..
တို့ကတော့ချစ်မှာပဲ
ဂစ်..

BURMESE CLASSIC .com



www.burmeseclassic.com